# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၀၃၆)


## ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးနိုင်ရေး မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

(၄–၁၁–၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိပြီး ရောဂါကူးစက်ဖြစ်ပွားနေမှုအခြေအနေအရ Stay at Home အဖြစ် သတ်မှတ်ထားသည့် မြို့နယ် များအပါအဝင် အခြားမြို့နယ်များမှ မဲဆန္ဒရှင်အားလုံး ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ဆန္ဒမဲပေးနိုင်ရေး လျာထား ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် Stay at Home အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်ကြသည့် ပြည်သူများအား သတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေအတွင်းရှိ ကြိုတင်ဆန္ဒမဲပေးရမည့်နေရာများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ ဆန္ဒမဲပေးရန်သွားရောက်ခြင်းများအတွက် ခြွင်းချက်ဖြင့် သွားလာခွင့်ပြုကြောင်း ၂၅–၁၀–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၃၅ /၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် မဲရုံများအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်နိုင်ရေး လူ ၃၀ ဦးထက်ပို၍ စုဝေးခြင်းကို ခွင့်ပြုကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၅–၁၀–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၁၃၇/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ Stay at Home အဖြစ် သတ်မှတ်ထားသော မြို့နယ်များအပါအဝင် အခြားမြို့နယ်များမှ မဲဆန္ဒရှင် စာရင်းတွင်ပါဝင်ပြီး ကြိုတင်ဆန္ဒမဲ မပေးရသေးသော မဲဆန္ဒရှင်များအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသား တစ်ဦးအား ပေးအပ်ထားသည့် ရွေးကောက်တင်မြှောက်ခွင့် မဆုံးရှုံးစေရန်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့သွားရောက်၍ ဆန္ဒမဲပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ ဆက်လက်ရောက်ရှိ




နေပြည်တော် နိုဝင်ဘာ ၄

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ၊ ကုသရေး အတွက် ဖြန့်ဝေပေးမည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထား သော ပစ္စည်းများ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် (ဝဲပုံ) နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက် ရောက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ အထူးလေယာဉ် ငါးခေါက်၊ မန္တလေး အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ခုနစ်ခေါက် ရောက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❋

**ရန်ကုန်တက္ကသိုလ်နှင့် အင်းလျားကန်သာ**


စာ ➤ ၆၊ ၇




**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ရွေးကောက်ပွဲနေ့တွင် ဆန္ဒပြမှုများမရှိဘဲ ငြိမ်းချမ်းစွာ မဲပေးခဲ့**


စာ ➤ ၁၂





# တက္ကသိုလ် ဝေါဟာရ

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ဆောင်းပါးများ၊ ကဗျာများ၊ တေးသီချင်းများနှင့်အတူ တက္ကသိုလ်၏ပုံရိပ်များကို ပြန်လည်မြင်တွေ့ခံစားနေကြရပြီ။ တက္ကသိုလ်ဆိုသော ဝေါဟာရကို အနက်ဖွင့်ဆိုပါက အဆင့်မြင့်ပညာရပ်များကို သင်ကြားပို့ချဆည်းပူးရာ ကျောင်းကြီးအဖြစ် ယနေ့ခေတ်တွင် အလွယ်တကူနားလည်နေကြပြီဖြစ်သော်လည်း ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်စဉ်ကာလကမူ တက္ကသိုလ်ဟူသည့် ဝေါဟာရ မပေါ်ပေါက်သေး။ အင်္ဂလိပ်ဝေါဟာရအားဖြင့် ရန်ကုန်ယူနီဗာစီတီ (Rangoon University) ဟူ၍သာ။

ကိုလိုနီလက်အောက်ခံ ကျွန်နိုင်ငံဘဝတွင် ရုံးသုံးဘာသာသည် အင်္ဂလိပ်ဘာသာ၊ အင်္ဂလိပ်စာ။ သို့ဖြစ်သည့်အလျောက် မြန်မာဘာသာ စာနှင့်စကားတို့မှာ အနိမ်ခံဘဝတွင် ရှိနေခဲ့ရပြီး တက္ကသိုလ်တွင် သင်ကြားသည့်ဘာသာရပ်များအားလုံးကို မြန်မာဘာသာမှလွဲ၍ အင်္ဂလိပ်လိုသာ သင်ကြားခဲ့သည်။ တက္ကသိုလ်နှင့်သက်ဆိုင်သည့် ဝေါဟာရအသုံးအနှုန်းများအားလုံးမှာလည်း အင်္ဂလိပ်လိုသာ ရှိနေခဲ့သည့်အတွက် ပြင်ပအရပ်ဘက်ပုဂ္ဂိုလ်များ၊ သတင်းစာများတွင် ခေါ်ဝေါ်သုံးစွဲသည့်အခါ ယူနီဗာစီတီကျောင်းတော်ကြီး၊ မဟာသိပ္ပံကျောင်းတော်ကြီး စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ မြန်မာဘာသာအားဖြင့် ခိုင်မြဲသည့်၊ အသုံးတွင်သည့် ဝေါဟာရအခေါ်အဝေါ်များ မရှိခြင်းကြောင့် ရန်ကုန်ယူနီဗာစီတီ တည်ထောင်ပြီးနောက် ၁၀ နှစ်ခန့်ကြာသည့်အခါကျမှသာ တက္ကသိုလ်ဟူသော ဝေါဟာရသည်လည်းကောင်း၊ တက္ကသိုလ်နှင့် ဆက်စပ်လျက် ဘွဲ့နှင်းသဘင်၊ အဓိပတိ၊ ကထိက၊ နည်းပြဆရာ၊ သရုပ်ပြဆရာ၊ ဝိဇ္ဇာဘွဲ့ရ၊ သိပ္ပံဘွဲ့ရ စသည်ဖြင့် ယခင်က မြန်မာစာပေ၊ မြန်မာစကားတွင် မရှိခဲ့သည့် ဝေါဟာရများသည်လည်းကောင်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၁၉၃၀ ပြည့်နှစ် စက်တင်ဘာလအတွင်း တက္ကသိုလ်ဆိုင်ရာအင်္ဂလိပ်ဝေါဟာရများကို မြန်မာဘာသာပြန်ဆိုရာ၌ တက္ကသိုလ်အာဏာပိုင်များ၊ ဆရာကြီး ဦးဖေမောင်တင် ဦးဆောင်သည့်ပညာရှင်များနှင့် ပြင်ပမှ စာပေပညာရှင်များ ပါဝင်နှီးနှောဖလှယ်ကြပြီး University ဟူသော အင်္ဂလိပ်ဝေါဟာရကို တက္ကသိုလ်ဟူ၍ မြန်မာမှုပြုခြင်းအား ကန့်ကွက်မှုများရှိသည့်ကြားမှ အတည်ပြုနိုင်ခဲ့ကာ မြန်မာဝေါဟာရ အသစ်များပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာစာပေအတွက် ဝေါဟာရများဖြည့်တင်းပေးခဲ့ခြင်းဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်ခံဘဝကျရောက်နေရသည့်အချိန်တွင် မိမိတို့၏ ကိုယ်ပိုင်စာ၊ စကားတို့ကို တန်ဖိုးထားမြှင့်တင်အားထုတ်ခဲ့သည့် ဘိုးဘေးတို့၏ကျေးဇူးတရားကို အောက်မေ့သတိရခြင်းနှင့်အတူ မိမိတို့၏ခေတ်ကာလတွင်လည်း တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် မြှင့်တင်အားထုတ်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာသဖွယ် ကျဉ်းကျုံ့လာပြီး ယဉ်ကျေးမှုများလည်း ကူးလူးယှက်သွယ်နေသည့်အလျောက် အသစ်အသစ်သော ပညာရပ်များ၊ ဝေါဟာရများကိုလည်း မိမိတို့၏နေ့စဉ်ဘဝများတွင် ထိတွေ့သုံးစွဲနေကြသည်။ စာပေသည်လည်းကောင်း၊ ဘာသာစကားသည်လည်းကောင်း အမြဲရှင်သန်နေရမည်ဖြစ်သည့်အပြင် ပို၍ပို၍အဆင့်မြင့်လာရမည်၊ ပြည့်စုံကြွယ်ဝလာရမည်ဖြစ်သည်။ မိမိတို့၏ဘာသာစာပေ ထာဝရရှင်သန်ရေး၊ အဆင့်မြင့်ကြွယ်ဝလာရေးမှာ မိမိတို့၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံရပ်ခြားဘာသာစကားတို့ကို အလွယ်တကူသုံးစွဲခြင်း၊ မိမိဘာသာစကား၌ ရှိရင်းဝေါဟာရနှင့် အသုံးအနှုန်းတို့ကိုပင် မျက်ကွယ်ပြုကာ နိုင်ငံရပ်ခြား ဝေါဟာရအသုံးအနှုန်းတို့ကို မဆင်မခြင်သုံးစွဲခြင်းတို့က မိမိတို့ ဘိုးဘွားများ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်၊ ကြိုးပမ်းအားထုတ်မြှင့်တင်ခဲ့သည့် မိမိတို့၏ ကိုယ်ပိုင်စာ၊ စကားတို့ကို တန်ဖိုးမထားရာရောက်မည်ဖြစ်သည်။

" ဘာသာမျိုးခြား စာစကား၊ သင်ကြားသင့်သည်မှတ် " ဟူသော ဆုံးမစကားရှိသည်နှင့်အညီ နိုင်ငံခြားဘာသာစာပေတို့ကို ခြေခြေမြစ်မြစ်၊ အဆင့်အတန်းရှိရှိ လေ့လာသင်ယူကာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရမည်ဖြစ်သလို မိမိတို့၏ ဘာသာစာပေတို့ကို ထိန်းသိမ်းမြှင့်တင်ရန်မှာလည်း ခေတ်ကာလတိုင်းတွင် ထာဝရတည်ရှိနေမည့် အမျိုးသားရေးတာဝန်ဟူ၍ ခံယူနိုင်ကြပါစေကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ကယားပြည်နယ်တို့တွင်နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးမြင့်သူ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၅

ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်သူ သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စ တာတီယာနာ ဗဲလ်လိုဗယ်ယာထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

## ငါးနှစ်မှ တစ်ကြိမ်သာ

❖ နိုင်ငံသားဖြစ်မြောက်
ပြည်သူတစ်ယောက်ရဲ့
ရသင့်တဲ့အခွင့်အရေး
သင့်ကိုပေးထား
မဲတစ်ပြားစီ
သာတူညီမျှ
ကိုယ့်ဆန္ဒအလျောက်
ဦးနှောက်နှင့်တွေး
မဲသွားပေးဖို့
ရွေးကောက်ပွဲကြီး
နီးထက်နီးလာ
လွတ်လပ်စွာပဲ
သေချာမွေနှောက်
ကောက်သင်းကောက်သို့
တစ်ယောက်ချင်းကောင်း
အားလုံးကောင်းသည့်
အကောင်းတွေစု
ခေါင်းဆောင်မှုမှန်ကန်
ရရှိရန်မှာ
သင့်ဝန်တာမို့
အနာဂတ်မျှော်တွေး
သည်အခွင့်အရေးက
"ငါးနှစ်မှတစ်ကြိမ်သာ, ရနိုင်သည်" ။ ။

ဟသ်ာတမြင့်ငွေ

## ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှချေးငွေ ဂျပန်ယန်း ၄၂ ဒသမ ၇၇၉ ဘီလီယံ ရယူရေးဆိုင်ရာ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်တို့ကို လက်မှတ်ရေးထိုး



နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနက ဆောင်ရွက်မည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ ပဲခူး-ကျိုက်ထိုလမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အိုဒီအေချေးငွေ ဂျပန်ယန်း ၂၇ ဒသမ ၇၇၉ ဘီလီယံနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်က ဆောင်ရွက်မည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့်-၃) အတွက် အိုဒီအေ ချေးငွေ ဂျပန်ယန်း ၁၅ ဘီလီယံတို့အတွက် လဲလှယ်မှုစာချွန်လွှာများ (Exchange of Notes) နှင့် ချေးငွေစာချုပ်များ (Financing Agreements) ကို ယနေ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

လဲလှယ်မှု စာချွန်လွှာများကို မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ တို့ကလည်းကောင်း၊ ချေးငွေစာချုပ်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ မြန်မာနိုင်ငံ ရုံးခွဲအကြီးအကဲ ဆာကာခုရနိုရိဂျိ တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ ပဲခူး-ကျိုက်ထိုလမ်းသစ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီး ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေသည့်အပြင် ပြည်တွင်း ပြည်ပကုန်သွယ်မှု ပိုမိုတိုးတက်လာစေခြင်း၊ ရန်ကုန်-ပဲခူး-မြဝတီလမ်း၏ အတိုဆုံးလမ်းကြောင်းဖြစ်သဖြင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးနှင့် ပဲခူးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်နိုင်သော ယာဉ်ကြောပိတ်ဆို့မှုများနှင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်းတို့ကို ဖြေရှင်းပေးနိုင်ခြင်း၊ အာဆီယံနိုင်ငံများဖြစ်သော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ ဆက်သွယ်ထားသောလမ်းမကြီးဖြစ်ရာ အာဆီယံ အသိုက်အဝန်းရှိ ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားသို့ လမ်းပန်းဆက်သွယ်မှုတိုးမြှင့် ကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထို့ပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့်-၃) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော MSMEs လုပ်ငန်းများ ပြန်လည်အားကောင်းလာစေရန် အတိုးနှုန်းသက်သာသော ချေးငွေများဖြင့် ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဇေယျာသီရိမြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်တို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ပြည်သူ့အကျိုးပြုမှတ်တိုင်များ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Conference Room သို့ ရောက်ရှိရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အစီအစဉ်များ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များ၊ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အစီအစဉ်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုသဘင်အတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ ဝန်ကြီးဌာနများ၏ ပြည်သူ့အကျိုးပြုမှတ်တိုင်များအစီအစဉ် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ News Studio (1) နှင့် (2) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပုံနှိပ်စက်ရုံသို့ရောက်ရှိရာ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

### ရန်ကုန်တက္ကသိုလ်ရာပြည့်

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမသို့ရောက်ရှိရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်တက္ကသိုလ်ရာပြည့် အကြို ခေါင်းကြီး၊ ဆောင်းပါး၊ အင်တာဗျူးများ ဖော်ပြနေမှုနှင့် ၂၀၁၆-၂၀၂၀ အထိ ပြည်သူ့အကျိုးပြုမှတ်တိုင်များ ဖော်ပြနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အကြံပြုဆွေးနွေးသည်။

### ဒစ်ဂျစ်တယ်မီဒီယာကူးပြောင်းမှု

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဌာနများသို့ ရောက်ရှိစဉ် ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်းဖြစ်၍ မိမိတို့၏ သတင်းထုတ်ပြန်ရေးကိစ္စများနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ် – ၁၉ နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်သွားရေး၊ ရုပ်ရှင်ရာပြည့်နှင့် ပတ်သက်၍ ထုတ်လွှင့်ဖော်ပြခဲ့မှု၊ လတ်တလောတွင် ရန်ကုန်တက္ကသိုလ်ရာပြည့်နှင့် ပတ်သက်၍ ထုတ်လွှင့်ဖော်ပြနေမှုများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ပြည်သူ့အကျိုးပြုမှတ်တိုင်များ ဖော်ပြနေမှုများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပိုမိုပြည့်စုံကောင်းမွန်အောင် စီစဉ်ဆောင်ရွက်သွားရေး၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အမှားအယွင်း ကင်းစင်ရေး၊ ဒစ်ဂျစ်တယ်မီဒီယာအသွင်ကူးပြောင်းမှု၊ နည်းပညာပြောင်းလဲမှုတို့နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

## စတုတ္ထအကြိမ် အဆင့်မြင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

စတုတ္ထအကြိမ် အဆင့်မြင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ နိုင်ငံတကာ စာတမ်းဖတ်ပွဲ (The 4th International Conference on Advanced Information Technologies) (ICAIT 2020) အခမ်းအနားကို ရန်ကုန်မြို့ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက်များတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး က Internet of Things (IOT), Big Data, အသိဉာဏ်တုနှင့် စက်ရုပ်နည်းပညာများသည် စက်ရုံအလုပ်ရုံများနှင့် လူသားအင်အားစုများနေရာတွင် အစားထိုးဝင်ရောက်လာကြသဖြင့် Industry 4.0 နှင့် လိုက်လျောညီသော Education 4.0 ကိုဖော်ဆောင်လာကြပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆရာ ဆရာမများ၏ စွမ်းဆောင်မှု အခန်းကဏ္ဍများကို တိုးမြှင့်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ အတွေးအမြင်၊ တန်ဖိုးထားမှုတို့ကို ဖြည့်ဆည်းပေးသူများ ဖြစ်လာကြပါကြောင်း၊ သို့ဖြစ်ရာ ဆရာ ဆရာမများ အပါအဝင် ပညာရေးဝန်ထမ်းများအား ဒစ်ဂျစ်တယ်နည်းပညာများကို ပံ့ပိုးပေးကြရမည်ဖြစ်ပါကြောင်း။




စတုတ္ထအကြိမ် အဆင့်မြင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပစဉ်။ သတင်းစဉ်

ပညာရေးအရည်အသွေးမြှင့်တင်ရာတွင် မူဝါဒ၊ စီမံကိန်းလုပ်ငန်းများ၊ အမျိုးသားအရည်အသွေး အညွှန်းဘောင်၊ Credit Transfer စနစ်၊ အရည်အသွေး အဆင့်အတန်း အသိအမှတ်ပြုမှု၊ အလုပ်အကိုင်ရရှိရေး၊ ဘဝတစ်သက်တာသင်ယူမှု၊ လေ့လာဆန်းစစ်မှုနှင့် အကဲဖြတ်မှု၊ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းမှုတို့သည် လွန်စွာအရေးကြီးလှပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် ပညာရေးကဏ္ဍအပါအဝင် ကမ္ဘာပေါ်ရှိ ကဏ္ဍစုံအပေါ် သက်ရောက်မှုရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်း (MDEP) ကို တည်ဆောက်ကာ အခြေခံပညာကျောင်းများအတွက် အွန်လိုင်းသင်ခန်းစာများကို လွှင့်တင်ပေးထားပါကြောင်း၊ ရုပ်မြင်သံကြားသင်ခန်းစာများကို ပညာရေးရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနှံ့ သင်ယူမှုအခွင့်အလမ်းမြှင့်တင်နိုင်ရန်အတွက် ရုပ်မြင်သံကြားလိုင်းများ၊ FM ရေဒီယို အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အင်တာနက်လက်လှမ်းမမီသော ဝေးလံခေါင်ဖျားဒေသများမှကျောင်းသားများအတွက် ဒစ်ဂျစ်တယ်သင်ခန်းစာများကို DBE Box နှင့် DBE Stick များဖြင့် သင်ယူလေ့လာနိုင်ရန် ပံ့ပိုးပေးပြီးဖြစ်ကာ DBE Box နှင့် DBE Stick များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ် ၁၆ ကျောင်းတွင် ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် တိုးမြှင့်ဆောင်ရွက်ခြင်းကို စမ်းသပ်ကျင့်သုံးနိုင်ရန် အားပေးဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုများဖြည့်ဆည်းပေးနိုင်မည့် တက္ကသိုလ်သင်ရိုးညွှန်းတမ်းများ ဖြစ်လာစေရေးအတွက် ပြန်လည် သုံးသပ်အဆင့်မြှင့်တင်သွားရန် အားပေးသွားမည်ဖြစ်ပါကြောင်း၊ ဘဝတစ်သက်တာသင်ယူမှု အခွင့်အလမ်းများကို အတန်းတွင်းသင်ယူမှု၊ အွန်လိုင်းသင်ယူမှုနှင့် ပေါင်းစပ်သင်ယူမှုတို့ဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ စတုတ္ထအကြိမ် အဆင့်မြင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲတွင် နိုင်ငံတကာနှင့် ပြည်တွင်းတက္ကသိုလ်များမှ စာတမ်းပေါင်း ၄၁ စောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများလက်ခံ၊ ဖြန့်ဖြူးရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ၊ Volunteer များအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ကိုဗစ် - ၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးမောင်မောင်ဝင်း၊ ဦးကျော်မျိုး၊ ဦးမြင့်ကြိုင်၊ ဦးစိုးအောင်နှင့်အမြဲတမ်းအတွင်းဝန်များ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုဗစ် - ၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေးနှင့် ပတ်သက်သည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ခံဝန်ကြီးများသည် Virtual Meeting (Zoom) ဖြင့် တက်ရောက်ကြသည်။

### ဦးစားပေးဖြန့်ဝေပေးပို့

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ ဗဟိုကော်မတီအနေဖြင့် လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျဝန်ထမ်းများ၊ Volunteer များ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအပြည့်အဝရရှိစေပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မဲပေးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို တရုတ်နိုင်ငံမှ ဝယ်ယူ တင်သွင်းကာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ အချိန်မီဖြန့်ဝေလျက်ရှိပါကြောင်း၊ ယင်း ကာကွယ်ရေးပစ္စည်းများသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာရာ ရန်ကုန်နှင့် မန္တလေးလေဆိပ်တို့တွင် စနစ်တကျ လက်ခံရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ ဆက်လက်ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ယင်းပစ္စည်းများအား နေ့စဉ်ရောက်ရှိမှုအခြေအနေအရ ဦးစားပေးနယ်မြေအလိုက် စနစ်တကျ ပေးပို့လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များကို အဓိကဦးစားပေးအနေဖြင့် ဖြန့်ဝေပေးပို့လျက်ရှိပါကြောင်း။

### လိုအပ်ချက်များ ဆွေးနွေး

တရုတ်နိုင်ငံမှ ပေးပို့သောပစ္စည်းများသည် ရန်ကုန်လေဆိပ်သို့ အောက်တိုဘာ ၁၇ ရက်တွင် လည်းကောင်း၊ မန္တလေးလေဆိပ်သို့ အောက်တိုဘာ ၂၄ ရက်တွင် လည်းကောင်း စတင်ရောက်ရှိခဲ့ရာ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်လေဆိပ်သို့ လေယာဉ်ခေါက်ရေ ၇၄ ခေါက်၊ မန္တလေးလေဆိပ်သို့ အခေါက် ၄၀ စုစုပေါင်း လေယာဉ်ခေါက်ရေ ၁၁၄ ခေါက်ရောက်ရှိပြီး ဖြစ်ပါကြောင်း၊ ယခုအခါ မှာယူထားသည့်ပစ္စည်းများသည် အားလုံးနီးပါးရောက်ရှိနေပြီဖြစ်ပြီး အရေအတွက် အနည်းငယ်သာရောက်ရှိရန် ကျန်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကာကွယ်ရေးပစ္စည်းများကို တရုတ်နိုင်ငံဘက်မှ အလုပ်ပိတ်ရက် ကန့်သတ်ချက်များ ရှိသည့်ကြားမှ မှာယူရသည့်အပြင် နိုင်ငံတကာလေကြောင်းလိုင်းများ အကန့်အသတ်ဖြင့် ပြေးဆွဲနေသည့်ကြားမှ အချိန်လုပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အချိန်တိုအတွင်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခင်အစည်းအဝေးတွင် ပြောကြားခဲ့သည့်အတိုင်း ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများအား သက်ဆိုင်ရာမဲရုံများသို့ ဖြန့်ဝေပေးပြီးပါက ပိုလျှံသောပစ္စည်းများကို စာရင်းဇယားများဖြင့် စနစ်တကျပြန်လည်အပ်နှံရေး၊ ပစ္စည်းများသယ်ယူပို့ဆောင် ဖြန့်ဖြူးရာတွင် သုံးစွဲကုန်ကျခဲ့သည့် ကုန်ကျစရိတ်များအား လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ စနစ်တကျ ပြန်လည်တင်ပြတောင်းခံရေး အလေးထား ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ယခု အစည်းအဝေးတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံရရှိမှု၊ သက်ဆိုင်ရာမဲရုံများသို့ ဆက်လက်ဖြန့်ဖြူးမှု၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ မိမိတို့ ဗဟိုကော်မတီက ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ Virtual Meeting (Zoom) ဖြင့် တက်ရောက်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ခံဝန်ကြီးများက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများအား ရန်ကုန်နှင့် မန္တလေးလေဆိပ်များတွင် လက်ခံရရှိမှုနှင့် သယ်ယူမှုအခြေအနေ၊ သက်ဆိုင်ရာမဲရုံအသီးသီးသို့ ဆက်လက်ဖြန့်ဖြူးဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ လက်ကျန်ပစ္စည်းများအား ပြန်လည်အပ်နှံနိုင်ရေးနှင့် ကုန်ကျစရိတ်များ တွက်ချက်ထားရှိမှုအခြေအနေ၊ ရွေးကောက်ပွဲမကျင်းပမီ သက်ဆိုင်ရာမဲရုံများသို့ အချိန်မီရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

### စနစ်တကျ အသုံးပြုဆောင်ရွက်

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုတင်ပြချက်များအရ အရေးကြီးသည့် ကာကွယ်ရေးပစ္စည်းများသည် သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ရောက်ရှိသည့်ပစ္စည်းများအား သတ်မှတ်ချိန်တွင် ထိရောက်လုံခြုံစွာ စနစ်တကျ အသုံးပြုဆောင်ရွက်ကြရေးအတွက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် ယခုလုပ်ငန်းစဉ်အား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

### အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဝေ

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ ၊ Volunteer များအတွက် တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ဖြစ်သည့် KN 95 Mask ၃၅ သန်း အနက် ၃၄ သန်းကျော်၊ Examination Gloves PVC (Vinyl) ၁၀ သန်းအနက် နှစ်သန်းကျော်၊ Face Shield ကိုးသန်း အနက် ရှစ်သန်းခန့်၊ Surgical Gowns နှစ်သန်း ငါးသိန်းအနက် ရှစ်သိန်းခန့် ၊ Surgical Cap နှစ်သန်းအနက် လေးသိန်းကျော်၊ Protective Face Mask ငါးသိန်း၊ PPE (Coverall) ငါးသိန်းအနက် လေးသိန်း ငါးသောင်းကျော်၊ Goggles ငါးသိန်းအနက် လေးသိန်း၊ Surgical Gloves ငါးသိန်း၊ Boots ငါးသိန်းအနက် သုံးသိန်းကျော်၊ Boots Cover ငါးသိန်းအနက် တစ်သိန်းကျော်တို့သည် နိုဝင်ဘာ ၂ ရက်အထိ လေယာဉ် ခေါက်ရေ ၁၁၄ ခေါက်ဖြင့် ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ အချိန် နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဝေခဲ့ကြောင်းနှင့် ကျန်ရှိသော ကာကွယ်ရေးပစ္စည်းများသည် နိုဝင်ဘာ ၅ ရက်အထိ သက်ဆိုင်ရာလေဆိပ်များသို့ ရောက်ရှိလာမည်ဖြစ်ပြီး သက်ဆိုင်ရာမဲရုံများသို့ ရွေးကောက်ပွဲမကျင်းပမီ အချိန်မီရောက်ရှိနိုင်ရေး ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ရှေ့ဖုံးမှ*

ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Boots များနှင့် PPE Medical Protective clothing များ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိစဉ်။
သတင်းစဉ်

---

## ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်းပြသမည်

**နေပြည်တော် နိုဝင်ဘာ ၄**

ရန်ကုန်တက္ကသိုလ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် တက္ကသိုလ်ဖွဲ့တေးသီချင်း အပုဒ် ၁၀၀ ကို အပတ်စဉ် သောကြာနေ့တိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ရာ နိုဝင်ဘာ ၆ ရက် ညတွင် ပွဲစဉ် (၄) အဖြစ် ဂီတမှူး စန္ဒရားဇေယျာမင်း မြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ခင်မောင်ကြီး၊ စန္ဒရား ဘသန်းတင်၊ မိုးထက်မြင့်၊ ဘုန်းသစ်၊ ခင်ညွန့်ရည်၊ နှင်းရည်သန့်၊ စိမ်းလဲ့လဲ့ ၊ စိမ့်နေခြည်၊ သွန်း၊ အိုပြည့်ရှင်၊ အေးမြဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို နိုဝင်ဘာ ၈ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ်ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရမည်းသင်းမြို့ လျှပ်စစ်ဝန်ထမ်းများအား ကိုဗစ် - ၁၉ ကာလ ဆန်နှင့် ဆီများ ထောက်ပံ့လှူဒါန်း

**ရမည်းသင်း နိုဝင်ဘာ ၄**

ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးရှေ့တွင် အောက်တိုဘာ ၂၈ ရက်က လျှပ်စစ်ဝန်ထမ်း ၈၀ နှင့် လျှပ်စစ်ကျွမ်းကျင်ပြင်ပလုပ်သား ၂၅ ဦး စုစုပေါင်း ၁၀၅ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၁၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၀၆၀၅၀၀ တန်ဖိုးရှိသော ဆန်၊ ဆီများကို ရမည်းသင်း ဆင်ဖြူတော် လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးတင်ဦးက ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ခရိုင်လျှပ်စစ် ဒုတိယမန်နေဂျာ(EE) ဦးအောင်ဇော်မြင့်က ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီးနောက် မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးမျိုးမြင့်ကလည်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတအသင်းများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးခြင်းနှင့် အကြံပြုတင်ပြခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအသင်းများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးခြင်းနှင့် အကြံပြုတင်ပြခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက စေတနာ့ဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်နေသူအားလုံးသည် ကိုဗစ်-၁၉ ဆိုင်ရာ အသွားအလာကန့်သတ်ရာနေရာများ၊ အနံ့ပျောက်လက္ခဏာရှိသူများ ထားရှိရာနေရာများ၊ ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများတွင် လည်းကောင်း၊ လူနာနှင့်ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းရာတွင် လည်းကောင်း၊ ကိုဗစ်-၁၉ သံသယလူနာများနှင့် လူနာများအား သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း အမျိုးမျိုးသော လုပ်ငန်းများတွင် မိမိ၏ကိုယ်ကျိုးမပါဝင်သော်လည်း မိမိ၏ကိုယ်ပိုင်အရေးကိစ္စသဖွယ် စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းအဖွဲ့များ၏ ပံ့ပိုးဆောင်ရွက်ချက်များသည် ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ထိန်းချုပ်မှုလုပ်ငန်းများ အောင်မြင်စေရန်အတွက် မဖြစ်မနေလိုအပ်ပြီး အရေးကြီးပါကြောင်း။



## ချိတ်ဆက်ဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးတွင် ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လုပ်ငန်းများစွာကို ပါဝင်ပံ့ပိုး ဆောင်ရွက်နေသည့် အသင်းအဖွဲ့များ များပြားသဖြင့် လုပ်ငန်းများ ပိုမို၍ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ ပိုမိုထိရောက်စေရန်၊ လုပ်ငန်းဆောင်ရွက်မှုများ ထပ်မနေစေရန်နှင့် လိုအပ်သည်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပိုမိုပံ့ပိုးဖြည့်ဆည်းနိုင်ရန်တို့ အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး သုံးပွင့်ဆိုင်အဖွဲ့တစ်ခု ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ပျံ့နှံ့မှုပုံသဏ္ဌာန်၊ ရောဂါပိုး၏ သဘောသဘာဝအခြေအနေ၊ မိမိတို့တွင်ရှိသော အရင်းအမြစ် စသည့်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော အခြေအနေများနှင့် ကိုက်ညီစွာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့်ကူးစက်ပြီး လျင်မြန်စွာ ကူးစက်ပျံ့နှံ့သော ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ရာတွင် လျင်မြန်စွာ ဆုံးဖြတ်ချက်ချမှတ်ကာ တုံ့ပြန်ချက်သည် အထူးအရေးကြီးသဖြင့် မှန်ကန်သောသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိစေရန် မိမိတို့ကြိုးစားလျက်ရှိပြီး အတတ်နိုင်ဆုံး စနစ်တကျချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း။

## မှတ်တမ်းတင်စာအုပ် ထုတ်ဝေသွားမည်

အစွမ်းထက်မြက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးပေါ်ထွက်လာပြီး လူဦးရေအများစု မရရှိခင်အချိန်အထိ ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်း၏နောက်တွင်လည်း ကူးစက်မှုလှိုင်းငယ်များ ရှိလာနိုင်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းများကို မိမိအရေးကဲ့သို့ သဘောထားကာ တိကျစွာလိုက်နာပါက အဆိုပါလှိုင်းများ တစ်ခုနှင့်တစ်ခု ဖြစ်ပွားမှုဝေးကွာပြီး မကြီးမားနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ သည် ကျန်းမာရေးကဏ္ဍတွင်သာမက လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်ကဏ္ဍအမျိုးမျိုးကိုပါ ထိခိုက်စေခြင်းဖြစ်သဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းများကို အလေးထားလိုက်နာကြရန် အထူးအရေးကြီးပါကြောင်း၊ ၎င်းလူမှုရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အမြဲဆန်းစစ်သုံးသပ်ကာ အထိရောက်ဆုံး ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ လူမှုရေးအဖွဲ့အစည်းများ၏ ကဏ္ဍအမျိုးမျိုး၌ ကူညီလျက်ရှိသည့် ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အမြဲတမ်းသိရှိသုံးသပ်၍ လိုအပ်သလို ညှိနှိုင်းပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ၎င်းအသင်းအဖွဲ့များ၏ ယခု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးတွင် အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက်ချက်များကို အသင်းအဖွဲ့တစ်ခုချင်းစီက ပြုစုရေးသား၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပေးပို့စေလိုပြီး မိမိတို့ဝန်ကြီးဌာနကစုစည်း၍ မှတ်တမ်းတင် စာအုပ်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း။

ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် လက်ရှိလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ပွင့်လင်းစွာ ပြောကြားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် We Love Yangon အဖွဲ့မှ အတွင်းရေးမှူး ဒေါ်နန့်စုရွှေစင်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ ဦးသက်ကိုကို၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းချုပ် (ဗဟို)မှ အထွေထွေအတွင်းရေးမှူး ဦးဖြိုးကိုကိုဆွေ၊ ဗဟိုပြန်ကြားရေးတာဝန်ခံ ဦးဆန်းလင်းဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စေတနာ့ဝန်ထမ်းဆောင်ရွက်နေသူ ဦးဖြိုးသုခ၊ Myanmar Christian Council ၏ အဖွဲ့ ခေါင်းဆောင် ဦးသာရှီး၊ ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဦးဆောင်သူ ဦးဝေဠုကျော်၊ Golden Middle Way အဖွဲ့ မှ ဥက္ကဋ္ဌ ဦးအောင်သော်၊ Skynet Oxygen Donor and Volunteer အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ အတွင်းရေးမှူး ဦးဒီပြီမ်းလင်း၊ Clean Yangon အဖွဲ့၏ ဥက္ကဋ္ဌ ဒေါ်သဥ္ဇာအေး၊ Volunteer for COVID-19 အဖွဲ့မှ တာဝန်ခံ ဦးရန်နောင်ထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ လူမှုရေးဆိုင်ရာလုပ်ငန်းကော်မတီမှ တာဝန်ခံ ဦးနေမျိုးထွန်း၊ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) ၏ ဒုတိယဥက္ကဋ္ဌ ဦးမိုးညိမ်းနှင့် ဇာမဏီ (မြန်မာ) ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့မှ Coordinator ဦးသန့်စင်တို့က သက်ဆိုင်ရာအသင်းအဖွဲ့အလိုက် ကိုဗစ်-၁၉ ဆိုင်ရာ အသွားအလာကန့်သတ်ရာနေရာများ၊ အနံ့ပျောက်လက္ခဏာရှိသူများထားရှိရာနေရာများ၊ ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများတွင် စေတနာ့ဝန်ထမ်း ဆောင်ရွက်နေမှုများ၊ အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်ခြင်းအပါအဝင် ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အဆောက်အဦပြင်ဆင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးဆောင်ရွက်နေမှုများ၊ အစားအသောက်များနှင့် အသုံးအဆောင်များ ပံ့ပိုးပေးခြင်းများကို လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာ (report) များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လစဉ်ပေးအပ်နေမှုကို လည်းကောင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများတွင် လည်းကောင်း၊ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းရာတွင် လည်းကောင်း၊ ကိုဗစ်-၁၉ သံသယလူနာများနှင့် လူနာများအား လူနာတင်ယာဉ်များအပါအဝင် ယာဉ်အမျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း ပါဝင်ဆောင်ရွက်နေမှုများကို အသီးသီး ဆွေးနွေးပြောကြားကြပြီး လိုအပ်ချက်များကို တင်ပြကြသည်။

## အသေးစိတ်ဆွေးနွေးမည်

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စေတနာ့ဝန်ထမ်းများအတွက် N95 Mask များနှင့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ ပိုမိုပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ အောက်ဆီဂျင်များ လိုအပ်မှုကိုလည်း ဆန်းစစ်မှုများပြုလုပ်ပြီး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအား Rapid Antigen Test Kit များဖြင့် COVID-19 ရောဂါစစ်ဆေးပေးလျက်ရှိပြီး ပိုမိုတိုးမြှင့်စစ်ဆေးပေးရန် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့များက ရရှိသောလှူဒါန်းငွေများဖြင့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး အသုံးအဆောင်များဝယ်ယူရာတွင် ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ မိမိနှင့် သက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအဖွဲ့တို့ ယနေ့မွန်းလွဲပိုင်းတွင် အသေးစိတ်ဆွေးနွေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နိုင်သော ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ပြီး ဝန်ကြီးဌာနအတိုင်းအတာဖြင့် လုပ်ဆောင်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအရ ပရဟိတလူမှုရေးအသင်းများသည် ငွေကြေးအားဖြင့်လည်းကောင်း၊ ပစ္စည်းကိရိယာအားဖြင့်လည်းကောင်း၊ လုပ်အားဖြင့်လည်းကောင်း၊ ပံ့ပိုးမှုများသည် အထူးများပြားပြီး လုပ်ငန်းအမျိုးအစားကဏ္ဍလည်း စုံလင်များပြားပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကာလအတွက်သာမက ရေရှည်အတွက်ပါ အကြံပြုချက်များ ပေးအပ်ခြင်းကို ကျေးဇူးတင်ရှိပါကြောင်း၊ ပရဟိတစေတနာ့ဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် ကြွက်၊ ခြင်၊ ယင်၊ ရေဆိုးရေညစ်တို့မှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ၎င်းအသင်းအဖွဲ့များနှင့် အလှူရှင်များ၏ အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်ခြင်းအပါအဝင် ဆေးရုံကြီးများ အဆင့်မြှင့်တင်ပြင်ဆင်ခြင်းလုပ်ငန်းများသည် ယခု ကိုဗစ်-၁၉ အတွက်သာမက ရေရှည်တွင် နောင်လာနောက်သားများအတွက် များစွာအကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် အရေးပေါ် လူနာတင်ယာဉ် ကြီးကြပ်ကွပ်ကဲမှုစနစ်ကောင်းတစ်ရပ် ပေါ်ပေါက်လာရေးသည် ရေရှည်တွင် အရေးကြီးသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအား စေတနာ့ဝန်ထမ်း လူနာတင်ယာဉ်အဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ လူနာတင်ယာဉ်အသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့် သင်တန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပိုမိုကျယ်ပြန့်စွာပေးအပ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## စေလွှတ်ထားရှိပြီးဖြစ်

မိမိအနေဖြင့် စေတနာ့ဝန်ထမ်း လူနာတင်ယာဉ်များအတွက် စက်သုံးဆီလိုအပ်ချက်အပါအဝင် ယနေ့တင်ပြသော ကိစ္စရပ်များအား "ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့" ၏ နေ့စဉ်အစည်းအဝေးသို့ တက်ရောက်ကာ ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း၊ အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (report) များအပါအဝင် သတင်းအချက်အလက်များကိုသုံးသပ်ကာ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အဖွဲ့တစ်ဖွဲ့အား နေပြည်တော်မှ ရန်ကုန်တိုင်းဒေသကြီးသို့ စေလွှတ်ထားရှိပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါရှာဖွေမှုနှင့် ကုသမှုလုပ်ငန်းများကို မကြာမီ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ လူနာများနှင့် စေတနာ့ဝန်ထမ်းများ၏ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများ သက်သာလျော့ပါးစေရေးအတွက်လည်း ဝန်ကြီးဌာနမှ စိတ်ရောဂါအထူးကုဆရာဝန်များက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့်ညှိနှိုင်း၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဘက်စုံမှ အကျိုးရှိစေရန်အတွက် ရေရှည်ကိုမျှော်မှန်း၍ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအသင်းများမှ တာဝန်ရှိသူများအချင်းချင်း Video Conferencing စနစ်ဖြင့် ပုံမှန်တွေ့ဆုံဆွေးနွေးနိုင်ရန်နှင့် ကွန်ရက်တစ်ခုဖြစ်စေရန်အတွက် ဝန်ကြီးဌာနမှ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး / အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၅ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၊ ပါမောက္ခ ဒေါက်တာထင်အောင်စော၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှ၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါ နှိမ်နင်းရေးဌာနခွဲ) ဒေါက်တာတိုးသီရိအောင်နှင့် ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုး တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်နှင့် အင်းလျားကန်သာ

မြင့်မောင်စိုး

**ရန်ကုန်တက္ကသိုလ်သို့ ပညာသင်ယူတက်ရောက်ခဲ့ဖူးသော ကျောင်းသား ကျောင်းသူတိုင်း အင်းလျား ကန်ပေါင်ပေါ် မရောက်ဖူးသူ ရှိလိမ့်မည်မထင်။ ကျွန်တော်ကိုယ်တိုင်လည်း ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် အကြိမ်များစွာရောက်ခဲ့ဖူးသည်။ အကြောင်းသည်ကား အင်းလျားကန်သည် ရန်ကုန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် အပန်းဖြေအနားယူရန် အကောင်းဆုံးနေရာ ဖြစ်နေခြင်းကြောင့်ပင် ။**




ရန်ကုန်တက္ကသိုလ်အဝင်ဆိုင်းဘုတ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

### ရန်ကုန်တက္ကသိုလ် ကျောင်းသားဖြစ်ခဲ့

သို့သော် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် ကျောင်းသားဖြစ်ခဲ့သည်ဆိုခြင်းမှာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ တက်ရောက်ရသော နေ့တက်ကျောင်းသားအဖြစ် တက်ရောက်ခဲ့ခြင်း မဟုတ်ပါ။ စာပေးစာယူကျောင်းသားအဖြစ်သာ တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ အဝေးသင်ကျောင်းသားတွင် သိပ္ပံဘာသာတွဲ ကျောင်းသားဖြစ်၍ စနေနှင့် တနင်္ဂနွေ တစ်ပတ်နှစ်ရက် တက်ခဲ့ရခြင်းဖြစ်သည်။ ထိုတစ်ပတ်နှစ်ရက် ကျောင်းတက်ရသည်ကိုပင် ကျွန်တော်တို့ အလွန်ပျော်ခဲ့ကြသည်။

ဘွဲ့နှင်းသဘင်ခန်းမ၏ အရှေ့ဘက်၊ အဓိပတိလမ်းမကြီး၏ ဝဲဘက်ခြမ်းတွင် သိပ္ပံဆောင်များရှိသည်။ ကျောင်းဖွင့်သည့်နှစ်ရက်တွင် Lecture လိုက်သည်။ လက်တွေ့သင်ခန်းစာများ လုပ်ကြသည်။ ပြီးတော့ ကန်တင်းထိုင်ကြသည်။ စကားစမြည် ပြောကြ၊ တစ်ဦးနှင့်တစ်ဦးမိတ်ဆွေဖွဲ့ကြနှင့် ရန်ကုန်တက္ကသိုလ်၏ အရသာကိုအပြည့်အဝ မဟုတ်သည့်တိုင် မြည်းစမ်းခွင့်ရခဲ့ပါသည်။

### အဝေးသင်ပညာရေး

ထိုစဉ်က အဝေးသင်ပညာရေးစနစ်သည် ခေတ်အစားဆုံးပညာသင်ကြားမှုပင်ဖြစ်သည်။ နိုင်ငံရေးအခြေအနေကြောင့် နေ့ကျောင်းများ ဖွင့်လှစ်နိုင်ခြင်း မရှိသေးသဖြင့် အဝေးသင်ပညာရေးကိုသာ အလေးထား နေရသောအချိန်ဖြစ်သည်။ အဝေးသင်ပညာရေး ရေစီးကြောင်းပြောင်းလဲလာမှုမှာလည်း တက္ကသိုလ်ပညာရေးပြောင်းလဲမှု၏ တစ်စိတ်တစ်ဒေသဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံတွင် သက်ကြီးတက္ကသိုလ်ဆိုတာ ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုသက်ကြီးတက္ကသိုလ်နေရာတွင် လုပ်သားများကောလိပ်နှင့် အစားထိုးခဲ့သည်။ လုပ်သားကောလိပ်သည် ဗိုလ်တထောင်ဘုရားလမ်းတွင် ရှိသည်။ အလုပ်လုပ်ရင်း ပညာသင်ကြားရသူများအတွက် အလွန်အဆင်ပြေခဲ့သည်။ ထို လုပ်သားများကောလိပ်သည် လည်း အခြေအနေအကြောင်းကြောင်းကြောင့် ရပ်တန့်သွားခဲ့ရသည်။

လုပ်သားများကောလိပ်အစား အဝေးသင်တက္ကသိုလ်နှင့် အစားထိုးလာသည်။ အဝေးသင်ပညာရေးတွင် ဝိဇ္ဇာတွဲနှင့် သိပ္ပံတွဲ ခွဲခြားထားသည်။ ဝိဇ္ဇာတွဲသည် အနီးကပ်သင်တန်းဖြစ်သည်။ စာစဉ်များပေး၍ သင်ကြားမှုလည်းဖြစ်သည်။ သိပ္ပံတွဲကျောင်းသားများသည် စနေနှင့် တနင်္ဂနွေတစ်ပတ် နှစ်ရက်တက်ရခြင်း ဖြစ်သည်။ အဝေးသင်တက္ကသိုလ်ကို လေးနှစ်သင်ကြားပြီးမှ ဘွဲ့ရသည်။ ကျွန်တော်တို့တုန်းက ပထမနှစ်နှင့် ဒုတိယနှစ်ကို ကြည့်မြင်တိုင်ရှိ အာစီသရီးဟုခေါ်သော ဒေသကောလိပ်၌ တက်ရသည်။ ထိုကောလိပ်တွင် နှစ်နှစ်ပညာသင်ရသည်။ ပြီးမှ တတိယနှစ်နှင့် စတုတ္ထနှစ်ကို ရန်ကုန်တက္ကသိုလ်တွင် သင်ရခြင်းဖြစ်သည်။

### ရန်ကုန်တက္ကသိုလ်၏ အငွေ့အသက်

ဤသို့ဖြင့် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် ကျောင်းသားဖြစ်ခဲ့ဖူးသည်။ ရန်ကုန်တက္ကသိုလ်၏ ပညာရည်နို့သောက်စို့ဖူးပါသည်။ ရန်ကုန်တက္ကသိုလ်၏ အငွေ့အသက်၊ ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ဒြပ်အောက်တွင် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်၏ သွန်သင်ပြသမှု၊ ဆိုဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့ရသည်။ သို့အတွက် သစ်ပုပ်ပင်ကြီးအောက်တွင်လည်း ထိုင်ဖူးသည်။ ကံ့ကော်ပန်းရနံ့များကို ရှူရှိုက်ရင်း အဓိပတိ လမ်းမကြီးပေါ်တွင်လည်း လျှောက်ဖူးသည်။ နီနီစွေးစွေး ရဲရဲတောက် စိန်ပန်းပွင့်ချိန်လည်း ကြုံဖူးသည်။ အဝေးသင်ပညာရေး တစ်ခေတ်တွင် ရန်ကုန်တက္ကသိုလ်၏ အရသာကို ကိုယ်တွေ့ကြုံခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်ဟုပြောလျှင် အဝေးသင်ပညာရေးကိုလည်း ထည့်သွင်းဖော်ပြမှ ပြည့်စုံလိမ့်မည်ဟု ကျွန်တော် မှတ်ယူထားသည်။

ယနေ့အချိန်အခါတွင် အဝေးသင်ပညာရေးနှင့် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရကျောင်းပြီးသော အရပ်ဘက်၊ နယ်ဘက်၊ စစ်ဘက်နယ်ပယ်အသီးသီးတို့၌ တာဝန်ထမ်းဆောင်နေကြသူများ အများအပြားပင် ရှိပါသည်။ နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်များကို ထမ်းရွက်လျက်ရှိပါသည်။ အဝေးသင်ပညာရေးသည် ခေတ်စနစ်တစ်ခုအရ ပေါ်ပေါက်ခဲ့သော ပညာရေးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်သည် အဝေးသင်ပညာရေးနှင့် တစ်သီးတစ်ခိုင် တစ်သားတည်းပင် ဖြစ်သည်။

*စာမျက်နှာ ၇ သို့*



### ဆောင်းပါးရှင် မြင့်မောင်စိုး၏ ကိုယ်ရေးအကျဉ်း

- အမည်အရင်းမှာ ဦးမြင့်စိုး ဖြစ်သည်။
- မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပေါက်ကန်ကျေးရွာတွင် အဘ ဦးစီ၊ အမိ ဒေါ်ကြင်မြတို့က ၁၉၆၇ ခုနှစ် ဩဂုတ်လ ၃ ရက် ၊ ကြာသပတေးနေ့၌ မွေးဖွားခဲ့သည်။
- ငယ်စဉ်က မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၊ မိတ္ထီလာမြို့နယ် အ .ထ .က (၄) နှင့် ကြည့်မြင်တိုင် ဒေသကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်တို့၌ ပညာသင်ကြားခဲ့ပြီး B.Sc(Zoology)ဖြင့် ဘွဲ့ရခဲ့သည်။
- ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း လက်အောက်ရှိ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာတို့၌ စာပြင်၊ အငယ်တန်းသတင်းထောက်၊ အကြီးတန်း သတင်းထောက်၊ စာတည်း၊ သတင်းထောက်မှူး တာဝန်များ ထမ်းဆောင်ခဲ့ပြီး မြင့်မောင်စိုး၊ မြင့်စိုး၊ မြင့်မောင် အစရှိသော ကလောင်များဖြင့် သတင်း၊ ဆောင်းပါး၊ ခေါင်းကြီးပိုင်းများ ရေးသားခဲ့သည်။



အင်းလျားကန်၏ မြင်ကွင်းအလှ။ ဓာတ်ပုံ-မြင့်မောင်မောင်

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး





အင်းလျားကန်ဘေးအပန်းဖြေအနားယူကြသူများ။ ဓာတ်ပုံ–မြင့်မောင်မောင်



အင်းလျားမြေညောင်ညိုရိပ်နှင့် ဘူးသီးကြော်ဆိုင်တန်း။ ဓာတ်ပုံ–မြင့်မောင်မောင်

*စာမျက်နှာ ၆ မှ*

ဩော် – အမိတက္ကသိုလ် ရန်ကုန်တက္ကသိုလ်ကြီး တည်ထောင်မွေးဖွားလာခဲ့သည်မှာ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဆိုလျှင် နှစ်ပေါင်း ၁၀၀ ပြည့်မြောက်တော့မည်ပါလား။ ထို နှစ် ၁၀၀ ဆိုသော ကာလအပိုင်းအခြားတွင် အဝေးသင်ပညာရေးသည်လည်း တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေသည်ဆိုခြင်းမှာ အသေအချာပင် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တက်ရောက်ဖူးသူ ကျောင်းသားကျောင်းသူတိုင်းသည် မိမိတို့ကျင်လည်ရာ အခိုက်အတန့်တစ်ခုတွင် သတိရစရာ၊ အမှတ်ရစရာများ ရှိကြပေလိမ့်မည်။ ထိုထက်ပို၍ဆိုရလျှင် လွမ်းမောဖွယ်ရာများ၊ တမ်းတ လွမ်းစရာများ ရှိကြ၊ ကျန်ရစ်ကြမည်သာ ဖြစ်သည်။

## ရန်ကုန်တက္ကသိုလ်နှင့် အင်းလျားကန်

ကျွန်တော့်အတွက်တော့ အင်းလျားကန်သည် သတိရ စရာ၊ အမှတ်ရစရာနေရာတစ်ခုလို့ ဆိုရပေလိမ့်မည်။ အမှန် တကယ်တော့လည်း ရန်ကုန်တက္ကသိုလ်ကို စတင် တည်ထောင်စဉ်ကပင် အကောင်းဆုံး တက္ကသိုလ်ကြီးတစ်ခုအဖြစ် ပုံဖော်ဖန်တီးရန် ရည်ရွယ်လျက် ထိုအင်းလျားကန်ကြီးနံဘေးတွင် တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

အင်းလျားကန်သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ အဓိက အပန်းဖြေအနားယူရာနေရာ တစ်ခုဖြစ်သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ကပ်လျက် တည်ရှိနေခြင်းကပင် အသွားအလာများပြားနေခြင်းဖြစ်သည်။ အင်းလျားလမ်းကို ကျော်လိုက်သည်နှင့် အင်းလျားကန်ကိုရောက်သည်။ ဘွဲ့နှင်းသဘင်ခန်းမ နောက်ပေါက်က ထွက်လိုက်လျှင်လည်း အင်းလျား၏အလှ၊ အင်းလျား၏ ပသာဒကို ခံစားနိုင်သည်။ သို့အတွက်ကြောင့်လည်း အင်းလျားနှင့် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် အင်းလျားကို ခွဲခြား၍မရပေ။ ရန်ကုန်တက္ကသိုလ် အကြောင်းပြောလျှင် အင်းလျားမပါလျှင် မပြီး။ အင်းလျားအကြောင်း ပြောလျှင်လည်း ရန်ကုန်တက္ကသိုလ်အကြောင်း ချန်ထား၍မရဖြစ်မည်သာ။

အင်းလျားကန်သာသည် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းက သစ်ပုပ်ပင်ကြီးလိုပင် အထင်ကရ နေရာတစ်ခုပင် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာနို့ရည်သောက်ဖူးသူတိုင်း သစ်ပုပ်ပင်ကြီး အောက်တွင် နားခိုဖူးသလို အင်းလျားကန်ပေါင်ပေါ်လည်း လျှောက်ဖူးကြပေလိမ့်မည်။ အင်းလျားအလှကို ခံစားဖူးကြမည်သာ။ အထူးသဖြင့်တော့ ရန်ကုန်တက္ကသိုလ်တွင် ပညာရှာရင်း ကြင်ရာပါရသွားကြသည့် ချစ်သူစုံတွဲလေးများ၏ ကွန်းခိုရာနေရာဖြစ်သည်။ ချစ်သူစုံတွဲလေးများ၏ ပျော်စံရာ နေရာပင် မဟုတ်ပါလား။

ထို့ကြောင့်လည်း မြန်မာသံစဉ် ဂန္ထဝင်အဆိုတော်ကြီး




ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ လမ်းညွှန်ဆိုင်းဘုတ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တွံတေးသိန်းတန်က –

"ကျောင်းဖွင့်ချိန် xxx စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ xxx ကံ့ကော်ပန်းတွေနဲ့အတူ သူနဲ့ တွေ့ရာမြေ xxx တက္ကသိုလ် သို့မဟုတ် မြကျွန်းသာ အင်းလျားကန်နယ်မြေ xxx " ဟူ၍ သီဆိုခဲ့လေသည်။

## ပန်းခြံအတွင်းရှိ စိန်ပန်းပင်များ

တက္ကသိုလ်ကျောင်းတော်ကြီးဖွင့်ချိန် နွေအနှောင်းမိုးအဆန်း အခါသမယ ဇွန်၊ ဇူလိုင်လလောက်တွင် စိမ်းစိမ်းနုနု ရွက်ညှာများအထက် ရောယှက်ကာ ပွင့်လန်းနေသော ရဲရဲနီစိန်ပန်းပွင့်များသည် ပင်ယံထက်မှာတစ်မျိုး၊ မြေလွှာထက်မှာတစ်ဖုံ ကြဲပြန့်လျက်ရှိကြသည်။ အင်းလျားကန်ပန်းခြံအတွင်းရှိ စိန်ပန်းပင်များကလည်း အစွမ်းကုန်ပန်းများဖူးပွင့်ဝေဆာလျက်ရှိသည်။

အင်းလျားကန်ပန်းခြံအတွင်း မြက်ခင်းစိမ်းပေါ်တွင် ထိုင်၍အပန်းဖြေ အနားယူနေကြသူများ၊ ရေပြင်ကိုကြည့်လျက် အဝေးသို့ ငေးမောနေကြသူများဖြင့် အေးချမ်းသာယာလျက်ရှိသည်။ နေခြည်နုနု ညနေချမ်းအချိန်အခါမှာတော့ အင်းလျားကန်ပေါင် မြေနီလမ်းလေးအတိုင်း လမ်းလျှောက် အပန်းဖြေကြသူများဖြင့် စည်ကားနေတတ်သည်။ ကန်ပေါင်ထိပ် တစ်ပင်တည်းသော ညောင်ညိုပင်ကြီးအနီး အကြော်ဆိုင်များမှာတော့ တက္ကသိုလ် ကျောင်းသားကျောင်းသူများ အကြော်စားသူစား၊ လက်ဖက်ရည်၊ ကော်ဖီ၊ အအေး သောက်သူသောက်ဖြင့် စည်ကားလို့နေတတ်သည်။ ဘူးသီးကြော်၊ ဘယာကြော် ပူပူနွေးနွေး ကြွပ်ကြွပ်ရွရွလေးစားရင်း အင်းလျားရေပြင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးလေးအရသာကို ခံစားရသည်မှာ ကျောင်းသား ကျောင်းသူတိုင်းအတွက် မေ့ပစ်နိုင်စရာ မဟုတ်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာရှာရင်း အင်းလျားကန်သာမှာ အပန်းဖြေ အနားယူခဲ့ကြသည်။ ကျောင်းသားကျောင်းသူအချင်းချင်း မိတ်ဖွဲ့ကြခဲ့ကြသည်။ စကားစမြည် ပြောကြသည်။ တိုင်ပင် ဆွေးနွေးခဲ့ကြသည်။ ငြင်းခုံပြောဆိုမှုများလည်း ရှိသေးသည်။ အင်းလျားကန်ပေါင်ပေါ်ထိုင်ရင်း ဟိုအကြောင်း၊ သည်အကြောင်း သောင်းပြောင်းထွေလာစကားများ ပြောခဲ့ကြသည်။ တွေးတော ငေးမောခဲ့ကြသည်။

## ပညာတတ်များ မွေးထုတ်ပေးနိုင်ခဲ့

အတိတ်၏အရိပ်သည် အစဉ်တစိုက်လိုက်ပါနေလေသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ဆိုလျှင် ရန်ကုန်တက္ကသိုလ်တည်ထောင်ခဲ့မှု နှစ် ၁၀၀ ပြည့်တော့မည်။ ထို နှစ် ၁၀၀ တည်းဟူသော ရာစုနှစ်တစ်ခုအတွင်း ရန်ကုန်တက္ကသိုလ်မှ စာတတ်ပေတတ်၊ ပညာတတ်များ မွေးထုတ်ပေးနိုင်ခဲ့ပေပြီ။ နိုင်ငံအတွက်၊ ပြည်သူအတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများမွေးထုတ်ပေးနိုင်ခဲ့ပြီ။ တက္ကသိုလ်ကျောင်းသားဘဝ အမှတ်ရစရာ၊ သတိရစရာများ အများအပြားလည်း ဘဝတစ်သက်စာ ကျန်ရှိပေလိမ့်မည်။ ကျွန်တော်တို့ အဝေးသင်တက္ကသိုလ် ကျောင်းသားဘဝသည် တစ်ခဏသာ ရန်ကုန်တက္ကသိုလ်တွင် ကွန်းခိုခွင့်ရခဲ့သော်လည်း တက္ကသိုလ်ကြီး၏ တည်ကြည်ခံ့ညားမှု၊ ထည်ဝါမှု၊ စိန်ပန်းနှင့်ကံ့ကော်တို့၏ ထုံသင်းမှု၊ အင်းလျားကန်၏ အေးချမ်းသာယာမှုများကိုတော့ဖြင့် ဘဝတစ်သက်တာ မေ့နိုင်တော့မည် မဟုတ်ပါတကား။ ။

**"အင်းလျားကန်သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ အဓိကအပန်းဖြေအနားယူရာ နေရာတစ်ခုဖြစ်သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ကပ်လျက်တည်ရှိနေခြင်းကပင် အသွားအလာ များပြားနေခြင်းဖြစ်သည်။ တက္ကသိုလ်ရိပ်သာလမ်းကို ကျော်လိုက်သည်နှင့် အင်းလျားကန်ကိုရောက်သည်။ ဘွဲ့နှင်းသဘင်ခန်းမနောက်ပေါက်ကထွက်လိုက်လျှင်လည်း အင်းလျား၏အလှ၊ အင်းလျား၏ ပသာဒကို ခံစားနိုင်သည်။ သို့အတွက်ကြောင့်လည်း အင်းလျားနှင့် ရန်ကုန် တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် နှင့် အင်းလျားကို ခွဲခြား၍မရပေ"**



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျပ်ဆင်လမ်းအဝင်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



# ကျန်းမာအောင်နေ ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ

အခု လောလောဆယ်မှာအရေးကြီးတာက ကျန်းမာဖို့ပဲ။ ဒီရောဂါကပ်ကြီးကို ကျော်လွှားနိုင်ဖို့ အဓိကပထမဦးဆုံး လုပ်ရမယ့်ကိစ္စက ကျန်းမာနေပြီ ဆိုရင် ဘာမဆိုလုပ်လို့ရတယ်။ မကျန်းမာရင် လုပ်လို့မရဘူး။ ဒါကြောင့် **ကျန်းမာခြင်းသည် အကောင်းဆုံး လာဘ်လာဘဖြစ်တယ်**ဆိုတာ အင်မတန်မှ မှန်ပါတယ်။ ကျန်းမာအောင်နေကြပါ။ ပြီးတော့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြပါ။ အခြေခံကျတဲ့ Mask တပ်ဖို့၊ နှာခေါင်းစည်းတပ်ဖို့ အင်မတန်အရေးကြီးပါတယ်။ အားလုံးကသာ နှာခေါင်းစည်းတပ်မယ်ဆိုရင် ကိုဗစ်ပြန့်ပွားမှုနှုန်းဟာ အများကြီး ကျသွားမှာပါ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအားပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်ဝမ် (တရုတ်-တိုင်ပေ) ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၃ဦး အပါအဝင် မြန်မာနိုင်ငံသားစုစုပေါင်း ၁၄၀ ကိုဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီစဉ်သည့် China Airlines ကုန်တင်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ပုံ)**

ထို့ပြင် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် Asahi Kosei Sdn Bhd ကုမ္ပဏီမှ မြန်မာအလုပ်သမား ၁၅၇ ဦးကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးနှင့် ၎င်းတို့ကုမ္ပဏီမှ ပူးပေါင်းစီစဉ်သည့် Malaysia Airlines လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက်နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**



## ၄-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၉၄၁၇၆ | ၆၂၃၇၂၇၁ | ၂၃၈၆၅၆ |
| ၂။ | အိန္ဒိယ | ၈၃၁၃၈၇၆ | ၇၆၅၆၄၇၈ | ၁၂၃၆၅၀ |
| ၃။ | ဘရာဇီး | ၅၅၆၇၁၂၆ | ၅၀၂၈၂၁၆ | ၁၆၀၅၄၈ |
| ၄။ | ရုရှား | ၁၆၉၃၄၅၄ | ၁၂၆၆၉၃၁ | ၂၉၂၁၇ |
| ၅။ | ပြင်သစ် | ၁၅၀၂၇၆၃ | ၁၂၀၇၁၄ | ၃၈၂၈၉ |
| ၆။ | စပိန် | ၁၃၃၁၇၅၆ | **စိစစ်ဆဲ** | ၃၆၄၉၅ |
| ၇။ | အာဂျင်တီးနား | ၁၁၉၅၂၇၆ | ၁၀၀၉၂၇၈ | ၃၂၀၅၂ |
| ၈။ | ကိုလံဘီယာ | ၁၀၉၉၃၉၂ | ၉၉၃၈၇၇ | ၃၁၈၄၇ |
| ၉။ | ဗြိတိန် | ၁၀၇၃၈၈၂ | **စိစစ်ဆဲ** | ၄၇၂၅၀ |
| ၁၀။ | မက္ကဆီကို | ၉၃၈၄၀၅ | ၆၉၃၂၂၇ | ၉၂၅၉၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၁၇၃၁ | ၃၅၃၂၈၂ | ၁၄၂၅၉ |
| ဖိလစ်ပိုင် | ၃၈၈၁၃၇ | ၃၄၉၀၉၁ | ၇၃၆၇ |
| စင်ကာပူ | ၅၈၀၁၃၆ | ၅၇၉၃၇ | ၂၈ |
| မြန်မာ | ၅၆၉၄၀ | ၄၀၇၇၈ | ၁၃၃၀ |
| မလေးရှား | ၃၆၄၂၅ | ၂၄၈၁၅ | ၂၇၁ |
| ထိုင်း | ၃၈၀၄ | ၃၆၁၂ | ၅၉ |
| ဗီယက်နမ် | ၁၂၀၃ | ၁၀၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၂ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

❊*ကျောဖုံးမှ*

ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ကြသည်။

"ထူးခြားမှုအနေနဲ့က ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ မော်တော်ဆိုင်ကယ်တွေ စီးနင်းခွင့်မရှိဘဲ စီးနင်းမောင်းနှင်နေကြပြီး မော်တော် ဆိုင်ကယ်နဲ့ လုယက်မှု၊ ဒုစရိုက်မှုတွေ ကျူးလွန်လာကြတဲ့အတွက် ကမာရွတ်မြို့နယ်အတွင်းမှာ မော်တော်ဆိုင်ကယ်၊ လျှပ်စစ်ဆိုင်ကယ် စီးနင်းမောင်းနှင် နေတာတွေကို အရေးယူဆောင်ရွက်နေပါတယ်" ဟု တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ရဲထွန်းအောင်က ပြောသည်။

ကမာရွတ်မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်ဆိုင်ကယ် စီးနင်းမှုများကို အောက်တိုဘာ ၂၈ ရက်မှ စတင်အရေးယူလျက်ရှိပြီး နိုဝင်ဘာ ၄ ရက်အထိ ဆိုင်ကယ် ၁၅ စီးအထိ အရေးယူထားပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စည်းကမ်းပျက်မော်တော်ယာဉ် ၂၁၉၇ စီးကိုလည်း အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – လင်းညွန့်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၄-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၃-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၁,၁၉၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၁၂၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈၁ |
| | | သာကေတ | ၆၆ |
| | | မြောက်ဥက္ကလာပ | ၅၈ |
| | | သန်လျင် | ၅၅ |
| | | မင်္ဂလာဒုံ | ၄၉ |
| | | ကမာရွတ် | ၄၆ |
| | | ရွှေပြည်သာ | ၄၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၃ |
| | | တာမွေ | ၃၁ |
| | | မင်္ဂလာတောင်ညွန့် | ၃၁ |
| | | အင်းစိန် | ၂၆ |
| | | မရမ်းကုန်း | ၂၁ |
| | | သဃ်န်းကျွန်း | ၂၀ |
| | | လှိုင် | ၁၇ |
| | | ဒေါပုံ | ၁၆ |
| | | တောင်ဥက္ကလာပ | ၁၄ |
| | | ဒဂုံ | ၁၄ |
| | | ထန်းတပင် | ၁၃ |
| | | လမ်းမတော် | ၁၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၀ |
| | | လသာ | ၁၀ |
| | | ဒလ | ၈ |
| | | ကြည့်မြင်တိုင် | ၈ |
| | | မှော်ဘီ | ၈ |
| | | အလုံ | ၈ |
| | | ဗိုလ်တထောင် | ၈ |
| | | ကျောက်တန်း | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း)* | ၇ |
| | | သုံးခွ | ၇ |
| | | စမ်းချောင်း | ၆ |
| | | ကော့မှူး | ၆ |
| | | ကျောက်တံတား | ၅ |
| | | ရန်ကင်း | ၅ |
| | | ပန်းဘဲတန်း | ၅ |
| | | ပုဇွန်တောင် | ၄ |
| | | တွံတေး | ၄ |
| | | ဗဟန်း | ၃ |
| | | လှည်းကူး | ၃ |
| | | ကွမ်းခြံကုန်း | ၁ |
| | | ခရမ်း | ၁ |
| | | စုစုပေါင်း | ၈၉၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၁၆ |
| | | ချမ်းအေးသာစံ | ၁၅ |
| | | ပြည်ကြီးတံခွန် | ၈ |
| | | သာစည် | ၆ |
| | | အောင်မြေသာစံ | ၅ |
| | | မဟာအောင်မြေ | ၅ |
| | | မြင်းခြံ | ၄ |
| | | ပုသိမ်ကြီး | ၃ |
| | | မိတ္ထီလာ | ၃ |
| | | နွားထိုးကြီး | ၂ |
| | | စဉ့်ကိုင် | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | စုစုပေါင်း | ၇၀ |
| ၃။ | မကွေးတိုင်းဒေသကြီး | အောင်လံ* | ၁၆ |
| | | မကွေး | ၈ |
| | | စလင်း | ၇ |
| | | မြို့သစ် | ၄ |
| | | ပခုက္ကူ | ၄ |
| | | တောင်တွင်းကြီး | ၃ |
| | | ပေါက် | ၂ |
| | | ရေနံချောင်း | ၂ |
| | | မင်းဘူး | ၂ |
| | | ချောက် | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | စုစုပေါင်း | ၅၂ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၃ |
| | | ညောင်လေးပင် | ၁၄ |
| | | ကဝ | ၄ |
| | | ဖြူး | ၄ |
| | | လက်ပံတန်း | ၂ |
| | | ဒိုက်ဦး | ၁ |
| | | ဝေါ | ၁ |
| | | ကျောက်ကြီး | ၁ |
| | | စုစုပေါင်း | ၅၀ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၁၅ |
| | | ပုသိမ် | ၆ |
| | | ဟင်္သာတ | ၄ |
| | | ရေကြည် | ၄ |
| | | ပန်းတနော် | ၃ |
| | | မော်လမြိုင်ကျွန်း | ၃ |
| | | ဖျာပုံ | ၃ |
| | | မအူပင် | ၂ |
| | | လပွတ္တာ | ၂ |
| | | ကျုံပျော် | ၂ |
| | | အင်္ဂပူ | ၁ |
| | | စုစုပေါင်း | ၄၅ |
| ၆။ | ကရင်ပြည်နယ် | ဘားအံ | ၃၆ |
| | | လှိုင်းဘွဲ့ | ၄ |
| | | မြဝတီ | ၂ |
| | | စုစုပေါင်း | ၄၂ |
| ၇။ | ရခိုင်ပြည်နယ် | အမ်း | ၈ |
| | | မောင်တော | ၃ |
| | | ရမ်းဗြဲ | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | ဗွ | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | မင်းပြား | ၁ |
| | | မြောက်ဦး | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၆ |
| | | ချောင်းဆုံ | ၄ |
| | | ကျိုက်ထို | ၃ |
| | | ဘီးလင်း | ၂ |
| | | စုစုပေါင်း | ၁၅ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်* | ၄ |
| | | ဘုတ်ပြင်း | ၂ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၂ |
| | | ရွှေဘို | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် | ၂ |
| | | စုစုပေါင်း | ၂ |
| | (၃-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၉၇) ဦး |

*ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ အောင်လံမြို့နယ်မှ လေးဦး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်မှတစ်ဦးနှင့် ထားဝယ်မြို့နယ်မှတစ်ဦး၊ စုစုပေါင်းခြောက်ဦး အား အသွားအလာကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၃-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ ၁၁၉၇ ဦးတွင် အနံ့မရရှိသူ ၄၄၃ ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘောဇဘဏ်က ဒေးဒရဲမြို့သို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း




**ဒေးဒရဲ နိုဝင်ဘာ ၄**

ကမ္ဘောဇဘဏ်သည် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး ရှိ လတ်တလောပိုးတွေ့လူနာအများ ဆုံး ပြည်သူ့ဆေးရုံကြီးများသို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အထောက် အကူပြုပစ္စည်းများနှင့် အလှူငွေများ ကို နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်က ဧရာဝတီ တိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ပြည်သူ့ ဆေးရုံကြီး ခုတင်(၅၀)သို့ ကိုဗစ်- ၁၉ရောဂါ ကာကွယ်ရေးအထောက် အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ဖျာပုံမြို့ဘဏ်ခွဲ)တာဝန်ခံ ဦးနိုင်နိုင် ထွန်းနှင့်ဝန်ထမ်းများက ပိုးတွေ့လူနာ များနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးဆေးရုံသုံး နှာခေါင်းစည်း ၂၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်ဆေး ရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း၅၀တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်ဝင်းနိုင်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံ လုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၈၇၀၄ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာ မရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့် အချိန်၊လိုအပ်သည်များကို အချိန်နှင့် တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့ လှူဒါန်းရန် စီစဉ်ထားကြောင်း သိရ သည်။

**ကိုကျော်**

◆*ကျော့ဖုံးမှ*

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

### (၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၉၅၅) ဦး | (၇၃၇,၀၉၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၃၆) ဦး | (၅၆,၉၄၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၇၁၅) ဦး | (၄၀,၇၇၈) ဦး |
| သေဆုံးလူနာ | (၂၃) ဦး | (၁,၃၃၀) ဦး |

- ယနေ့ သေဆုံးသူ (၂၃) ဦးအနက် ရောဂါအခံရှိသူ (၁၈) ဦးပါဝင်ပါသည်။
  • တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေး ဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၇၁၅) ဦးတွင်-
  - o ပြည်သူ့ဆေးရုံများ - (၉၅၂) ဦး
  - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၆၃) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည် ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာ ကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၆၀၀)ဦးတွင်-
  - o Hotel Quarantine - (၁၆၉) ဦး
  - o Facility Quarantine - (၂၁၃) ဦး
  - o Community Based Facility Quarantine - (၁,၁၃၀) ဦး
  - o Anosmia Center - (၈၈) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၄

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ညနေ ၄ နာရီတွင် သတင်းမီဒီယာများနှင့် နိုင်ငံတော်သမ္မတအိမ်တော် Press Briefing Room ၌ Physical Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။**




နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး။

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၁၉ အရ ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်းဟာ ယင်းလွှတ်တော်ရဲ့ ပထမအကြိမ် အစည်းအဝေးစတင်ကျင်းပတဲ့ နေ့ရက်က စပြီး (၅)နှစ် ဖြစ်ပါတယ်။ ပုဒ်မ ၁၅၁ အရ အမျိုးသား လွှတ်တော်ရဲ့ သက်တမ်းဟာ ပြည်သူ့လွှတ်တော်သက်တမ်း အတိုင်းပဲ ဖြစ်ပါတယ်။

"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၂၃ အရ ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်းတစ်ရပ်စတင်တဲ့ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပတဲ့ နေ့ရက်မှ ရက်ပေါင်း (၉၀)အတွင်း ကျင်းပရမှာ ဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်ရဲ့ ပထမပုံမှန်အစည်းအဝေးကို (၃၁-၁-၂၀၁၁) ရက်မှာ စတင်ကျင်းပခဲ့တဲ့အတွက် (၃၀-၁-၂၀၁၆) ရက်မှာ သက်တမ်းကုန်ဆုံးခဲ့ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲကို (၈-၁၁-၂၀၁၅)ရက်မှာ ကျင်းပ ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် လွှတ်တော်ရဲ့ ပထမပုံမှန် အစည်းအဝေးကို (၁-၂-၂၀၁၆)ရက်မှာ စတင်ကျင်းပခဲ့ကာ (၃၁-၁-၂၀၂၁)ရက်မှာ သက်တမ်းကုန်ဆုံးမှာ ဖြစ်ပါတယ်။ အခု ရွေးကောက်ပွဲကို (၈-၁၁-၂၀၂၀)ရက်မှာ ပြုလုပ်ဖို့ စီစဉ် ထားတာက တတိယအကြိမ် လွှတ်တော်ရဲ့ ပထမပုံမှန် အစည်းအဝေးကို ဒုတိယအကြိမ် လွှတ်တော်ရဲ့ သက်တမ်း ကုန်ဆုံးမယ့် (၃၁-၁-၂၀၂၁)ရက်နဲ့ ချိတ်ဆက်မိစေဖို့ ဖြစ်ပါ တယ်။ ရွေးကောက်ပွဲကျင်းပမယ့် နေ့ရက်ကနေ ရက်ပေါင်း (၉၀) အတွင်းမှာ တတိယအကြိမ် လွှတ်တော်ရဲ့ ပထမပုံမှန် အစည်းအဝေး ခေါ်ယူရမှာ ဖြစ်ပါတယ်။

"တတိယအကြိမ် လွှတ်တော်ရဲ့ သက်တမ်းဟာ (၁-၂-၂၀၂၁) ရက်မှာ စတင်ရမှာ ဖြစ်တဲ့အတွက် ဘယ်နေ့၊ ဘယ်ရက်မှာ လွှတ်တော်စတင်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ခေါ်ယူခြင်းကို သက်ဆိုင်ရာ လွှတ်တော်တွေကနေ ဥပဒေ၊ နည်းဥပဒေအရ လွှတ်တော် မစတင်မီ (၂၁)ရက် ကြိုတင်ပြီး အမိန့်ထုတ်ရမှာ ဖြစ်ပါ တယ်။ ဒါ့ကြောင့် လာမယ့် တတိယအကြိမ်လွှတ်တော် အနေနဲ့ ပြည်သူ့လွှတ်တော်ဟာ (၁-၂-၂၀၂၁)ရက်မှာ စကို စရမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကို ပြည်သူ့ လွှတ်တော်စပြီး (၇)ရက်အတွင်း စတင်ကျင်းပရပါမယ်။ ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်စပြီး (၁၅)ရက်အတွင်း စတင်ကျင်းပရမှာ ဖြစ်ပါတယ်။

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော် ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာ ထုတ်ပေးဖို့ (၁၂) ရက် ကြာတယ်။ ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ဖို့ အချိန်က (၂၁)ရက်၊ ဒီတော့ (၃၃)ရက် အချိန်ယူရမှာ ဖြစ်တာ ကို တွေ့ရှိရပါတယ်။

"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲရွှေ့ဆိုင်းရရင် လုပ်ရမယ့်လုပ်ငန်းစဉ်တွေ မေးကြည့်ပါတယ်။ မေးကြည့်တော့ ပြောင်းလိုက်တဲ့ နေ့ရက်မှာ အသက် (၁၈)နှစ်ပြည့်မယ့် မဲဆန္ဒရှင်စာရင်းနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကိုကြည့်ရင် မဲစာရင်းတွေ ရပ်/ကျေးက ကောက်ယူမယ်၊ ပြီးရင် ဥပဒေပါ သတ်မှတ် ချက်တွေနဲ့ ညီညွတ်ခြင်း ရှိ-မရှိ လဝကက စိစစ်မယ်၊ စိစစ် ပြီး ရွေး/ကော်ကို အတည်ပြုချက်ပေးမယ်။ လဝက က စိစစ်လာတဲ့စာရင်းကို မဲစာရင်းမှာထည့်မယ်။ ဒီလို မဲစာရင်း ဖြစ်ဖို့ ကောက်ယူတာ၊ စိစစ်တာ၊ မဲစာရင်းထည့်တာ အနည်းဆုံး ရက်(၂၀)ကြာပါတယ်။ ဒါက အမြန်ဆုံးနှုန်းထား ကို ပြောတာဖြစ်ပြီး လူဦးရေများရင် များသလို ပိုပြီးကြာနိုင် ပါတယ်။ ပြီးရင် မဲစာရင်းကို ထုတ်ပြန်ကြေညာပေးတဲ့အခါ ဥပဒေ၊ နည်းဥပဒေအရ ရက်ပေါင်း (၁၄)ရက် ကြေညာထား ရမှာ ဖြစ်ပါတယ်။ ကန့်ကွက်တာ၊ မပါလို့ လျှောက်ထားတာ ဒါတွေကို (၇)ရက်အတွင်း လုပ်ပေးရပါတယ်။ ကန့်ကွက်တဲ့ ကိစ္စ၊ လျှောက်ထားတဲ့ ကိစ္စတွေကို မကျေနပ်ရင် ရပ်ကျေး ကနေ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို အယူခံတက်ဖို့က အချိန် (၃)ရက် ပေးထားပါတယ်။ ဒီတော့ မဲစာရင်းအသစ် တိုးလာ တာနဲ့ ပတ်သက်ပြီး စုစုပေါင်း (၄၄)ရက် အချိန်ယူရမှာ ဖြစ်ပါတယ်။ ဒါက အမြန်ဆုံးနှုန်းနဲ့ တွက်ထားတဲ့အချိန် လိုအပ်ချက်ဖြစ်ပါတယ်။

"ကော်မရှင်က လွှတ်တော်ကိုယ်စားလှယ် အသိအမှတ် ပြုလွှာ လွှဲပြောင်းတာက (၁၂)ရက်၊ လွှတ်တော်အစည်း အဝေးခေါ်ဖို့ အချိန်က (၂၁)ရက်၊ ရွှေ့မယ်ဆို အနည်းဆုံး လိုအပ်ချက်က (၄၄)ရက်ဆိုတော့ စုစုပေါင်း (၇၇)ရက်၊ နှစ်လခွဲကျော် အချိန်အနည်းဆုံး လိုအပ်ပါတယ်။

### ရွှေ့ဆိုင်းရေး တိုက်တွန်းမှုများ

"ဒီကြားထဲမှာလည်း ရွေးကောက်ပွဲကျင်းပမယ့် ရက်ကို ရွှေ့ဆိုင်းပေးဖို့ ပြောဆိုတာတွေ၊ ထုတ်ပြန်တာတွေ၊ တိုက်တွန်းတာတွေ ကြားသိရပါတယ်။ ဒါပေမယ့် အခုလို Election Process အရ ကြားမှာ အနည်းဆုံး (၂)လခွဲအချိန် လိုအပ်ချက် ရှိနေတဲ့အတွက် ရွှေ့ဆိုင်းဖို့ဆိုတာ ကော်မရှင် အနေနဲ့ အင်မတန်မှ ခက်ခဲတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။ နောက်တစ်ချက်က COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးအခြေအနေတွေကိုလည်း ထည့်သွင်း ပြီး ခြုံငုံသုံးသပ်ခဲ့ရတာဖြစ်ပါတယ်။

> **"ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ရွေးကောက်ပွဲတွေဟာ အရေးကြီးပါတယ်။ မြန်မာနိုင်ငံလို ကူးပြောင်းစနိုင်ငံတွေအတွက် လူထုက ကိုယ်ကြိုက်တဲ့သူကို မဲပေးရွေးချယ်နိုင်ဖို့ ဆယ်စုနှစ်နဲ့ချီပြီး ပြည်သူတွေအနေနဲ့ စောင့်ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အရေးကြီးသလို တန်ဖိုးလည်းထားရမှာပါ။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်ရေးဟာ လက်ရှိ နိုင်ငံတော်အစိုးရရဲ့ ဦးစားပေးမူဝါဒလည်း ဖြစ်ပါတယ်"**

COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုတွေ စတင် ခဲ့တဲ့ ၂၀၂၀ နှစ်ဆန်းပိုင်းကစပြီး နိုဝင်ဘာလ ၁ ရက်အထိ ကမ္ဘာတစ်ဝန်း အနည်းဆုံး နိုင်ငံပေါင်း ၈၀ မှာ ရွေးကောက်ပွဲ၊ လူထုဆန္ဒခံယူပွဲတွေကျင်းပဖို့ လျာထားဆုံးဖြတ်ထားခဲ့တာ တွေ့ရှိရပါတယ်။ ဒီထဲကမှ နိုင်ငံပေါင်း ၆၂ နိုင်ငံမှာ မူလ ဆုံးဖြတ်လျာထားတဲ့အတိုင်း ကျင်းပခဲ့ကြတာ တွေ့ရှိရပါ တယ်။ COVID-19 ကပ်ရောဂါဖြစ်ပွားမှုကို အကြောင်းပြုပြီး နိုင်ငံပေါင်း ၃၉ နိုင်ငံက ရွှေ့ဆိုင်းဖို့ စဉ်းစားဆောင်ရွက် ခဲ့ကြပေမယ့် ဒီ ၃၉ နိုင်ငံမှာ ၂၂ နိုင်ငံက ဆက်လက်ကျင်းပ ခဲ့တာ တွေ့ရှိရပါတယ်။ ဒီအခြေအနေမှာ မြန်မာနိုင်ငံအနေနဲ့ စဉ်းစားသုံးသပ်တဲ့အခါမှာ COVID-19 ကူးစက်မှု ပြည်တွင်း အခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားခဲ့ရတာ ဖြစ်ပါတယ်။ ဇွန်လ ၃၀ ရက်အထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ COVID-19 ကူးစက်ခံရလို့ ရောဂါပိုးတွေ့ရှိသူ ၂၉၉ ဦး၊ သေဆုံးသူ စုစုပေါင်း ခြောက်ဦးရှိခဲ့တာ တွေ့နိုင်ပါလိမ့်မယ်။ ဒီနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာလ ၈ ရက်မှာ ရွေးကောက်ပွဲကျင်းပမယ်ဆိုတာကို ဇူလိုင်လ (၁)ရက်မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

"တစ်ဆက်တည်းမှာပဲ အစိုးရအနေနဲ့ ရွေးကောက်ပွဲမှာ မဲပေးတဲ့ ပြည်သူတွေ လုံခြုံစိတ်ချ ဘေးကင်းစွာ မဲပေးနိုင်ဖို့ နည်းလမ်းအမျိုးမျိုး စဉ်းစားဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ၊ စတုတ္ထအစည်းအဝေး ကျင်းပတော့မယ့် အချိန်မှာလည်း (၂၁) ရာစုပင်လုံညီလာခံကို ရွှေ့ဆိုင်းပေးဖို့ တိုက်တွန်းမှု တွေ ကြုံတွေ့ခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တိုက်တွန်းတဲ့သူတွေရဲ့ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေကို နားလည်ပါတယ်။ အသိအမှတ်လည်း ပြုပါတယ်။ ဒီလို စိုးရိမ်ပူပန်မှုတွေ မရှိရလေအောင် အထူးတလည် ပြင်ဆင် မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ညီလာခံကိုယ်စားလှယ် ၇၀၀ ကို သုံးပုံတစ်ပုံ လျှော့ချခဲ့ပါတယ်။ လေ့လာသူတွေ၊ အထူး ဧည့်သည်တွေ တက်ရောက်ခွင့်ကိုလည်း ရပ်ဆိုင်းခဲ့ပါတယ်။ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေး စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေနဲ့အညီ ကျင်းပ နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို နိုင်ငံရေးအရ အနှစ်သာရ ပြည့်ဝပြီး ၂၀၂၀ အလွန် ဆက်လက်ပုံဖော်မယ့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခိုင်မာတဲ့ သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ COVID-19 ကပ်ရောဂါကာလမှာပဲ ရောဂါကူးစက်မှု အထူးပြုကာကွယ် နိုင်ခဲ့သလို ခက်ခဲလှတဲ့ သဘောတူညီချက်တွေလည်း ရရှိခဲ့ တဲ့အတွက် အောင်မြင်တဲ့ မှတ်တိုင်တစ်ခု ဖြစ်ခဲ့ရပါတယ်။

"နောက်တစ်ခုက COVID-19 ကပ်ရောဂါရဲ့ အခြေအနေ ဖြစ်ပါတယ်။ လက်ရှိ ပြည်တွင်းမှာ COVID-19 ကူးစက်မှု အခြေအနေဟာ အခုနောက်ပိုင်း လျော့ကျလာတယ် ဆိုပေမယ့် ပေါ့လို့မရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ကမ္ဘာ့ နိုင်ငံတွေမှာလည်း Second Wave နဲ့ Second Lockdown တွေကြားသိနေကြပြီး ဖြစ်ပါလိမ့်မယ်။ COVID-19 လုံးဝ ကင်းစင်တဲ့အခြေအနေ၊ ကူးစက်မှု လုံးဝမရှိတော့တဲ့ အခြေအနေဆိုတာကလည်း အတိအကျ မပြောနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စောစောက ရှင်းလင်းတင်ပြခဲ့တဲ့ အချိန်ဇယားတွေအရ ရွှေ့ဆိုင်းဖို့ မလွယ်ကူလှတဲ့ အနေအထားဖြစ်တာ နားလည် မယ် ထင်ပါတယ်။ ဒါ့ကြောင့် (၂၁)ရာစု ပင်လုံညီလာခံကို COVID-19 ကပ်ရောဂါကာလမှာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သလိုပဲ ရွေးကောက်ပွဲကို သေသေချာချာ စနစ်တကျပြင်ဆင်ပြီး ဆောင်ရွက်သွားနိုင်ဖို့ အရေးကြီး ပါတယ်။

"ဒါ့ကြောင့် အခုလာမယ့် ရွေးကောက်ပွဲမှာ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အကောင်းမွန်ဆုံး ပြင်ဆင်မှုတွေကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင် ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပံ့ပိုးကူညီ ဖြည့်ဆည်းမှုတွေ ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ မီးမောင်းထိုးပြောကြားရရင် ပထမအချက်အနေနဲ့ COVID-19 နဲ့ ပတ်သက်ပြီး ထိခိုက်လွယ်တဲ့ အသက်အရွယ် ကြီးရင့်တဲ့ လူကြီးသူမတွေ ကြိုတင်မဲပေးနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ COVID-19 Stay Home သတ်မှတ် ချက်ကြောင့် ခရီးသွားလာရေး အခက်အခဲဖြစ်နေတဲ့ မဲဆန္ဒရှင်တွေ မဲဆန္ဒနယ်ပြင်ပရောက်ပြီး မဲပေးနိုင်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ ဆောင်ရွက်ခဲ့ပါတယ်။ တတိယအချက်အနေနဲ့ COVID-19 ကြောင့် ဆေးရုံတက် နေရသူတွေ၊ Quarantine ဝင်နေရသူတွေ မဲပေးနိုင်ဖို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ နိုဝင်ဘာလ ၈ ရက်မှာ မဲပေးကြတဲ့အခါ လုံခြုံဘေးကင်းစွာ မဲပေးနိုင်ဖို့ အတွက် မဲရုံတွေတိုးချဲ့ပြီး လူတွေကို ခွဲထုတ်နိုင်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။ မဲရုံတွေမှာ လူတွေစုပြုံတိုးဝှေ့နေတာ မျိုး မဖြစ်စေဖို့ မဲရုံတွေ တိုးချဲ့ရာမှာ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ ၂၀၁၅ မှာ စုစုပေါင်းမဲရုံ ၄၀၂၃၃ ရုံ ရှိခဲ့ပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ စုစုပေါင်း မဲရုံ ၄၂၀၄၇ ရုံ ရှိလာမှာ ဖြစ်ပါ တယ်။ ရွေးကောက်ပွဲရွှေ့ဆိုင်းလိုက်တဲ့ နယ်မြေဒေသတွေ တိုးလာပေမယ့် မဲရုံအရေအတွက် လျော့ကျမသွားဘဲ နောက်ထပ် မဲရုံ ၁၈၁၄ ရုံ တိုးမြင့်လာတာကို ကြည့်ရင် သိနိုင်ပါတယ်။ ပဉ္စမအချက်အနေနဲ့ မဲရုံတွေ၊ ယာယီမဲရုံတွေ မှာ COVID-19 ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေ ထုတ်ပြန်ပြီးတော့ လက်တွေ့သရုပ်ပြမဲပေးမှုတွေ ဆောင် ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မဲရုံထဲမှာရှိနေမယ့် မဲရုံဝန်ထမ်းတွေ၊ မဲလာပေးမယ့် မဲဆန္ဒရှင်ပြည်သူတွေ အတွက် COVID-19 ကူးစက်မှု မရှိရလေအောင် လိုအပ်ချက် တွေကို အကြိမ်ကြိမ် စိစစ်မှုတွေပြုလုပ်ပြီး ကျန်းမာရေး Guideline၊ အကြံပြုချက်တွေနဲ့အညီ တွက်ချက်လိုက်တဲ့ အခါမှာ KN-95 Mask ၊ PPE ၊ Protective Face Mask ၊ Boot ၊ Boot Coven Face Shield ၊ Surgical Gloves ၊ Exam Glove ၊ Surgical Google ၊ Surgical Gown ၊ Medical Cap လိုအပ်ချက်တွေ ရရှိလာခဲ့ပါတယ်။

### ရွေးကောက်ပွဲမှာ စတင်နေပြီ ဖြစ်ခြင်း

"ကမ္ဘာတစ်ဝန်းမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိ နေကြတဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားတွေ သက်ဆိုင်ရာ သံရုံးတွေမှာ ကြိုတင်မဲပေးနိုင်ရေးကို အောက်တိုဘာလ ၁ ရက်ကစတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ အစောဆုံးမှာ စင်ကာပူရှိ မြန်မာသံရုံးဖြစ်ပါတယ်။ ယခင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ မဲပေးသူဦးရေထက် သုံးဆမြင့်တက် လာတာကို တွေ့ရှိရပါတယ်။ အခုဆိုရင် ပြည်ပမှာရှိတဲ့ မြန်မာသံရုံးတွေမှာ ဥပဒေ၊ နည်းဥပဒေနဲ့အညီ မဲပေးနေကြ ပြီ ဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း ကြိုတင်မဲအမျိုးမျိုးကို ပြည်သူတွေ တက်တက်ကြွကြွ စိတ်အားထက်သန်စွာနဲ့ မဲပေးနေကြပါပြီ။ နိုဝင်ဘာလ ၈ ရက်တွင် မဲရုံတွေမှာ မဲပေး တာတွေကို သတင်းရယူဖို့အတွက် အိမ်တော်သတင်း ထောက်တွေ အားလုံးလည်း ကြိုတင်မဲပေးပြီးကြပြီ ဖြစ်ပါ တယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲဟာ အောက်တိုဘာလကတည်းက စတင်နှင့်ပြီး ဖြစ်တယ်ဆိုတာ ကို ပြောကြားလိုပါတယ်။

"ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ရွေးကောက်ပွဲ တွေဟာ အရေးကြီးပါတယ်။ မြန်မာနိုင်ငံလို ကူးပြောင်းစ နိုင်ငံတွေအတွက် လူထုက ကိုယ်ကြိုက်တဲ့သူကို မဲပေး ရွေးချယ်နိုင်ဖို့ ဆယ်စုနှစ်နဲ့ချီပြီး ပြည်သူတွေအနေနဲ့ စောင့်ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အရေးကြီးသလို တန်ဖိုးလည်းထားရမှာပါ။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်ရေးဟာ လက်ရှိ နိုင်ငံတော်အစိုးရရဲ့ ဦးစားပေးမူဝါဒလည်း ဖြစ်ပါတယ်။ *စာမျက်နှာ ၁၁ သို့*

# ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း (၂၄) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းသည် ယနေ့နံနက်ပိုင်းတွင် “Pave the way to a more integrated, inclusive, sustainable and prosperous GMS” ခေါင်းစဉ်ဖြင့် ကျင်းပသော (၂၄) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့်အစည်းအဝေး (24th Greater Mekong Subregion (GMS) Ministerial Conference– MC 24) သို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။




အစည်းအဝေးကို အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Zou Jiayi က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် Vice President for East Asia, Southeast Asia and the Pacific ၊ Mr. Ahmed M. Saeed က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေး၌ GMS အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်သည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ တာဝန်ရှိသူများက မဟာမဲခေါင်ဒေသခွဲအတွက် ကာလရှည်စီမံကိန်းဖြစ်သည့် မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင် ၂၀၃၀ (Greater Mekong Subregion (GMS) Strategic Framework 2030) နှင့် ကာလလတ် စီမံကိန်းဖြစ်သည့် မဟာမဲခေါင်ဒေသခွဲ၏ ကိုဗစ်–၁၉ ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်ရေးစီမံချက် (၂၀၂၁–၂၀၂၃) (GMS COVID–19 Recovery and Response Plan – 2021–2023) တို့ကို ရှင်းလင်းတင်ပြခဲ့ကြရာ အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီးများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သည့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေး၊ (၁၁) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြံ့များ ဖိုရမ်နှင့် စီးပွားရေးကောင်စီအစည်းအဝေးများ၏ အစီရင်ခံစာများကို တာဝန်ရှိသူများကလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်က ပြုစုသည့် The Greater Mekong Subregion 2030 and Beyond: Integration, Upgrading, Cities and Connectivity ကိုလည်းကောင်း တင်ပြခဲ့ရာ နိုင်ငံအလိုက် ဝန်ကြီးများက အကြံပြုဖြည့်စွက် ဆွေးနွေးသည်။

ထို့နောက် ၂၀၂၁ ခုနှစ် မတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပရန် လျာထားသည့် (၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ နိုင်ငံ့ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်ထားရှိမှုများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ၊ မဟာမဲခေါင်ဒေသခွဲဝန်ကြီး Mr. SOK Chenda Sophea က ရှင်းလင်းတင်ပြသည်။

အစည်းအဝေး၌ ဝန်ကြီးများက ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင် (၂၀၂၂)၏ တတိယအကြိမ် တိုးတက်မှုအစီရင်ခံစာကို အတည်ပြုခဲ့ပြီး မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(၂၄) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံညှိနှိုင်းရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

“လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံး ဝိုင်းဝန်းဆောင်ရွက်ရမယ့် အချိန်ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဝေဖန်ထောက်ပြမှုများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။ တပ်မတော်ရဲ့ ယခု ထုတ်ပြန်ချက်ဟာ နိုင်ငံရေးပါတီနဲ့ လူပုဂ္ဂိုလ်အချို့ရဲ့ တိကျရေရာ၊ သေချာမှုမရှိတဲ့ ပြောကြားချက်များအပေါ် အခြေခံထားပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေးကို အထောက်အကူမဖြစ်စေဘဲ စိုးရိမ်စိတ်တွေ၊ မတည်ငြိမ်မှုတွေ ဖြစ်စေရေးကို အားပေးရာ ရောက်ပါတယ်။ တပ်မတော်ရဲ့ ထုတ်ပြန်ချက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ Popular News တို့တွေ့ဆုံမေးမြန်းခန်းမှာ ပြောပြချက်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဥပဒေများရဲ့ အနှစ်သာရနဲ့ ကိုက်ညီမှုမရှိပါဘူး။

“၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ(၂၆)၊ ပုဒ်မခွဲ(က)အရ “နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရမယ်” လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ (၂)၊ ပုဒ်မခွဲ (င) အရ “ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ထားခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုလိုသည်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် တာဝန်တို့အရ ဤဥပဒေပါ ကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ” လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ လွတ်လပ်သောအဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တာဝန်ခံရမည်ဟု ဥပဒေများတွင် လုံးဝပြဋ္ဌာန်းထားခြင်း မရှိတာကို သတိပြုသင့်ပါတယ်။

“နိုင်ငံတော်သမ္မတအိမ်တော်မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်က နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို တွေ့ဆုံချိန်တုန်းက နိုင်ငံတော်သမ္မတကြီးက “ကော်မရှင်ဥက္ကဋ္ဌကို ခန့်အပ်ရာမှာ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းဝင်မှမဟုတ်ဘဲ ပါမောက္ခချုပ်၊ အုပ်ချုပ်သူ အငြိမ်းစားကို ခန့်တာဟာ သမာသမတ်ကျစေဖို့ ရွေးခန့်တာဖြစ်ကြောင်း၊ ဥပဒေနဲ့အညီ လွတ်လပ်ပြီး မျှတရန်လိုအပ်ကြောင်း၊ မျှမျှတတပဲ ဖြစ်စေချင်ကြောင်း၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျပြီး မျှတရမည်၊ လွတ်လပ်ရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံနိုင်ရမည် စသည့် စံ(၅)ချက်အတိုင်း ဖြစ်စေလိုကြောင်း၊ မိမိတို့၏ ခံယူချက်မှာ လွတ်လပ်ပြီး တရားမျှတရမည်။ ပြီးလျှင် သန့်ရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ရင်ပြီးရော၊ ဘယ်နည်းနှင့် နိုင်နိုင်၊ နိုင်အောင်ချမည်ဆိုတာ၊ နိုင်လည်း သိက္ခာမဲ့ကြောင်း၊ ရှက်ဖွယ်ကောင်းကြောင်း” လမ်းညွှန်မှာကြားခဲ့ပါတယ်။

“ဒီတွေ့ဆုံမှုမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်ကြားရေး၊ ပို့/ဆက်၊ အလုပ်သမား/လဝက၊ ပညာရေး၊ ကျန်းမာ/အားကစား၊ လူ/ကယ်/ပြန် ဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်ထောင်စုရှေ့နေချုပ်နဲ့ ကော်မရှင်အဖွဲ့ဝင်တွေ တက်ရောက်ခဲ့ကြပါတယ်။

“ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ပြင်ဆင်ချိန် ၄ နှစ်၊ ၇ လနဲ့ ၉ ရက် ရရှိခဲ့တာလည်း မှန်ပါတယ်။ အရင်ကော်မရှင်တုန်းကလည်း မဲစာရင်းအမှားအယွင်းတွေ၊ ကြိုတင်မဲ အငြင်းပွားမှုတွေ ဖြစ်ခဲ့တာ တွေ့ရှိရပါတယ်။ အရင်တုန်းက အက္ခရာစဉ်လိုက် မဲစာရင်းပြုစုမှုကြောင့် မဲစာရင်းအမှားအယွင်း၊ အိမ်ထောင်စုတစ်စုတည်းက မိသားစုဝင်တွေ မဲရုံအများကြီးဆီကို ပျံ့နှံ့ရောက်ရှိသွားခဲ့တာမျိုးရှိခဲ့တာ တွေ့ရပါတယ်။ အခု ကော်မရှင်လက်ထက်မှာ မဲစာရင်းတွေ (၂)ကြိမ် ပြန်လည်ကြေညာပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးရလေအောင် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုရွေးကောက်ပွဲဟာ မတ်လက စတင်ခဲ့တဲ့ COVID–19 ကပ်ရောဂါကြားမှာ သန့်ရှင်းမျှတအောင် လုပ်ရခြင်းဖြစ်ပါတယ်။

“အခု ကြိုတင်မဲပေးတာတွေနဲ့ ပတ်သက်လို့လည်း တည်ဆဲဥပဒေကို ကျော်လွန်တဲ့ ကြေညာချက်ဆိုတာကိုလည်း စိစစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ “ကြိုတင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်များသို့ အသိပေးကြေညာချက်”ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၀ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ အဓိကအားဖြင့် ပယ်မဲအဖြစ် သတ်မှတ်မှာမဟုတ်တဲ့ အချက်တွေကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၆(ဃ)နဲ့အညီ ဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ကော်မရှင်အဖွဲ့ခွဲများရဲ့ ချို့ယွင်းချက်၊ အားနည်းချက်ကြောင့် မဲဆန္ဒရှင်ရဲ့ အခွင့်အရေး ဆုံးရှုံးခံရမယ်ဆိုတာ တရားမျှတမှု မရှိပါဘူး။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှာလည်း အဲဒီတုန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ထုတ်ပြန်ခဲ့တာကို တွေ့ရှိရပါတယ်။

“ကြိုတင်မဲကိစ္စတွေနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေက ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ရွေးကောက်ပွဲတွေမှာ ဖြစ်မြဲအတိုင်း ဖြစ်နေကြတာ တွေ့ရှိရပါတယ်။ ကြိုတင်မဲစာအိတ်တွေရဲ့ အရည်အသွေး၊ မဲပုံးတွေရဲ့ အရည်အသွေးကိုလည်း ပြန်ပြီး စိစစ်နေပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲတုန်းကလည်း ဒီလိုပဲ လူကြောင့်ဖြစ်တဲ့ အငြင်းပွားဖွယ်ရာတွေ အများကြီး ကြုံတွေ့ခဲ့ရပါတယ်။ ပြည်ပကြိုတင်ဆန္ဒမဲလက်မှတ်တွေ နိုင်ငံမှားပြီး ရောက်ရှိသွားခြင်း၊ လဲလှယ်ပေးဖို့ အချိန်မမီခဲ့ခြင်း၊ မဲဆန္ဒရှင်တစ်ဦးကို မဲလက်မှတ် တစ်စောင်သာ ပေးခွင့်ရခြင်း စသည်တို့ ဖြစ်ပွားခဲ့ပါတယ်။ သာမန်အားဖြင့် နိုင်လိုစိတ် ကြီးလာကြလေလေ၊ မသမာမှုတွေ များလာလေလေ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံရေးပါတီတွေအနေနဲ့ သန့်သန့်ရှင်းရှင်း၊ တရားနည်းလမ်းကျကျ၊ ဥပဒေနဲ့အညီ၊ သိက္ခာရှိရှိ ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ကြိုးစားနေသော်လည်း တရားမျှတမှုမရှိအောင် ကြိုတင်ပြီး ပုံဖော်နေတာလည်း တွေ့ရပါတယ်။

“တကယ်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်ဟာ မလွယ်ကူပါဘူး။ စိန်ခေါ်မှု၊ တိုက်ခိုက်မှုတွေကလည်း များပါတယ်။ အရင်ကော်မရှင်ဥက္ကဋ္ဌလည်း သက်တမ်းတစ်လျှောက်လုံး ဝေဖန်တိုက်ခိုက်မှုတွေ အများအပြား ကြုံတွေ့ခဲ့ရတာပါ။ အခုကော်မရှင်ထက်စာရင် ဝေဖန်ခံရမှုတွေ ပိုပြီးများပါတယ်။ ကော်မရှင်ပြင်ဆင်ဖွဲ့စည်းဖို့ လူထုဆန္ဒ လက်မှတ်တွေကောက်ခံရေး လှုပ်ရှားမှုတွေ လုပ်တာတောင် ကြုံခဲ့ရပါတယ်။ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းနဲ့ အာရှဘာရိုမီတာ စစ်တမ်းအရ လူထုယုံကြည်မှု ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့လက ထုတ်ပြန်ခဲ့တဲ့ PACE စစ်တမ်းအရ ယခုကော်မရှင်အပေါ် လူထုယုံကြည်မှုက များစွာတိုးမြင့်လာတာကို တွေ့ရှိရပါတယ်။ အဝေဖန်ခံရတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ လူထုထောက်ခံမှုနဲ့ တစ်ထပ်တည်း ကျသွားချိန်မှာ ချီးကျူးဂုဏ်ပြုခြင်းတွေ ခံခဲ့ရတာကို ၂၀၁၅ ရွေးကောက်ပွဲမှာ တွေ့ရှိနိုင်ပါတယ်။ စင်းလုံးချော၊ ပြည့်စုံကောင်းမွန်တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ ဖြစ်လာဖို့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ ရှိနေမှာ အမှန်တရားပါ။ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို နိုင်ငံ့ငွေကြေးကြွယ်ဝမှုနဲ့ ဖြည့်ဆည်းနိုင်ပေမယ့်လည်း နိုင်ငံရေးပါတီတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အထက်တန်းကျမှု၊ သိက္ခာရှိမှုကတော့ ငွေကြေးနဲ့ ဖြည့်ဆည်းလို့ မရနိုင်ပါဘူး။

“အခုဆိုရင် လုံခြုံရေးအခြေအနေတွေကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်လို့ မဲမပေးနိုင်တဲ့ ပြည်သူတွေအတွက် ကျွန်တော်တို့အနေနဲ့ အထူးပဲစိတ်မကောင်း ဖြစ်ရပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ လုံခြုံဘေးကင်းဖို့၊ ခြိမ်းခြောက်မှုတွေမရှိကြဖို့ အထူးပဲအရေးကြီးပါတယ်။ ကျန်ရစ်ခဲ့တဲ့ နယ်မြေဒေသတွေမှာ ရွေးကောက်ပွဲတွေ ကျင်းပနိုင်တဲ့အခြေအနေ အမြန်ဆုံးရောက်ရှိလာဖို့ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြဖို့ အရေးကြီးပါတယ်။ ဒီအခြေအနေနဲ့ ပတ်သက်လို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း (၂၁)ရာစု ပင်လုံညီလာခံအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသလို ပြည်သူတွေရဲ့ မဲပေးပိုင်ခွင့်မဆုံးရှုံးဖို့ ဝိုင်းဝန်းကူညီပေးကြဖို့ ပြောကြားလိုပါတယ်။

“ပြန်ချုပ်ရရင် နိုင်ငံတော်အစိုးရအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်ဖို့ ဦးစားပေးမူဝါဒအဖြစ် ချမှတ်ထားပါတယ်။ နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲတွေမှာ ပြည်သူတွေ စိတ်အေးချမ်းသာ ဘေးကင်းလုံခြုံစွာမဲပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်တွေခွဲယူပြီး ဆောင်ရွက်ပေးနေပါတယ်။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်မှာလည်း အောက်ခြေနေရာအချို့မှာ အားနည်းချက်တွေ ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ စိန်ခေါ်မှုတွေကတော့ ရှိနေမှာပါပဲ။ ကော်မရှင်မှာ အရင်းအမြစ်တွေ နည်းပါတယ်။ လုံခြုံရေးကိုလည်း ဖော်လန်တီယာ ခေါ်ယူရပါတယ်။ မဲရုံဝန်ထမ်းအဖြစ် အစိုးရဝန်ထမ်းတွေရဲ့ အကူအညီကို ယူရပါတယ်။ COVID–19 ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနတွေက ဝိုင်းပြီးကူညီနေကြပါတယ်။ ဒီလိုအချိန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပိုမိုအားကောင်းအောင်၊ စနစ်တကျဖြစ်အောင် ဝိုင်းဝန်းကူညီကြဖို့ လိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှု အပြည့်အဝနဲ့ ကူညီဆောင်ရွက်ပေးနေတာဖြစ်သလို ပြည်သူတွေကလည်း တာဝန်သိစိတ်အပြည့်အဝနဲ့ ဝိုင်းဝန်းကူညီနေကြတာ တွေ့မြင်နိုင်ပါတယ်။ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေ၊ မီဒီယာတွေကလည်း သူ့အလုပ်သူ ဝိုင်းဝန်းလုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။ “ပြိုင်တူတွန်းရင် ရွှေ့နိုင်တယ်” ဆိုတဲ့အတိုင်း ကျရာနေရာ၊ ဆိုင်ရာကဏ္ဍကနေ ကိုယ့်အလုပ်ကိုယ်လုပ်တဲ့အပြင် လိုအပ်ချက်တွေရှိခဲ့ရင်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အရေးကြီးပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပျက်ပြားစေဖို့ အချိန်ကိုက်လှုပ်ရှားမှုတွေကိုလည်း အထူးသတိပြုကြစေလိုပါတယ်။

“ယခုရက်ပိုင်းအတွင်း ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်လို့ ဝေဖန်ပြောဆိုတာတွေ ရှိနေပါတယ်။ တရားဝင် တိုင်ကြားအမှုဖွင့်ထားတာများလည်း ရှိပါတယ်။ ဒီကိစ္စတွေကို ဥပဒေလမ်းကြောင်းအရ စစ်ဆေးဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာဖြစ်မြောက်ရေးကို ထိပါးအောင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်များက လုပ်ဆောင်ကြတယ်ဆိုတာ အဲဒီအချိန်ကျရင် ပေါ်လွင်လာပါလိမ့်မယ်။ ယခုအချိန်ကတည်းက ရွေးကောက်ပွဲကို တရားမျှတခြင်းမရှိဘူးလို့ ကြိုတင်အပြစ်တင် ဆုံးဖြတ်နေခြင်းဟာ မသင့်လျော်ကြောင်း ပြောလိုပါတယ်။ ယခုအချိန်မှာတော့ ကျွန်တော်တို့ အားလုံး နိုဝင်ဘာလ ၈ ရက်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင် ဖြစ်မြောက်ရေးအတွက် ဝန်းရံကြဖို့ဖြစ်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် ရောဝတီသတင်းဌာနက မေးမြန်းသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်ကိစ္စ၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌအိမ်၌ ဗုံးတွေ့ရှိမှုနှင့် စုံစမ်းဖော်ထုတ်နေမှုအခြေအနေ၊ မဇ္ဈိမသတင်းဌာနက မေးမြန်းသည့် ရွေးကောက်ပွဲပျက်ပြားအောင် အချိန်ကိုက်လှုပ်ရှားမှုများကို ပြည်သူများသိရှိအောင် ရှင်းလင်းပြောကြားပေးရန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်များအပေါ် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မရှိအောင် ရှင်းလင်းပြောကြားပေးရန်၊ ရွေးကောက်ပွဲအခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများ တွေ့ဆုံညှိနှိုင်းဆောင်ရွက်မှု ရှိ မရှိ၊ Myanmar Now သတင်းဌာနက မေးမြန်းသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်သွားမည့်အခြေအနေ၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများ တွေ့ဆုံဆွေးနွေးမှု ရှိ မရှိ၊ ရွေးကောက်ပွဲရလဒ်အပေါ် လက်ခံနိုင်ရန် အစိုးရနှင့် တပ်မတော် ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရရှိထားခြင်း ရှိ၊ မရှိ၊ RFA သတင်းဌာနက မေးမြန်းသည့် ရွေးကောက်ပွဲအကြိုကာလတွင် လူမျိုးရေး၊ ဘာသာရေး အမုန်းပွားအောင် လှုံ့ဆော်ရေးသားဖြန့်ဝေနေမှုများကို စိစစ်ကြပ်မတ်ဖော်ထုတ်နေမှု အားနည်းနေသည်ဟု ဝေဖန်ချက်အပေါ် အစိုးရအနေဖြင့် မည်သို့တုံ့ပြန်ဆောင်ရွက်သွားမည်ဆိုသည့်ကိစ္စ၊ BBC သတင်းဌာနက မေးမြန်းသည့် ရွေးကောက်ပွဲရလဒ်အပေါ် လက်မခံနိုင်မှုများရှိလာပါက ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ၊ ရွေးကောက်ပွဲအကြိုကာလ မဲဆွယ်စည်းရုံးမှုများနှင့် ပတ်သက်ပြီး အများဆုံး တိုင်ကြားခဲ့သည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ သိလိုခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးပြောကြားလိုသည့် သတင်းစကားကိစ္စတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်း–မျိုးမင်းနိုင်**
**ဓာတ်ပုံ– ကိုကျော်**

# အမေရိကန်မှ ကလေးစုစုပေါင်း ၈၅၀၀၀၀ ကျော်တွင် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း တွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၄**

ကိုဗစ် -၁၉စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အမေရိကန် ပြည်ထောင်စုရှိ ကလေး စုစုပေါင်း ၈၅၀၀၀၀ ကျော်တွင် ကူးစက်ခံခဲ့ရကြောင်း ကလေးဆေးရုံအသင်း၏ အစီရင်ခံစာအသစ်အရ သိရသည်။

အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်ကြား နောက်ထပ်ကူးစက်ခံရသည့် ကလေး စုစုပေါင်း ၆၁၄၄၇ ဦးရှိသည်ဟု သိရသည်။

အဆိုပါကူးစက်မှုနှုန်းမှာ ကူးစက်ရောဂါစတင်သည့်အချိန်မှစတင်ကာ အမြင့်ဆုံးနှုန်းပင်ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အောက်တိုဘာလအတွင်း ကလေးပေါင်း ၂၀၀၀၀၀ နီးပါးမှာ ရောဂါကူးစက်ခံရသည်။ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက်မှာ ၈၅၃၆၃၅ ဦး ရှိသည်ဟု အစီရင်ခံထားပြီး ယင်းပမာဏသည် အမေရိကန်ရှိ ကူးစက်မှုတွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

ကလေးပေါင်း ၁၀၀၀၀၀ တွင် ရောဂါကူးစက်ခံရသူ ၁၁၃၄ ဦးရှိသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။

ဆေးရုံတက်ကာ ကုသမှုခံယူရသည့် ကလေးရာခိုင်နှုန်းမှာ ၁ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ကြောင့် သေဆုံးရသည့် ကလေးအရေအတွက်မှာ ၀ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ကိုဗစ် -၁၉ကြောင့် ဆိုးဆိုးရွားရွား ဖျားနာသည့်ကလေးမှာ ရှားပါးကြောင်း တွေ့ရှိရသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်များ နောက်ပိုင်းတွင် မည်သည့်လက္ခဏာများ ခံစားရမည်ဆိုသည်ကို ဆက်လက်လေ့လာရန် အချက်အလက်များ လိုအပ်နေသေးသည်။ ကလေးငယ်များ၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာတို့တွင် ရေရှည်၌ ထိခိုက်မှု ရှိ မရှိကို ဆက်လက်လေ့လာရဦးမည်ဖြစ်သည်။

**ဆင်ဟွာ**



လက်သန့်စင်ဆေးရည်ဖြင့်လက်ဆေးနေသည့်ကလေးငယ်တစ်ဦးကိုတွေ့ရစဉ်။

# ဆော်ပိုလိုမြို့တွင် အလယ်တန်းကျောင်းအချို့ပြန်ဖွင့်

**ဆော်ပိုလို နိုဝင်ဘာ ၄**

ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ဆော်ပိုလိုတွင် နိုဝင်ဘာ ၃ ရက်က အလယ်တန်းကျောင်း အချို့ကို ပြန်လည် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသည့် ဆရာများက ကျောင်းသားများအား သင်ကြားပေးမှုများ ပြုလုပ်ပေးမည်ဖြစ်သည်။

စာသင်ခန်းအတွင်း ကျောင်းသားအရေအတွက်ကို ကန့်သတ်ထားပြီး ၃၀ ရာခိုင်နှုန်းဖြင့်သာ သင်ကြားမှု ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ကျန်ကျောင်းသားများကိုမူ အဝေးက သင်ကြားသည့်စနစ်ဖြင့်သာ သင်ကြားပေးမည် ဖြစ်သည်။ ကိုဗစ်-၁၉ တစ်ခါကူးစက်ခံပြီးသောသူများသည် နောက်တစ်ကြိမ်ကူးစက် ခံရရန် အလားအလာနည်းပါးသည့်အတွက် ကူးစက်မှုကို နှိမ်နင်းရာတွင်လည်း အကူအညီဖြစ်မည်ဟု ဆော်ပိုလိုမြို့မှ တာဝန်ရှိသူများက ပြောသည်။

ကိုဗစ် -၁၉ တစ်ခါကူးစက်ခံပြီးသော လူများတွင် လုံလောက်သည့် ကိုယ်ခံစွမ်းအား ထုတ်လုပ်ပေးနိုင်ခြင်း ရှိ မရှိ၊ ယင်းကိုယ်ခံစွမ်းအားမှာ အချိန်မည်မျှ ခံမခံကို အတည်အကျ မသိနိုင်သေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၅၅ သန်းရှိပြီး ကမ္ဘာပေါ်တွင် တတိယမြောက် ကူးစက်မှုအမြင့်ဆုံးဖြစ်သည်။ တချို့သော ကျောင်းသားမိဘများကမူ စာသင်ကျောင်းများ ပြန်ဖွင့်သည့်အတွက်ကူးစက်မှု ပိုမိုဖြစ်ပေါ်လာမည်ကိုစိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**



# ဗြိတိန်နှင့် စီးပွားရေးသဘောတူညီချက်အသစ်အတွက် ဂျပန်အစိုးရအဖွဲ့က အတည်ပြု

**တိုကျို နိုဝင်ဘာ ၄**

ဂျပန်အစိုးရသည် ဗြိတိန်နှင့် စီးပွားရေးမိတ်ဖက် သဘောတူညီမှုအသစ်အတွက် ဥပဒေကြမ်းကို နိုဝင်ဘာ ၄ ရက်တွင် အပြီးသတ်ခဲ့ကြောင်း သိရသည်။ ဂျပန်အစိုးရသည် အဆိုပါ စီးပွားရေးသဘောတူညီချက်နှင့် ပတ်သက်ပြီး လွှတ်တော်၏အတည်ပြုမှုကို စောနိုင်သမျှ စောစောရရှိရန် ရည်ရွယ်ထားသည့်အတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ယင်းသဘောတူညီမှု အသက်ဝင်လာမည်ဟု မျှော်လင့်ထားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ပြီးသည့်နောက် အောက်တိုဘာလအတွင်း နှစ်နိုင်ငံစလုံးမှ အစိုးရအဖွဲ့ဝင်များသည် သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီဖြစ်သည်။ ယခု စီးပွားရေးသဘောတူညီမှုအသစ်တွင် ဂျပန်နှင့် ဥရောပသမဂ္ဂတို့အကြား စီးပွားရေးမိတ်ဖက် သဘောတူညီမှု နုတ်ထွက်ခြင်းကို အခြေခံထားသည်။

**ပိုမိုတင်းကျပ်သည့် စည်းကမ်းများချမှတ်**

၂၀၂၆ ခုနှစ်ရောက်လျှင် ဂျပန်နိုင်ငံ၏ မော်တော်ကားတင်ပို့မှုများကို အခွန်စည်းကြပ်မှုဖျက်သိမ်းပေးရန် တောင်းဆိုထားပြီး ဂျပန် လယ်ယာထွက်ကုန်ပို့ကုန်ပစ္စည်းများအပေါ် နောက်ထပ် အခွန်စည်းကြပ်မှု မပြုလုပ်ရန်လည်း တောင်းဆိုထားသည်။ ယခုသဘောတူညီမှုစာချုပ်တွင် ယခင်ရှိပြီးသားစာချုပ်ထက် ပိုမိုတင်းကျပ်သည့် စည်းကမ်းများချမှတ်ထားသည်။

စီးပွားရေးအကြောင်းပြချက်ဖြင့် အချက်အလက်များဖလှယ်ရာတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကို ကန့်သတ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၏ နျူကလီးယားဆန့်ကျင်ရေးဥပဒေကြမ်းကို ကုလသမဂ္ဂ အတည်ပြု

**ဂျီနီဗာ နိုဝင်ဘာ ၄**

နျူကလီးယားလက်နက် ဖျက်သိမ်းရေးတောင်းဆိုထားသည့် ဂျပန်နိုင်ငံ၏ ဥပဒေမူကြမ်းကို ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးကော်မတီက အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ထောက်ခံမဲပေးခဲ့ကြ**

၁၉၉၄ ခုနှစ်ကတည်းက ဂျပန်နိုင်ငံက နှစ်စဉ်တင်သွင်းလာသည့် အလားတူ ဥပဒေမူကြမ်းကို ကုလသမဂ္ဂက (၂၇) ကြိမ်မြောက် အတည်ပြုခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဥပဒေမူကြမ်းကို နိုဝင်ဘာ ၃ ရက်က မဲခွဲဆုံးဖြတ်ခဲ့မှုအတွင်း နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသည့် နိုင်ငံများဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်အပါအဝင် နိုင်ငံပေါင်း ၁၃၉ နိုင်ငံက ထောက်ခံမဲပေးခဲ့ကြပြီးနောက် အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**သဘောထားဖော်ပြမှု ပြုလုပ်ခဲ့ခြင်းမရှိ**

ဩစတြီးယားနိုင်ငံအပါအဝင် နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းမရှိသည့် နိုင်ငံအချို့ကမူ လာမည့်ဇန်နဝါရီလတွင် အသက်ဝင်တော့မည့် ကုလသမဂ္ဂ၏ နျူကလီးယားလက်နက် တားဆီးရေးသဘောတူစာချုပ်တွင် ဂျပန်က သဘောထားဖော်ပြမှုပြုလုပ်ခဲ့ခြင်း မရှိဟုဆိုကာ ဂျပန်၏ နျူကလီးယား လက်နက်ဖျက်သိမ်းရေးဥပဒေမူကြမ်းကို မဲပေးခြင်းမပြုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ရွေးကောက်ပွဲနေ့တွင် ဆန္ဒပြမှုများမရှိဘဲ ငြိမ်းချမ်းစွာ မဲပေးခဲ့

**နယူးယောက် နိုဝင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု၌ သမ္မတရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၃ ရက်တွင် နယူးယောက်မြို့၌ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် မဲပေးရာတွင် ပါဝင်ကြရန်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း၊ အကယ်၍ ရွေးကောက်ပွဲနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါက ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြရန် မြို့တော်ဝန်က နယူးယောက်အသံလွှင့်ဌာနတစ်ခုသို့ ပြောကြားခဲ့သည်။

**တိုက်တွန်း**

ထို့အပြင် နယူးယောက်ရဲဌာနအနေဖြင့် လုံခြုံရေးဆိုင်ရာနှင့် ပတ်သက်၍ အဆင်သင့်ဖြစ်နေစေရန်နှင့် ရွေးကောက်ပွဲဖြစ်စဉ် တစ်ခုချင်းစီကို သတိဖြင့် အနီးကပ်စောင့်ကြည့်ရန် တိုက်တွန်းခဲ့သည်။

နိုဝင်ဘာ ၂ ရက်ကတည်းက ရွေးကောက်ပွဲစတင်သည့် နေ့နှင့် ရွေးကောက်ပွဲပြီးဆုံးသည့် အချိန် မြို့တော် ဘေးကင်းလုံခြုံစေရေး အဘက်ဘက်မှ ကြိုးစားဆောင်ရွက်ထားကြောင်း မြို့တော်ဝန် ဒီဘလာစီယိုက ပြောကြားခဲ့သည်။

**ကင်းလှည့်**

နယူးယောက်မြို့တော် ရဲတပ်ဖွဲ့သည် ပြီးခဲ့သည့် ရက်သတ္တပတ်က ရွေးကောက်ပွဲကာလ မြို့တော်လုံခြုံရေးအတွက် ကင်းလှည့်မှုများ ပြုလုပ်ခဲ့သည်။

ရွေးကောက်ပွဲနေ့တွင် ပဋိပက္ခများ မပေါ်ပေါက်စေရန် ရာဇဝတ်မှုကာကွယ်ရေး စေတနာ့ဝန်ထမ်းအဖွဲ့များကလည်း လုံခြုံရေးထိန်းသိမ်းရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




နယူးယောက်မြို့ရှိ မဲရုံတစ်ရုံ၌ မဲရုံဝန်ထမ်းများ တာဝန်ဆောင်ရွက်နေစဉ်။

# ထရမ့်နှင့် ဘိုင်ဒင် အိမ်ဖြူတော်ကို လွှမ်းမိုးနိုင်ရေး သူ့ထက်ငါအားပြိုင်လျက်ရှိ

ဝါရှင်တန် နိုဝင်ဘာ ၄

**အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ မဲရုံများပိတ်သိမ်းသွားချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်ပြိုင်ဘက် ဂျိုးဘိုင်ဒင်တို့သည် အိမ်ဖြူတော်တွင် မင်းမူစိုးမိုးရေးအတွက် သူ့ထက်ငါ မဲအများဆုံးရရှိရန် အကြိတ်အနယ်အားပြိုင်လျက်ရှိနေပြီး အမေရိကန်ပြည်သူများကလည်း ပြိုင်ဆိုင်မှုပြင်းထန်သည့် အဓိကမဲဆန္ဒနယ်များ၏ မဲအရေအတွက်အဆုံးအဖြတ်ကို ရင်ခုန်မျှော်လင့်စွာ စောင့်မျှော်လျက်ရှိသည်။**

လတ်တလောတွင် ပြိုင်ဆိုင်မှု ပြင်းထန်သည့် ပြည်နယ်များနှင့် စာတိုက်က ကြိုတင်ပေးခဲ့ကြသည့်မဲများကို ပြည်နယ်အတော်များများတွင် ရေတွက်နေဆဲဖြစ်သည့်အတွက် နောင်လာမည့် ၄ဖ ယောက်မြောက် အမေရိကန်သမ္မတ ဘယ်သူဖြစ်လာမလဲဆိုသည်မှာ ရေရာမှုမရှိသေးသလို ၎င်းတို့နှစ်ဦးလုံး သမ္မတဖြစ်မည့် အလားအလာ ရှိနေကြောင်း သိရသည်။

သမ္မတဖြစ်ရန် မသေချာမှုများနေသည့်အချိန် နိုဝင်ဘာ ၃ ရက် အစောပိုင်းက လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် မိမိအနေဖြင့် အနိုင်ရမှာ ကျိန်းသေကြောင်းနှင့် မဲရလဒ်များမှာ ကြီးမားစွာအောင်မြင်မှုရရှိကြောင်း ပြောကြားခဲ့ပြီး မဲရေတွက်နေမှုများရပ်တန့်ရန် တရားရုံးချုပ်ကို တောင်းဆိုမည်ဟု ပြောကြားလိုက်သည်။


မဲများဆက်လက်ရေတွက်နေသေးသည့် အခြေအနေကို ကန့်ကွက်ပြောကြားရာ၌ ယခုဖြစ်စဉ်သည် နိုင်ငံအတွက် တကယ့်ကို မသမာမှုကြီးတစ်ခုလို ဖြစ်နေကြောင်း၊ တကယ်တမ်းပြောရလျှင် မိမိအနိုင်ရပြီးသားဖြစ်နေပြီဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားလိုက်သည်။

ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်က ၎င်းကိုထောက်ခံသူများအား ယုံကြည်စိတ်ဆက်မွေးကြပါ၊ မိမိတို့အနိုင်ရမှာပါဟု ၎င်းနေထိုင်ရာ ဒယ်လာဝဲပြည်နယ် ဝယ်မင်တန်မြို့မှ မိန့်ခွန်းပြောကြားလိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့တစ်ဦးချင်းစီသည် ၂၀၂၀ အမေရိကန်သမ္မတရွေးကောက်ပွဲအောင်နိုင်ပြီး ၄ဖ ယောက်မြောက် အမေရိကန်သမ္မတဖြစ်ရန် သမ္မတနှင့် ဒုတိယသမ္မတကို ရွေးချယ်ရသောပြည်ထောင်စုကိုယ်စားလှယ်များအဖွဲ့ (Electoral College) ကပေးသော ဆန္ဒမဲ အရေအတွက် ၂၇၀ ရရှိရန် လိုအပ်သည်။

လတ်တလောတွင် ဘိုင်ဒင်က ၂၃၈ မဲ ရရှိလျက်ရှိပြီး ထရမ့်က ၂၁၃ မဲရရှိလျက်ရှိသည်။ သို့သော်လည်း နောက်ဆုံးရလဒ်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**




ထရမ့်နှင့် ဘိုင်ဒင်တို့၏ မဲရလဒ်အခြေအနေကို ဖော်ပြသောပုံကို တွေ့ရစဉ်။

## ရုရှားနိုင်ငံ၏ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုသစ် စံချိန်တင်ဖော်ပြ

**မော်စကို နိုဝင်ဘာ ၄**

ရုရှားနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုသည် နိုဝင်ဘာ ၄ ရက်တွင် ၁၉၇၆၈ ဦးရှိကြောင်း စံချိန်တင်မှတ်တမ်းတင်ဖော်ပြမှုက အသွားအလာကန့်သတ်ပိတ်ဆို့ရန် အစီအစဉ်မရှိဟု ပြောကြားလိုက်သည့် သမ္မတဗလာဒီမာပူတင် အစိုးရကို အခက်တွေ့စေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၈၉ ဦး ထပ်မံရှိလာမှုနှင့် အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ယခုနှစ် အစောပိုင်း ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားသည့် အချိန်မှစကာ ယခုအချိန်အထိ ၂၉၂၁၇ ဦးရှိလာခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုဗစ်- ၁၉ အတည်ပြုကူးစက်လူနာ အရေအတွက်သည် ၁၆၉၃၄၅၄ ဦးရှိလာသည်။ တခြားဥရောပနိုင်ငံများကဲ့သို့ပင် ရုရှားနိုင်ငံရှိဆေးရုံများသည်လည်း တိုးလာသောကိုဗစ်-၁၉ လူနာများဖြင့် ဝန်ပိလျက်ရှိသည်။

မတ်လမှမေလအထိ ကိုဗစ်-၁၉ ပထမလှိုင်း အမြင့်ဆုံးဖြစ်ပွားစဉ်ကတည်းက ရုရှားနိုင်ငံသည် တင်းကျပ်သော အသွားအလာကန့်သတ်ပိတ်ဆို့မှုကို ချမှတ်ခဲ့သော်လည်း လွန်ခဲ့သော ကြာသပတေးနေ့က ရုရှားသမ္မတဗလာဒီမာပူတင်က တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ပြန်လည်ချမှတ်ရန် အစီအစဉ်မရှိကြောင်း ပြောကြားလိုက်သည်။

သို့သော်လည်း ရုရှားသမ္မတပူတင်က ကိုဗစ်-၁၉ အဆိုးဆုံးဖြစ်ပွားသော မြို့များနှင့်ဒေသများတွင် ဒေသအပိုင်းအခြားအလိုက် သတ်မှတ်ထားသော ကန့်သတ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



ရီယိုဒီဂျနေးရိုး၏ ကိုပါကာဘာနာကမ်းခြေတွင် ကိုဗစ်-၁၉ကြောင့် သေဆုံးသွားသူများအတွက် ဆုတောင်းနေသူတစ်ဦးကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဒုတိယသေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၄**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုအသစ် ၁၁၈၄၃ ဦးနှင့် သေဆုံးလူနာ ၂၄၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၃ ရက်က အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ အရေအတွက်သည် ၅၅၆၆၀၄၉ ဦးအထိ ရောက်ရှိလာပြီး သေဆုံးသူအရေအတွက် စုစုပေါင်းသည်လည်း ၁၆၀၄၉၆ ဦး အထိတိုးလာကာ ကမ္ဘာ့ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်ဖြစ်သော ဆော်ပိုလိုပြည်နယ်သည် နိုင်ငံအတွင်း လူဦးရေအထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရကာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၁၈၅၄၄ ဦးရှိပြီး သေဆုံးသူ ၃၉၃၆၄ ဦး ရှိသည်။ ဆော်ပိုလိုပြည်နယ်ပြီးနောက် နိုင်ငံအတွင်း ဒုတိယ ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးပြည်နယ်မှာ ရီယိုဒီဂျနေးရိုးပြည်နယ်ဖြစ်ပြီး ကူးစက်ခံရသူ ၃၁၃၀၈၉ ဦးရှိကာ သေဆုံးသူ ၂၀၆၅၁ ဦးရှိသည်။

မကြာသေးမီ သီတင်းပတ်များအတွင်း ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံရမှုနှုန်းနှင့် သေဆုံးမှုနှုန်းကျဆင်းလာခဲ့သည်။

ယင်းအခြေအနေကြောင့် ရီယိုဒီဂျနေးရိုးမြို့တော်ဝန်ရုံးက လမ်းဘေးဈေးရောင်းခြင်းများနှင့် ကမ်းခြေများသို့ အပန်းဖြေသွားလာခြင်းနှင့်ဆိုင်သော ကန့်သတ်တားမြစ်ချက်များကို ဖယ်ရှားပေးကြောင်း ကြေညာလိုက်သည်။

ထို့အပြင် မြို့တော်ဝန်ရုံးက ပုဂ္ဂလိကကျောင်းများနှင့် မူကြိုကျောင်းများကိုဖွင့်လှစ်ကြောင်း ကြေညာလိုက်သလို အစိုးရကျောင်းများကိုလည်းဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်။

ယခုအချိန်အထိ ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ကမ္ဘာ့သေဆုံးသူအရေအတွက် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် တတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။

**ဆင်ဟွာ**



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဆေးရုံတစ်ရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် ကိုဗစ်-၁၉ လူနာများကို ဆေးကုသမှုပေးနေစဉ်။

## ကနေဒါနိုင်ငံသားများကို စစ်ထုတ်မှုပါဝင်သည့်အလွှာသုံးလွှာပါ နှာခေါင်းစည်းတပ်ဆင်ရန် ပြည်သူ့ကျန်းမာရေးအေဂျင်စီတိုက်တွန်း

**အော့တဝါ နိုဝင်ဘာ ၄**

ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီက ကနေဒါနိုင်ငံသားများကို စစ်ထုတ်မှုပါဝင်သည့် အလွှာသုံးလွှာပါ နှာခေါင်းစည်းတပ်ဆင်ရန် နိုဝင်ဘာ ၃ ရက်က တိုက်တွန်းလိုက်သည်။

အော့တဝါတွင် နိုဝင်ဘာ ၃ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကနေဒါပြည်သူ့ကျန်းမာရေးအကြီးအကဲ ထရီဆာတမ်က စစ်ထုတ်အလွှာပါသည့် နှာခေါင်းစည်းသည် ကနေဒါပြည်သူများအား ကိုဗစ်- ၁၉ မှ ပိုမိုကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

စစ်ထုတ်အလွှာပါရှိသည့် နှာခေါင်းစည်းသည် သေးငယ်သည့် ကူးစက်မှုဖြစ်ပွားနိုင်သည့် အမှုန်အမွှားများကို ဝင်ရောက်ခြင်းမပြုနိုင်အောင် တားဆီးရာ၌ ကူညီပေးမည်ဖြစ်ကြောင်းနှင့် မည်ရွေ့မည်မျှရောဂါမဝင်ရောက်အောင် ကူညီပေးမည်ဆိုသည်မှာ ပစ္စည်းအရည်အသွေးပေါ်တွင် မူတည်ကြောင်းနှင့် ဝတ်ဆင်ရာတွင်လည်း အနေတော်ဖြစ်ဖို့လိုကြောင်း တမ်က ပြောသည်။

အနေတော်ဖြစ်ခြင်းသည် အရေးကြီးဆုံးအရာဖြစ်ကြောင်းနှင့် ပါးစပ်၊ နှာခေါင်းတို့အတွက် အနေတော်ဖြစ်ပါမှ ပါးစပ်နှင့်နှာခေါင်းတို့ကို ကောင်းစွာဖုံးအုပ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အနာဂတ်တွင် နှာခေါင်းစည်းများကို ဝယ်ယူတပ်ဆင်ရာတွင် ကနေဒါနိုင်ငံသားများအနေဖြင့် အလွှာသုံးလွှာဖြင့် ပြုလုပ်ထားသော နှာခေါင်းစည်းများကို တပ်ဆင်သင့်ကြောင်း တမ်က အကြံပေးထားသည်။

**ဆင်ဟွာ**

# ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအပေါ် သက်ရောက်လာဦးမယ့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ

ကလျာမိုးမြင့်

အမေရိကန်ပြည်ထောင်စု တစ်ဝန်းမှာ သမ္မတရွေးကောက်ပွဲအတွက် မဲပေးခြင်းကို နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၅နာရီကတည်းက စတင်ပြုလုပ်နေကြပြီဖြစ်ပါတယ်။ ယခုနှစ်ဟာ ကြိုတင်မဲထည့်ဝင်ကြတဲ့ မဲဆန္ဒရှင်ပြည်သူ သန်း ၁၀၀နီးပါးအထိ ရှိခဲ့တဲ့ ထူးခြားသော နှစ်တစ်နှစ်ဖြစ်သလို မဲပေးတဲ့သူ အရေအတွက် စံချိန်တင်အများဆုံး ဖြစ်လာမယ့် ရွေးကောက်ပွဲအဖြစ်နဲ့ တွေ့မြင်ရဖွယ်ရှိပါတယ်။ ထို့အတူ နိုဝင်ဘာ ၃ ရက်နေ့ အမေရိကန်ရွေးကောက်ပွဲဟာ အမေရိကန်ပြည်ထောင်စုကနေ မိုင်ထောင်ချီဝေးတဲ့နေရာမှာ တည်ရှိနေတဲ့ ကိုရီးယားကျွန်းဆွယ် အပေါ်မှာ ကြီးမားတဲ့သက်ရောက်မှုရှိလာနိုင်တယ်လို့ နိုင်ငံရေးလေ့လာသူတွေက ဆိုကြပါတယ်။



၂၀၁၉ခုနှစ် ဇွန်လအတွင်းက ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်၌ တွေ့ဆုံခဲ့ကြသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။

## ချဉ်းကပ်ပုံမတူ

ဘာကြောင့် ဒီလိုသက်ရောက်နိုင်လဲဆိုတော့ အမေရိကန်သမ္မတနေရာအတွက် ယှဉ်ပြိုင်နေကြတဲ့ ကိုယ်စားလှယ်နှစ်ဦးစလုံးဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယား လက်နက်ဖျက်သိမ်းရေး အကောင်အထည်ပေါ်လာဖို့အတွက် တစ်ယောက်နဲ့ တစ်ယောက် လုံးဝမတူညီကြတဲ့ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းတွေနဲ့ မြောက်ကိုရီးယားနိုင်ငံကို ချဉ်းကပ်ဖို့ ကတိပြုထားကြတဲ့သူတွေ ဖြစ်လို့ပါပဲ။

သမ္မတ ဒေါ်နယ်ထရမ့်ဟာဆိုရင်ဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အတူထိုင်ပြီး စကားပြောဆိုဆွေးနွေးမှု သုံးကြိမ်တိုင်တိုင်ပြုလုပ်ဖူးတဲ့ တစ်ဦးတည်းသော နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ ထို့အတူ မြောက်ကိုရီးယားနိုင်ငံရဲ့မြေပေါ် ပထမဆုံးခြေချဖူးတဲ့ အမေရိကန်သမ္မတ တစ်ဦးလည်းဖြစ်ပါတယ်။

## မေးခွန်းထုတ်စရာမလို

၎င်းတို့နှစ်ဦး အကြားပုဂ္ဂိုလ်ရေးဆိုင်ရာ သံတမန်ဆက်ဆံရေး ပုံစံဟာဆိုရင်လည်း ဘယ်တုန်းကနဲ့မှ မတူအောင် တိုးတက်ဖြစ်ထွန်းမှုတွေရှိခဲ့တာဖြစ်လို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေနဲ့ သမ္မတထရမ့်ကိုပဲ ဒုတိယအကြိမ်သမ္မတအဖြစ်နဲ့ ထပ်မံမြင်တွေ့ချင်လိမ့်မယ်ဆိုတာ မေးကြည့်စရာတောင်မလိုဘူးလို့ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်သူတချို့က မှတ်ချက်ပေးနေကြပါတယ်။

သမ္မတ ထရမ့်နဲ့ ခေါင်းဆောင်ကင်တို့ဟာ ၂၀၁၈ ခုနှစ်က စင်ကာပူနိုင်ငံမှာ နျူကလီးယားလက်နက် ဖျက်သိမ်းရေး သဘောတူညီမှုရရှိဖို့အတွက် ပထမဆုံး တွေ့ဆုံခဲ့ကြပါတယ်။ တွေ့ဆုံမှုအတွင်းမှာ ထရမ့်ကမြောက်ကိုရီးယားနိုင်ငံရဲ့ လုံခြုံမှုအတွက် အာမခံခဲ့သလို ခေါင်းဆောင်ကင်ကလည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက် အပြီးတိုင် ဖျက်သိမ်းရေး လုပ်ဆောင်မယ်လို့ ကတိကဝတ်ပြုခဲ့ပါတယ်။ သို့သော်လည်းပဲ မြောက်ကိုရီးယားရဲ့ နျူကလီးယားလက်နက်တွေနဲ့ နျူကလီးယား အဆောက်အအုံတွေအားလုံးကို စာရင်းချပြဖို့ အမေရိကန်ကတောင်းဆိုလိုက်တဲ့အခါမှာတော့ မြောက်ကိုရီးယားဘက်က လက်မခံခဲ့ပါဘူး။

## ဒုတိယအကြိမ်ထိပ်သီးဆွေးနွေးပွဲ

အဲဒီဆွေးနွေးပွဲဖြစ်မြောက်ခဲ့ပြီး ရှစ်လအကြာမှာ နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးအကြား ဒုတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲကို ဗီယက်နမ်နိုင်ငံမှာ ထပ်မံပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာလည်း နောက်ထပ်သဘောထားကွဲလွဲမှုထပ်ဖြစ်ပြီး နျူကလီးယားအရေးနဲ့ ပတ်သက်တဲ့ ရလဒ်တွေထွက်ပေါ်လာခြင်း မရှိခဲ့ပါဘူး။

မြောက်ကိုရီးယားနိုင်ငံအနေနဲ့ ၎င်းအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေအားလုံးကို ဖယ်ရှားပေးစေချင်တယ်။ ဒါပေမယ့် အမေရိကန်က ဒီကိစ္စကို သဘောမတူနိုင်ဘူးလို့ ပြောခဲ့ပါတယ်။ လတ်တလောမှာ တစ်ယောက်နဲ့ တစ်ယောက် အမြင်မတူ ဖြစ်ခဲ့ကြပေမယ့် နှစ်ဦးနှစ်ဖက်အကြားက ကွာဟမှုကို ပြန်လည်ဆက်စပ်လာအောင် လုပ်နိုင်မယ်လို့တော့ မျှော်လင့်ထားတယ်လို့ ထရမ့်က ပြောကြားခဲ့တာဖြစ်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံဟာ ၂၀၀၆ ခုနှစ်မှာ ၎င်းရဲ့နျူကလီးယားစမ်းသပ်မှုကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ထရမ့်နဲ့ ကင်ဂျုံအန်းတို့ စင်ကာပူနိုင်ငံမှာ လက်ဆွဲနှုတ်ဆက်ခဲ့ကြတဲ့ အချိန်မှာပဲ မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစမ်းသပ်မှုနဲ့ တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှု နောက်ထပ်ငါးခု ပြုလုပ်ခဲ့ပါတယ်။ ကျွမ်းကျင်သူတွေရဲ့ ပြောကြားချက်အရ မြောက်ကိုရီးယားရဲ့ တိုက်ချင်းပစ်ဒုံးကျည်တွေဟာ အမေရိကန် ကုန်းမြေအထိ ရောက်ရှိနိုင်တယ်လို့ သိရပါတယ်။

## အနှစ်သာရမရှိတဲ့ စီမံချက်တစ်ခုသာဖြစ်

သမ္မတထရမ့်ရဲ့နေရာကို စိန်ခေါ်သူဖြစ်တဲ့ အမေရိကန် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ဟာ မြောက်ကိုရီးယားကို လုံးဝကွဲပြားခြားနားတဲ့နည်းနဲ့ချဉ်းကပ်ဖို့ အလေးပေးနေသူတစ်ယောက်ပါ။ ၎င်းက ခေါင်းဆောင်ကင်နဲ့ ပြုလုပ်ခဲ့တဲ့ ထိပ်သီးဆွေးနွေးမှုတွေဟာ အနှစ်သာရမရှိတဲ့ စီမံချက်တစ်ခုသာဖြစ်ကြောင်းနဲ့ အဲဒီလို ထိပ်သီးဆွေးနွေးမှုတွေနဲ့ ပုဂ္ဂိုလ်ရေးအရ သံတမန်ဆက်ဆံမှုတွေကို ဆက်လုပ်နေမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

## ယခင်လမ်းစဉ်ကိုလိုက်မည့်သူမဟုတ်

အကယ်၍ ရွေးကောက်ပွဲမှာ ဂျိုးဘိုင်ဒင် အနိုင်ရခဲ့ရင်၎င်းဟာ မြောက်ကိုရီးယားအရေးမှာ ယခင်သမ္မတ နှစ်ဦးက လုပ်ဆောင်ခဲ့တဲ့ လမ်းစဉ်တွေကို နှုတ်ဆက်ထွက်ခွာသွားမယ့်သူ ဖြစ်လာတော့မှာပါ။ ရွေးကောက်ပွဲတစ်ခုပြီးသွားတိုင်း ကျူးကျော်ရန်စမှုတွေ ဖြစ်လာမယ်လို့ အမြဲပုံသေကားချပ် တွက်ဆလို့မရဘူး။ ဒါပေမယ့် အဲဒီလိုဖြစ်လာခဲ့ရင်တောင် ကျမ်းသစ္စာကျိန်ဆိုတဲ့ အခမ်းအနားပြီးတဲ့နောက် တစ်လအကြာလောက်မှသာ ဖြစ်လာလိမ့်မယ်လို့ မူဝါဒဆိုင်ရာ အာဆန်လေ့လာမှုအင်စတီကျူမှ ဂျိမ်းစ်ကင်က ပြောကြားခဲ့ပါတယ်။

## နျူကလီးယားအရေး ဘယ်လိုဖြေရှင်းမလဲ

အမေရိကန် ရွေးကောက်ပွဲဖြစ်စဉ်ကတော့ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဖြစ်လာခဲ့ပြီမို့ လာမယ့် ဇန်နဝါရီလမှာ သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုမယ့်အချိန် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ကျမ်းသစ္စာကျိန်ဆိုမှုပြီးတဲ့နောက် လာမယ့် ဖေဖော်ဝါရီလနဲ့ မတ်လရောက်တဲ့အခါ မြောက်ကိုရီးယားဘက်က ဘယ်လိုခြေလှမ်းတွေ လှမ်းလာဦးမလဲဆိုတာကို ကျွန်ုပ်တို့ မြင်တွေ့ရဖွယ်ရှိတယ်။

ရွေးကောက်ပွဲမှာ ဘယ်သူအနိုင်ရသည်ဖြစ်စေ အနိုင်ရတဲ့သူရဲ့ ခေါင်းထဲမှာ မြောက်ကိုရီးယားရဲ့ နျူကလီးယားအရေးနဲ့ ပတ်သက်ပြီး ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ မေးခွန်းနဲ့လုံးပန်းရဦးမှာ ဖြစ်ပါတယ်။ ။

အင်န်အိတ်ချ်ကေ

---

## နိုင်ငံတကာသတင်းတိုထွာ

### ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းကျော်လွန်လာ

ဘိုဂိုတာ နိုဝင်ဘာ ၄

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၁၃၆ ဦးအတည်ပြုခဲ့ပြီးနောက် ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၀၉၉၃၉၂ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၃ ရက်တွင် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် တစ်နိုင်ငံအတိုင်းအတာဖြင့် သေဆုံးသူအရေအတွက်သည်၃၁၈၁၇ ဦးအထိ ရောက်ရှိလာချိန်တွင် ကိုဗစ်-၁၉ ရောဂါမှ သက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းသူ ၉၉၃၈၇၇ ဦး ရှိသည်။

ကိုလံဘီယာအစိုးရသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် သတ်မှတ်အသွားအလာကန့်သတ်ဆောင်ရွက်မှုများကို ဒီဇင်ဘာ ၁ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ဆင်ဟွာ

### အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ရှစ်သန်းကျော်လွန်လာ

နယူးဒေလီ နိုဝင်ဘာ ၄

အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်လူနာသစ် ၄၆၂၅၃ ဦးစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်လူနာအရေအတွက်သည် နိုဝင်ဘာ ၄ ရက်တွင် ၈၃၁၃၈၇၆ ဦးအထိရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းအချက်အလက်များအရ သိရသည်။

နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းအထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၃၆၁၁ ဦး အထိရောက်ရှိလာခဲ့ကြောင်း ဝန်ကြီးဌာန၏ သတင်းအချက်အလက်တွင် ဖော်ပြထားသည်။

လတ်တလော နိုင်ငံအတွင်း ကိုဗစ်-၁၉ ကုသမှုခံယူနေသူအရေအတွက် ၅၃၃၇၈၇ ဦး ရှိချိန်တွင် ကိုဗစ်-၁၉ ရောဂါမှ ပျောက်ကင်း၍ ဆေးရုံမှ ဆင်းသူ ၇၆၅၆၄၇၈ ဦးရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများကို နိုင်ငံတစ်ဝန်း အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။

နိုဝင်ဘာ ၃ ရက်အထိ ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၁၁၂၉၉၈၉၅၉ ခု ပြုလုပ်ခဲ့ပြီးဖြစ်ကာ ၎င်းတို့အနက် စစ်ဆေးမှုပေါင်း ၁၂၀၉၆၀၉ ခုကို နိုဝင်ဘာ ၃ ရက် တစ်ရက်တည်းတွင် ဆောင်ရွက်ခဲ့ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီ၏ အချက်အလက်များတွင် ဖော်ပြသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃ ရက်သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

### လွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

(၄-၁၁-၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဦးအောင်သန်းဆိုသူ၏ နေအိမ်တွင် ၃၁-၁၀-၂၀၂၀ ရက်နေ့၌ အမှတ် (၄) ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲကောက်ယူစဉ် ဦးဂျူးနီ(ခ) ဦးထွန်းမြင့်ဆိုသူမှ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးထားသော UEC တံဆိပ်တုံးအား အသုံးမပြုဘဲ ၎င်း၏ကိုယ်ပိုင်တံဆိပ်တုံးဖြင့် ဆန္ဒမဲပေးခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။

၂။ အထက်ဖော်ပြပါဖြစ်စဉ်ကိုကျူးလွန်ခဲ့သည့် ဦးဂျူးနီ (ခ) ဦးထွန်းမြင့်ကို ပုသိမ်မြို့နယ် ရဲစခန်းတွင် ၃-၁၁-၂၀၂၀ ရက်နေ့ ၁၅:၃၀ အချိန်၌ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်းနှင့် တံဆိပ်တုံးအား ပုသိမ်မြို့နယ် ရဲစခန်းတွင် သိမ်းဆည်းထားရှိပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဆွမ်ပရာဘွမ်မြို့နယ်၌ ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ ကြိုတင်ဆန္ဒမဲများကို အများရှေ့မှောက်တွင် ချိပ်ပိတ်ခြင်းဆောင်ရွက်

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်တွင် ပြည်တွင်းရှိသက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်ဆန္ဒမဲများကို အများရှေ့မှောက်တွင် ချိပ်ပိတ်ခြင်းကို နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

အဆိုပါချိပ်ပိတ်ခြင်းကို နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက အများရှေ့မှောက်တွင် မဲပုံးကိုစစ်ဆေးခြင်း၊ ချိပ်ပိတ်ခြင်းနှင့်ရောက်ရှိလာသည့် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသော ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်ဆန္ဒမဲများကို မဲပုံးအတွင်းသို့ထည့်၍ ချိပ်ပိတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆွမ်ပရာဘွမ်မြို့နယ်အနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)ဖြင့် တောင်းဆိုထားသော ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၃ ဦးရှိပြီး ၂၂ ဦးသာ ကြိုတင်ဆန္ဒမဲပေးကြောင်း၊ ၎င်းကို ပုံစံ (၁-၁) ဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် သိမ်းဆည်းထားကြောင်း၊ ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် အောက်တိုဘာ ၂၅ ရက် နောက်ဆုံးထား၍ ပေးထားသည့် ဆန္ဒမဲလက်မှတ်များဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိ ဦးအောင်နိုင်ဦးက ပြောကြားသည်။

ကုဋ္ဌေ(ပြန်/ဆက်)

## တောင်တွင်းကြီးမြို့နယ် အသွားအလာကန့်သတ်ထားသည့် နေရာများရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေး

**တောင်တွင်းကြီး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အသွားအလာကန့်သတ်ထားသည့်နေရာများရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယမန်နေ့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် အသွားအလာကန့်သတ်ထားသည့်နေရာများဖြစ်သည့် အ-ထ-က(၁) မှ ၂၆ ဦး၊ ညောင်ပင်လှမှ ၁၂ ဦးနှင့် ရတနာပင်စည်မှ ၁၂ ဦး စုစုပေါင်း ၅၀ တို့ကို ကြိုတင်ဆန္ဒမဲပေးနိုင်ရေး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ကျ အထူးရဲများက ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသွားအလာကန့်သတ်ထားသူ ၅၀ ကြိုတင်မဲပေးနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်သင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

## ကိုဗစ် – ၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံများအကြောင်း ဆွေးနွေးခန်း

ထက်လျှံ၊ ဓာတ်ပုံ – ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်၏ ကိုဗစ် – ၁၉ ရောဂါ ရင်ဆိုင်ကျော်လွှားခဲ့ရပုံများအကြောင်း ဆွေးနွေးခန်းကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



ကိုဗစ် – ၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ဦးကျော်သူ၊ ဦးချမ်းငြိမ်းအောင်နှင့် မကြည်ပြာတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**အစီအစဉ်မှူး ။ ။** ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်လို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ ပြည်သူတွေအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ သိသင့်သိထိုက်တဲ့ကိစ္စတွေ၊ သိချင်တဲ့ အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက အပတ်စဉ် ပညာပေးရှင်းလင်းပြောကြားပေးနေတဲ့ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် ပြီးခဲ့တဲ့ မတ်လ ၂၃ ရက်နေ့က စတင်တွေ့ရှိခဲ့တဲ့ ကိုဗစ် – ၁၉ ရောဂါပိုးဟာ အခုအချိန်မှာဆိုရင် ရှစ်လတာ ကာလထဲကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို ပြန်ပြီးသုံးသပ်ရမယ်ဆိုရင် ယခုလက်ရှိမှာ ရောဂါဖြစ်ပွားမှု အများဆုံးက ရန်ကုန်တိုင်းဒေသကြီး ဖြစ်သလို ကူးစက်မှုအများဆုံးနဲ့ အစုလိုက်အပြုံလိုက် ဖြစ်ပွားနိုင်တဲ့နေရာတွေက ဈေးတွေ၊ ဘာသာရေးဆိုင်ရာ နေရာဌာနတွေ၊ ဘိုးဘွားရိပ်သာတွေ၊ စက်ရုံအလုပ်ရုံတွေပဲ ဖြစ်ပါတယ်။

အဲဒီလိုနေရာတွေမှာ ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို အထူးအလေးထား လိုက်နာကြဖို့လည်း လိုအပ်ပါတယ်။ ဒီနေ့ ကိုဗစ်အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်မှာ ကိုဗစ် – ၁၉ ရောဂါနဲ့ ရင်ဆိုင်ခဲ့ရပြီး မှန်ကန်ကောင်းမွန်တဲ့ ကုသမှုတွေကို ခံယူခဲ့သူတွေနဲ့ တွေ့ဆုံပြီး သူတို့ ဘယ်လိုခွန်အားတွေနဲ့ ဒီရောဂါကို ရင်ဆိုင်ခဲ့ကြသလဲဆိုတဲ့ အတွေ့အကြုံ တွေကို မျှဝေပေးဖို့အတွက် တွေ့ဆုံမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ **နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနဲ့အတူ သဃ်္ဃန်းကျွန်းမြို့နယ်က ဦးချမ်းငြိမ်းအောင်နဲ့ မကြည်ပြာ** တို့ကို ဖိတ်ခေါ်ထားပါတယ်။

အခုဆိုရင် ကိုဗစ်ရောဂါပိုး ဘယ်လိုစပြီးဖြစ်သလဲ ဆိုတာကနေ စပြီးဆွေးနွေးချင်ပါတယ်။ ဦးကျော်သူ အနေနဲ့ ကိုဗစ်ရောဂါကို ဘယ်တုန်းကစပြီးဖြစ်သလဲ၊ ဘယ်နေ့ကစဖြစ်သလဲ၊ ဘယ်လိုမျိုး ကူးစက်ခံရသလဲ ဆိုတာလေးကို ပြောပြပေးပါဦး။

**ဦးကျော်သူ ။ ။** ဘယ်လို ကူးစက်ခံရသလဲဆိုတာတော့ ကျွန်တော်လည်း သတိမထားမိဘူး။ ဒါပေမယ့် ကျွန်တော်တို့ နာရေးကူညီမှုအသင်းကနေ နာရေးကိစ္စတွေ၊ လူနာတင်ယာဉ်ကိစ္စတွေကို ဒါတွေ ပို့ဆောင်ပေးပါတယ်။ ဒ့ါအပြင် ကိုဗစ်လူနာတွေ ပို့ဆောင်တာတွေလည်း လုပ်ပေးနေပါတယ်။ Quarantine ပို့တာတွေမှာ ကူညီဆောင်ရွက်ပေးပါတယ်။

ဒါပေမယ့် ကျွန်တော်က နာရေးကူညီမှုလမ်းကြောင်းကိုပဲ ပို့ဆောင်ပေးတယ်။ တစ်ခါတလေ ကျွန်တော် ကားမောင်းပေးတယ်။ မောင်းလို့ရှိရင်လည်း ကျွန်တော် PPE ဝတ်စုံ နံပါတ် (၂) ဝတ်တယ်။ အကာအကွယ်လုပ်ပြီး ကျွန်တော် သွားပါတယ်။ အဲဒီမှာ တောက်လျှောက် မဖြစ်လာပါဘူး။ ကျွန်တော်တို့ ကူညီမှုအဖွဲ့တွေက တစ်ယောက်မှ မဖြစ်ပါဘူး။ မဖြစ်ဘဲနဲ့ ရုံးမှာနေတဲ့ တစ်ယောက်က သူဘယ်ကနေ၊ ဘယ်လိုဖြစ်လာသလဲ မသိဘူး။ အနံ့ ပျောက်တယ်၊ ဘာညာဖြစ်တော့ သူ့ကို စစ်လိုက်တယ်။ သူက Positive ဖြစ်နေတယ်။

သူကလည်း ကျွန်တော့်အခန်းထဲကို နှစ်ကြိမ်လောက် အဝင် / အထွက် လုပ်တယ်။ နှစ်ကြိမ်လောက်ဆိုတာက ခပ်လှမ်းလှမ်းပဲနေတာ။ ကျွန်တော်နဲ့ နီးနီးကပ်ကပ်လည်း မဟုတ်ဘူး။ ခပ်လှမ်းလှမ်းကပဲ လုပ်စရာရှိတာလုပ်ပြီး ပြန်သွားတာပါ။

အဲဒီတော့ သူဖြစ်ပြီဆိုတာနဲ့ သူနဲ့ပတ်သက်ခဲ့တဲ့ ဈာပနအဖွဲ့တို့၊ အလှူခံဌာနတို့ ဒီဟာတွေကပါ လူအားလုံးကို စစ်ရမယ်ဆိုတော့ စစ်ပါတယ်။ စစ်တဲ့အချိန်မှာ ငါလည်း စစ်မယ်ဆိုပြီး စစ်လိုက်တယ်။ စစ်လိုက်တဲ့ အချိန်မှာ ကျွန်တော်က Positive ဖြစ်သွားတယ်။ ကျန်တဲ့ ဈာပနအဖွဲ့တို့၊ အလှူခံဌာနတို့က Negative ဖြစ်သွားတယ်။

ကျွန်တော် ဖြစ်တာကို အောက်တိုဘာလ ၂၁ ရက်နေ့က သိပါတယ်။ နေ့လယ်သိတာနဲ့ ညနေ ကျွန်တော် ချက်ချင်းပဲ ဝေဘာဂီဆေးရုံကို လာလိုက်ပါတယ်။ လာလိုက်တော့ ကျွန်တော့်ကို ကုသမှုတွေ လုပ်ပေးပါတယ်။

**အစီအစဉ်မှူး ။ ။** မဖြစ်ခင်မှာကော ရောဂါလက္ခဏာတွေ ပြတာရှိသေးလားရှင့်။

**ဦးကျော်သူ ။ ။** ရောဂါလက္ခဏာတွေ မပြပါဘူး။ အနံ့ပျောက်တာတို့၊ အသက်ရှူကျပ်တာတို့၊ မောတာတို့ ဒါတွေ ဘာမှမဖြစ်ဘူး။ အခုအချိန်အထိ ပုံမှန်အတိုင်းပါပဲ။

**အစီအစဉ်မှူး ။ ။** ဦးချမ်းငြိမ်းအောင်အနေနဲ့ ကိုဗစ်ရောဂါကို ဘယ်လိုစပြီးဖြစ်သလဲ ဆိုတာကို ပြောပြပေးပါဦး။

**ဦးချမ်းငြိမ်းအောင် ။ ။** ကိုဗစ် – ၁၉ စကူးတဲ့ အခြေအနေက ကုမ္ပဏီမှာ လုပ်တာဆိုတော့ ကျွန်တော် ကုမ္ပဏီကို သွားတယ်။ လာတယ်။ နောက်ပိုင်း ဘယ်ကမှကူးတဲ့ အနေအထား မရှိပါဘူး။ သွားရင်း၊ လာရင်းနဲ့ နေတာ၊ ထိုင်တာ တစ်မျိုးဖြစ်လာတယ်။ ဖျားချင်သလိုဖြစ်လာလို့ ကျွန်တော် အိမ်ကိုပြန်ပြီး နှစ်ရက် အနားယူတယ်။ ပြီးရင် ဆေးခန်းသွားပြတယ်။ ဆေးခန်းက ဆေးကုပေးတယ်။ ဆေးသောက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော် အနံ့ပျောက်သွားတယ်။

ဒါပေမယ့် အနံ့ပျောက်သွားတဲ့အချိန်မှာ တစ်ပြိုင်တည်း ကျွန်တော့်သမီးကလည်း ဖျားတယ်။ ဖျားတဲ့အတွက် ကျွန်တော်တို့ Fever Clinic ကိုသွားဖို့အတွက် အဲဒီနေ့ မနက်မှာပဲ ကျွန်တော်ခွင့်ယူပြီးတော့ သွားပါတယ်။ သွားတဲ့အခါကျတော့ Fever Clinic ကနေ Fever Corner ဆိုတဲ့ သဃ်္ဃန်းကျွန်းစံပြဆေးရုံကို လွှတ်ပါတယ်။ ဆေးရုံရောက်တဲ့အခါမှာ ကျွန်တော်တို့ကို စစ်ဆေးမှုတွေ လုပ်ပါတယ်။ သွေးစစ်ပါတယ်။ ဓာတ်မှန်ရိုက်ပါတယ်။ ဓာတ်မှန်ရိုက်ပြီး ချက်ချင်းအဖြေအပေါ်ကို ကြည့်ပြီး သူတို့ရဲ့ ကနဦး စစ်ဆေးတွေ့ရှိချက်အရ သံသယလူနာအဖြစ် အခန်းတစ်ခန်းမှာ ထားပေးပါတယ်။ အဲဒီအထိလည်း ကျွန်တော်အနံ့ပျောက်နေတာပါ။ အဲဒီလိုနေရင်းနဲ့ မကြာပါဘူး။ ကျွန်တော်တို့ကို နောက် ၄၅ မိနစ် ကြာတဲ့ အချိန်မှာ Swab Test စစ်ပါတယ်။ စစ်လိုက်ပြီးနောက် တစ်ရက်မှာ ကျွန်တော်တို့ နှစ်ယောက်စလုံး Positive ဖြစ်ပါတယ်။

Positive ဖြစ်တော့ ညတွင်းချင်းပဲ လူနာတင်ယာဉ်နဲ့ခေါ်ပြီး ဝေဘာဂီဆေးရုံကို ပို့ပါတယ်။ ဝေဘာဂီဆေးရုံ ရောက်တဲ့အခါမှာ ဆေးကုသမှုတွေ ခံယူရပါတယ်။ ဟိုက စစ်ဆေးထားတဲ့ ဓာတ်မှန်အပြင် နောက်ထပ်ဓာတ်မှန် ထပ်ရိုက်ရပါတယ်။ ပြီးရင် သွေးနဲ့ ပတ်သက်တာတွေကိုလည်း ပြန်စစ်ရပါတယ်။ အဲဒါနဲ့ ကျွန်တော်က အနံ့ ပျောက်နေတဲ့သူဖြစ်တဲ့အတွက် လက်ကို ဆေးထိုးဖို့ အတွက် ပိုက်တပ်ပေးပြီး အကြောဆေးတစ်လုံး ထိုးပေးပါတယ်။ လိုအပ်တဲ့ ဆေးဝါးတွေ ထပ်မံပေးဖို့အတွက် လက်ကို ပိုက်တပ်ပေးခြင်းဖြစ်ကြောင်း ဆရာဝန်က ပြောပါတယ်။

အဲဒီလို ပြောပြီးတော့ ဒီအတိုင်းနေပါတယ်။ စရောက်တဲ့ အချိန်မှာ ဘယ်လိုပဲဖြစ်ဖြစ် ပထမဦးဆုံး ကြောက်လန့်တဲ့စိတ်တွေ ရှိနေပေမယ့် ဆေးရုံရဲ့ ကုသမှု၊ ဆေးရုံရဲ့အနေအထား၊ ဆေးရုံရောက်တာနဲ့ ကြိုဆိုမှု အားလုံးက နွေးထွေးမှုရှိတဲ့အတွက် ကောင်းမွန်တဲ့ခံစားမှုကို ခံစားရပါတယ်။ ဒီလောက်ကြီးလည်း ကြောက်စိတ် မရှိတော့ဘူး။ ဆေးရုံကို ရောက်နေပြီပဲ၊ ကုသပေးမယ့် ဆရာဝန်တွေရှိတယ်။ အကူအညီတောင်းရင် ရမယ်။ သူတို့က ကူညီပေးမှာဆိုတဲ့ အသိမျိုးနဲ့ ကျွန်တော် ဝမ်းသာပြီး ကောင်းကောင်းမွန်မွန် အိပ်ပျော်သွားတယ်။

နောက်နေ့မနက်ကျတော့ ပြောတဲ့အတိုင်းပဲ လိုအပ်တဲ့ အချက်အလက်တွေကို ကြည့်ပြီးတော့ ဓာတ်မှန်ပိုင်းဆိုင်ရာ သိပ်ပြီးထင်ထင်ရှားရှား မရှိတဲ့အတွက် ကွန်ပျူတာဓာတ်မှန် ထပ်ရိုက်ပါတယ်။ ကွန်ပျူတာဓာတ်မှန်ရိုက်တော့ ကျွန်တော်က သာမန်နဲ့ ပြင်းထန်ကြားထဲမှာ ဖြစ်တာပါ။ အဲဒီအချိန်က ကျွန်တော် သိပ်ပြီး ပြင်းပြင်းထန်ထန် မဖြစ်တော့ လိုအပ်တဲ့ဆေးဝါးကုဖို့ ဆိုပြီး ဝေဘာဂီအဆောင် (၂) မှာပဲ ဆက်လက်ကုသပြီး တောက်လျှောက်နေလာခဲ့တာ ၁၇ ရက် ကြာခဲ့ပါတယ်။ အဲဒီ ၁၇ ရက် ကြာတဲ့ အတောအတွင်းမှာ ကျွန်တော်တို့ကို မနက်မိုးလင်းကနေစပြီး မိုးချုပ်တဲ့အထိ ဆရာဝန်တွေရဲ့ ကုသမှုတွေ၊ ပြုစုစောင့်ရှောက်မှုတွေ သူတို့ရဲ့ ကျွန်တော်တို့အပေါ်ကို အားပေးနှစ်သိမ့်မှုတွေအတွက် တော်တော်လေး ဝမ်းသာရပါတယ်။ အစားအသောက်နဲ့ ပတ်သက်လို့ လိုအပ်တဲ့ အာဟာရပြည့်အောင် အကုန်လုံးက မနက်စာဆို မနက်စာ၊ နေ့လယ်စာဆို နေ့လယ်စာ၊ ညစာဆို ညစာ အစရှိသဖြင့် ပြုစုစောင့်ရှောက်ပေးတယ်။ ဒီလိုပြုစုစောင့်ရှောက်ပေးတဲ့အတွက် ကျွန်တော် ၁၀ ရက်လောက်နဲ့ တော်တော်သက်သာနေပါပြီ။ အကြောဆေးနဲ့ ပိုးသတ်ဆေးကို တစ်ပတ်လောက် သွင်းလိုက်တယ်။ ကျွန်တော် နိုင်ငံတကာကုထုံးဖြစ်တဲ့ ဂျပန်ကလာတဲ့ ဆေးတစ်မျိုးကို ရပါတယ်။ ဆေးနာမည်က Avigan လို့ခေါ်တယ်ဆိုတာကို ဆရာဝန်ကြီးတွေက ပြောပြပါတယ်။

ဆရာဝန်ကြီးတွေက အဲဒီဆေးနဲ့ ပတ်သက်လို့ ရှင်းပြပါတယ်။ အဲဒီဆေး ၅၇ လုံး ပြည့်အောင် သောက်ရပါတယ်။ ပထမ ၁၆ လုံး၊ နောက်ရှစ်လုံး အဲဒီလို သောက်ရပါတယ်။ အဲဒီဆေးသောက်ပြီးတဲ့ အချိန်မှာ ကျွန်တော် တော်တော်လေးလည်း ကျန်းမာလာတယ်။ ၁၆ ရက်ပြည့်ပြီး နောက်တစ်ရက်ကျတော့ ဆရာဝန်က ကျွန်တော်တို့ရဲ့ သွေးစစ်ချက်တွေကိုပါ ကြည့်ပြီး စိတ်ချရပြီဆိုပြီး ၁၇ ရက်မြောက်နေ့မှာ ဝေဘာဂီဆေးရုံကနေ ဆင်းလာခဲ့ရပါတယ်။ တောက်လျှောက် ဒီကာလအတွင်းမှာ ကျွန်တော်တို့ စိတ်ကျေနပ်မှုအပြည့်နဲ့ ကိုယ့်အိမ်က မိသားစုက ကိုယ့်ကို စောင့်ရှောက်ပေးသလိုပါပဲ ခံစားရပြီးတော့ ကျွန်တော်တို့ ရောဂါအစောကြီး ပျောက်ကင်းသွားပါတယ်။

**အစီအစဉ်မှူး ။ ။** မကြည်ပြာရှင့်၊ ခုနက ဦးချမ်းငြိမ်းအောင်နဲ့ သားအဖ ဖြစ်တယ်။ ပြီးတော့တစ်အိမ်တည်းမှာ နေတာဆိုတော့ မိသားစုဝင်တွေ ထဲမှာကော တခြားကူးစက်ခံရသူတွေ ရှိသေးလား။

**မကြည်ပြာ ။ ။** မိသားစုက သုံးယောက်နေတာပါ။ ညီမ ဖြစ်တယ်။ မောင်လေးလည်း ဖြစ်တယ်။

**အစီအစဉ်မှူး ။ ။** ကိုဗစ် – ၁၉ ဖြစ်တဲ့အချိန်မှာ ခံစားရတဲ့ ခံစားချက်လေး ပြောပြပေးပါဦး။

**မကြည်ပြာ ။ ။** ညီမ စဖြစ်တုန်းက အဖေက အဲဒီအချိန်မှာ နေမကောင်းဘူး။ ညီမက လည်း ကိုယ်ခံအားကျသလိုမျိုးပဲ ဘာမှ မလုပ်ချင်၊ မကိုင်ချင်စိတ်ဖြစ်တယ်။ အဖေဖြစ်နေတာက ရိုးရိုးတုပ်ကွေးလား၊ ကိုဗစ်လားဆိုတာကို မဝေခွဲဘူး။ အဲဒီအချိန်မှာ အဖေကလည်း အနံ့ပျောက်တာ မရှိသေးဘူး။ ဆေးခန်းသွားပြလို့ သက်သာနေပြီ၊ ညီမကလည်း ရှေ့မှာ အစာအိမ်ရောင်သလို၊ အူ အတက်ပေါက်ချင်သလို ဖြစ်ထားတာ၊ အဲဒါက နည်းနည်းပျောက်နေပြီ သက်သာခါစပဲ ရှိသေးတယ်။

အဖေက တုပ်ကွေးနဲ့ ကိုဗစ်ဆန်ဆန် ရောပြီးဖြစ်နေတော့ ကိုဗစ် ဟုတ် / မဟုတ်က မသေချာသေးဘူး။ အဲဒီအချိန် ညီမ အခန်းထဲမှာလှဲနေတုန်း ကိုယ်လက်တွေက နုံးချည့်ပြီး မလုပ်ချင်မကိုင်ချင် စိတ်ဖြစ်နေတာ။ ဒါပေမယ့် အဖေ့အတွက် အားရှိအောင် Ensure Gold ဝယ်ရမယ့် အချိန်မှာ ထဖို့ကို နုံးချည့်ပြီး အားမရှိသလို ဖြစ်နေတယ်။ ကိုယ်လက်တွေ မသယ်ချင်၊ ဘာချင်ဖြစ်နေတယ်။ အဲဒီလို ဖြစ်ပြီး အဖေက ညနေလောက်ကျတော့ ငါအနံ့တကယ် ပျောက်နေပြီလား မသိဘူးဆိုပြီး ပြောတော့ အဲဒါဆို ကိုဗစ်များလား မသိဘူးဆိုပြီး တွေးလိုက်မိပါတယ်။ ညလည်းရောက်ရော ညီမ အဖျားတွေ တက်လာတယ်။ အဖျားတက်လာတော့ ကိုဗစ်များ ကူးခံနေရပြီလားလို့ စိတ်ထဲက တွေးလိုက်တော့ ကြောက်စိတ်လည်း နည်းနည်းဖြစ်သွားတယ်။ အဲဒါနဲ့ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးကို သွားစစ်လိုက်တော့ အဖေနဲ့ အတူတူပဲ နှစ်ယောက် Positive ဖြစ်သွားတယ်။ အောက်တိုဘာ ၃၁ ရက်နေ့လောက်မှာ ဝေဘာဂီဆေးရုံကို ရောက်သွားတယ်။

**အစီအစဉ်မှူး ။ ။** ဦးကျော်သူအနေနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်တဲ့အချိန်မှာ ကာကွယ်ရေးတွေလည်း အပြည့်အစုံဝတ်ထားတယ်။ ဒါပေမယ့် ကူးစက်ခံရတဲ့အချိန်မှာ ဖြစ်ပေါ်လာတဲ့ ဦးအနေနဲ့ ဘယ်လိုမျိုးခံစားချက်ဖြစ်ပေါ်လာတယ်ဆိုတာကို ပြောပြပေးပါဦး။

**ဦးကျော်သူ ။ ။** ကာကွယ်ရေးဝတ်စုံ ဝတ်ပြီးတော့ ကျွန်တော် လုပ်ကိုင်ပါတယ်။ ဒီနာရေးလမ်းကြောင်းတွေ လုပ်တယ်။ ဒါပေမယ့် အသင်းရုံးရောက်တယ်ဆိုရင် ကျွန်တော့် အခန်းရှိတယ်။ ကျွန်တော့် အခန်းက သီးသန့်အခန်းပါ။ သီးသန့်အခန်းမှာကျတော့ ကျွန်တော် Mask ပါရင် နည်းနည်းလေး အသက်ရှူရတာ ခက်တယ်။ ကျွန်တော်က နှလုံးခွဲထားရတယ်။ နှလုံးသွေးကြော လေးချောင်း လဲထားရတယ်။ လဲထားရတဲ့အတွက် အသက်ရှူရတာ နည်းနည်းလေး အခက်အခဲဖြစ်တော့ Mask ကို ချွတ်ထားတယ်။ အဲဒီလို ချွတ်တဲ့အချိန်မှာ ဟိုကလေးက အဝင် / အထွက် ရှိတာပါ။ အဲဒီကနေ ကူးတယ်လို့ ဒီလိုပဲ သတ်မှတ်ရမှာပါ။ အပြင်ကို သွားတာ မရှိဘူး။ အိမ်နဲ့ ဒီအသင်းရုံးနဲ့ နှစ်ခုတည်း သွားတာပါ။

ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် သံသယလေးဖြစ်တယ်။ ဒီဟာက ဘာရောဂါလက္ခဏာမှ မပြဘူး။ အနံ့ပျောက်တာတို့၊ ဖျားတာတို့၊ ဘာတစ်ခုမှ မပြဘူး။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မသင်္ကာတာနဲ့ သွားစစ်လိုက်တာပါ။ စစ်လိုက်တော့ Positive ဖြစ်တာကို သိလိုက်ရတာနဲ့ သွားပြီ၊ ဒါဆိုရင် အိမ်တော့ ပြန်လို့မရတော့ဘူး။ ဆေးရုံကိုပဲ သွားမယ်ဆိုပြီး ဆေးရုံကို ထွက်လာတာပါ။ ဒီမှာ ဆရာဝန်၊ ဆရာမတွေကလည်း အတော်ကို ဂရုစိုက်တယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကျွန်တော်တို့ ဒီဟာက စိတ်ပိုင်းဆိုင်ရာ အရေးကြီးတယ်။ ကိုဗစ်ဖြစ်ပြီဆိုပြီး စိတ်ဓာတ်တွေကျပြီး မဖြစ်သင့်တာတွေ ပိုဖြစ်သွားနိုင်တယ်။ ဒါပေမယ့် ဒီမှာ ကုသမှုအပိုင်းက စိတ်ဓာတ်မြှင့်တင်ရေးကိုပါ လုပ်ပေးတဲ့အတွက် ကျွန်တော် တော်တော်လေး ဝမ်းသာတယ်။ ဆရာဝန်၊ ဆရာမတွေရဲ့ ရောဂါကာကွယ်ရေး ဝတ်စုံနောက်မှာ Fighting ကျော်သူတို့၊ ဒါမျိုးလေးရေးထားတဲ့အတွက် ကျွန်တော်တို့လည်း အားတက်တယ်။ နောက်သီတင်းကျွတ် ဘာညာဆိုတော့လည်း ဒီမှာအလှဆင်မီးလုံးတွေ လာပြီး လက်ဆောင်ပေးတယ်။ ကျွန်တော်တို့ ခေါင်းရင်းမှာ ဘုရားမီးပူဖော်လို့ ရပါတယ်။ ဒါလေးတွေက ကျွန်တော်တို့ကို စိတ်ဓာတ်ခွန်အား မြှင့်စေပါတယ်။

**အစီအစဉ်မှူး ။ ။** အခုလက်ရှိကလည်း ဆေးရုံမှာပဲ ရှိနေသေးတာဆိုတော့ ဦးရဲ့ လက်ရှိ ကျန်းမာရေးအခြေအနေကို ပြောပြပေးပါဦး။

**ဦးကျော်သူ ။ ။** ကျန်းမာရေးအခြေအနေက ဒီအတိုင်းပဲ အနံ့လည်း မပျောက်၊ အသက်ရှူလည်း မဝတာတွေ မဖြစ်ဘူး။ အမြဲတမ်း အောက်ဆီမီတာ တိုင်းရင်လည်း ၉၀ အထက်ပဲ။ ၉၆၊ ၉၇ အဲဒီလိုရှိနေတယ်။ ဒီဟာက ကျွန်တော့်ကို ဖြစ်ချိန်တန်လို့ ဖြစ်တယ်လို့ပဲ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို နားခိုင်းချင်လို့ပဲ ဆေးရုံပို့လိုက်တာလား ဒီလိုပဲ ထင်ပါတယ်။ ဒီကိုရောက်တာနဲ့ သွေးရည်ကြည်ကုထုံးနဲ့ ဆရာဝန်တွေက ဆုံးဖြတ်ပြီး ကုသပေးလိုက်ပါတယ်။ သွေးရည်ကြည် နှစ်အိတ်တော့ ထည့်ထားပြီးပါပြီ။

**အစီအစဉ်မှူး ။ ။** ဆေးရုံမှာ အခုလက်ရှိ ကုသမှုခံယူနေတဲ့အချိန်မှာရော ကျန်းမာရေးစောင့်ရှောက်မှုပဲဖြစ်ဖြစ်၊ အစားအသောက်၊ ဆေးဝါးဖြစ်ဖြစ် ဘယ်လိုမျိုးအားရှိစေမယ့် အစားအစာ တွေ စားရပါသလဲရှင့်။

**ဦးကျော်သူ ။ ။** အစားအသောက်ကတော့ အစုံပေးပါတယ်။ ကျွန်တော့် မိတ်ဆွေ အလှူရှင်အချို့က လာပို့တာတွေ ရှိပါတယ်။ တချို့က ကြက်ဥတို့၊ အချိုမပါတဲ့ ငှက်သိုက်တို့ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဆီးချိုလည်း ရှိတယ်။ သွေးတိုးလည်း ရှိတယ်။ နှလုံးကလည်း ခွဲထားတယ်။ အဲဒီတော့ အစားအသောက်ကို ချင့်ချိန်ပြီးစားသောက်တယ်။ အစားအသောက်အပိုင်းကလည်း အဆင်ပြေပါတယ်။ နေရထိုင်ရတာလည်း တော်တော်လေး အဆင်ပြေပါတယ်။ ဂရုစိုက်မှုလည်း ရှိပါတယ်။

တစ်ခုပါပဲ။ ကျွန်တော်က အိမ်မှာကတည်းက အောက်တိုဘာလ ၂၈ ရက်နေ့မှာ ကြိုတင်မဲပေးဖို့ စာရင်းပေးထားတယ်။ အဲဒီမဲပေးဖို့ကို ဆရာဝန်ကြီးကို အကြောင်းကြားထားတယ်။ ဆရာဝန်ကြီးလည်း စီစဉ်ပေးပါတယ်။

**အစီအစဉ်မှူး ။ ။** ဟုတ်ကဲ့ပါရှင့်။ အခုမဲက ပေးပြီးသွားပြီလား။

**ဦးကျော်သူ ။ ။** မဲက မပေးရသေးပါဘူး။ နိုဝင်ဘာလ ၅ ရက်နေ့မှာ ပေးဖို့ရှိပါတယ်။ အောက်တိုဘာလ ၂၈ ရက်နေ့က အိမ်ကဖုန်းဆက်တယ်။ အိမ်ကို ရပ်ကွက်ရုံးက စာရင်းလာကောက်ပါတယ်။ နယ်ကျော်ခွင့်မရဘူးတဲ့၊ ရပ်ကွက်လူကြီးက မလာရဲဘူး။ အဲဒါနဲ့ ဆရာဝန်မကြီးကို အကြောင်းကြားတယ်။ စီစဉ်ပေးတဲ့အတွက် အခုနိုဝင်ဘာလ ၅ ရက်နေ့မှာ မဲပေးဖို့ စီစဉ်ထားပါတယ်။ ပေးရမယ့်ပုံစံက လျှို့ဝှက်မဲတော့ မဟုတ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နဲ့ မဲလာကောက်တဲ့သူတွေနဲ့က ထိတွေ့မှုက ရှိလို့မရပါဘူး။ မှန်ခန်း ခံထားမယ်။ မှန်ခန်းထဲကနေ ကျွန်တော်တို့က ပေးချင်တဲ့ပါတီကို လက်ညှိုးထိုးပြမယ်။ သူတို့က တံဆိပ်တုံးနှိပ်ပြီး ကျွန်တော်တို့ကို ပြန်ပြမယ်။ အိုကေပြီဆိုရင် သူစာအိတ်ထဲထည့်ပြီး ပုံးထဲထည့်မယ်။ အဲဒီလို အစီအစဉ်လုပ်ထားတယ်။ ကျွန်တော်ကပြောတယ်။ တချို့မဲတွေက အိတ်ထဲထည့်သွားတာမျိုးတွေကို ကျွန်တော်က စိုးရိမ်တော့ ဆေးရုံအုပ်ဆရာဝန်မကြီးကလည်း ပြောတယ်။ ဦးကျော်သူ ဒီကိစ္စကို မစိုးရိမ်နဲ့တဲ့။ ပုံးရှိတယ်တဲ့။ သူတို့ဆီမှာ ပုံးမပါဘူးဆိုရင် ဆေးရုံက မဲပုံးတွေ လုပ်ထားပေးတယ်။ CCTV တွေလည်း ရှိတယ်။ ဦးကျော်သူ ဘာကိုထည့်တယ်ဆိုတာ သူတို့အားလုံး သက်သေအထောက်အထားရှိပြီးသား။ ဒီဟာတွေကိုစနစ်တကျလုပ်ထားတယ်။ အဲဒီအတွက်တော့ အများကြီး ဝမ်းသာတယ်။ ဆရာဝန်ကြီးတွေကို ကျေးဇူးလည်းတင်တယ်။

**အစီအစဉ်မှူး ။ ။** ဟုတ်ကဲ့၊ ဒါဆိုရင် စိတ်ချယုံကြည်စွာနဲ့ မဲပေးနိုင်တော့မှာပေါ့နော်။

**ဦးကျော်သူ ။ ။** ဟုတ်ကဲ့ပါ ခင်ဗျာ။

**အစီအစဉ်မှူး ။ ။** ဦးချမ်းငြိမ်းအောင်ရှင့်။ တချို့ဆိုရင် ကိုဗစ်ပိုး ပျောက်သွားပြီ ဆိုပေမယ့် အသက်ရှူကျပ်တာတွေ၊ အနံ့ပျောက်တာတွေ ရှိတတ်တော့ ဦးအနေနဲ့ လက်ရှိကျန်းမာရေးအခြေအနေကို သိရှိလိုပါတယ်။

**ဦးချမ်းငြိမ်းအောင် ။ ။** ၁၇ ရက်မြောက်တဲ့ နေ့မှာ ကျွန်တော် ဆေးရုံက ဆင်းပြီးတော့ အိမ်ပြန်ရောက်ခဲ့ပါတယ်။ အိမ်မှာ ကျွန်တော် Home Quarantine ခုနစ်ရက်နေခဲ့ပါတယ်။ နောက်ထပ် ၇ ရက်ပြီးတော့ OPD မှာလာပြန်ပြတယ်။ ဒါပေမယ့် အဲဒီဆေးရုံဆင်းပြီးတဲ့ ကာလအတွင်းမှာ စိတ်ထဲမှာ ထင်တာက ပိုးသတ်ဆေးတွေ သောက်ထားလို့ နည်းနည်း အားနည်းတာမျိုး၊ ရောဂါကတော့ သက်သာတယ်။ သူ့ရဲ့ နောက်ဆက်တွဲ ဝမ်းနည်းနည်းပျက်ချင်တယ်။

ဒါပေမယ့် တစ်ခုကောင်းတာက ဆေးရုံမှာ တစ်ယောက်နဲ့ တစ်ယောက်၊ ဆရာမတွေ၊ ဆရာဝန်တွေ အားလုံးနဲ့ ကျွန်တော်တို့က စောင့်ကြည့်ခန်းထဲကနေ အင်တာကွန်းနဲ့လည်း ပြောလို့ရတယ်။ ဖုန်းနံပါတ်ပေးထားတဲ့အတွက် Viber ကနေ ကျွန်တော်တို့ရဲ့ လက်ရှိ ဝမ်းသွားတယ်ဆိုရင် ဝမ်းအရောင်က ဘယ်လိုရှိတယ်၊ ဓာတ်ပုံရိုက်ပြီး ပို့ပေးပါဆိုရင် ဓာတ်ပုံရိုက်ပို့တယ်။ ဆီးအရောင်ဆိုရင်လည်း စသဖြင့် လိုအပ်ချက်အကုန်လုံးကို စစ်ပေးတယ်။ အိမ်ပြန်ရောက်တော့ ဝမ်းခဏ၊ ခဏ သွားတော့ ဆရာဝန်တွေဆီပဲ Viber ကနေ ဆက်သွယ်ပြီးတော့ ပြောတယ်။ သူတို့လည်း စာနဲ့ပဲ ချက်ချင်းပြန်ပေးပါတယ်။

လက်ရှိအနေအထားအရ ဒီရောဂါဟာ ဆေးသောက်ထားတဲ့အတွက် ဖြစ်တတ်တာပါ။ ဝမ်းပျက်တာ မဟုတ်ပါဘူး။ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပါဆိုပြီး ပြောပါတယ်။ ဆင်းလာပြီး ငါးရက်လောက်က ဝမ်းနည်းနည်းသွားချင်သလို ဖြစ်တယ်။ ဆေးရုံမှာတိုက်တဲ့ Bioflour လို ဆေးမျိုးတွေ သောက်လိုက်တယ်။ အဲဒါသောက်တော့ နည်းနည်း ဝမ်းသက်သာတယ်။ အဲဒီလိုနေပြီး ပုံမှန်အတိုင်းတော့ မဖြစ်သေးပါဘူး။ လှုပ်လှုပ်ရှားရှားကို နည်းနည်းပိုပြီး လုပ်လိုက်ရင် နည်းနည်းမောတယ်။

အမြဲတမ်းတော့ ဆေးရုံကို Viber နဲ့ လှမ်းပြီး ခဏခဏမေးတယ်။ ဖြေလည်းပေးပါတယ်။ တရားထိုင်ပါ။ အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ နောက်ဆက်တွဲတွေကတော့ အနည်းနဲ့အများ ဖြစ်တတ်ပါတယ်။ လူကောင်းကြီးတစ်ယောက်အနေနဲ့ မဟုတ်ပါဘူး။ ဒါပေမယ့် Re-covery ဖြစ်ဖို့က အသက်ရှူလေ့ကျင့်ခန်းတွေ၊ တရားထိုင်တာတွေ၊ အစားအသောက်တွေ၊ ဗီတာမင်ဆေးတွေ စားလိုက်ရင် အဆင်ပြေပါမယ်လို့ ပြောတယ်။ အဲဒီအတိုင်းလည်း လိုက်နာပြီး လုပ်ပါတယ်။

အခု တစ်လကျော်သွားတဲ့အခါမှာ ပြန်ပြီးအခြေအနေ တော်တော် ကောင်းလာပါတယ်။ အရင်ကဆိုရင် ဒီလောက်တောင် စကားအကြာကြီးပြောလို့ မရပါဘူး။ စကားပြောရင်းနဲ့ မောလာပါတယ်။ အခုဆိုရင် တော်တော်လေး ပြောလို့ရတယ်။ အလုပ်ကလည်း မဆင်းရသေးဘူး၊ Work From Home အနေနဲ့ အိမ်ကနေပဲ အလုပ်လုပ်ပါတယ်။ ကုသမှုတွေ ထိရောက်မှုရှိတဲ့အတွက် ကျွန်တော်တို့လည်း ကျန်းကျန်းမာမာနဲ့ အဆင်ပြေပြေနေရပါတယ်။ ပြန်ပြီးတော့ Follow up ခေါ်တဲ့ ရက်တွေလည်း အချိန်မှန်မှန်သွားပါတယ်။ တော်တော်လေးတော့ ကောင်းလာပါပြီ။ မောတယ်ဆိုတာကလည်း ကျွန်တော်က အဆုတ် နည်းနည်း အားနည်းတတ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က တီဘီ ဖြစ်ဖူးတယ်။ အဲဒီမှာဖြစ်ခဲ့တဲ့ ဒဏ်နဲ့ လေကားတက်တာတို့၊ အလုပ်ကြမ်းကြမ်းတွေတော့ လုပ်လို့မရဘူး။ နည်းနည်းလေး မောတာပေါ့။

**အစီအစဉ်မှူး ။ ။** အခုနိုဝင်ဘာလ ၈ ရက်ဆိုရင် ရွေးကောက်ပွဲကြီးလည်း ကျင်းပပြီ၊ ကြိုတင်မဲပေးတဲ့သူတွေလည်း ရှိတယ်ဆိုတော့ ဦးအနေနဲ့ ကြိုတင်မဲပေးဖို့ အစီအစဉ်ရှိလား၊ ၈ ရက် နေ့ရောက်တော့မှ ကိုယ်တိုင်မဲသွားပေးမှာလား ပြောပြပေးပါဦး။

**ဦးချမ်းငြိမ်းအောင် ။ ။** မဲထည့်ပြီးပါပြီ။ ကျွန်တော်က အသက် ၆၁ နှစ်ဆိုတော့ ရပ်ကွက်က လာပြောတယ်။ တိုက်အရှေ့မှာပဲ ခုံလေးတွေ ခြောက်ပေအကွာထားပြီး လုပ်ပေးပါတယ်။ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နဲ့ ဆရာ၊ ဆရာမတွေ ၊ ရပ်ကွက်က တာဝန်ရှိသူတွေက မဲကို လုံလုံခြုံခြုံနဲ့ မှန်ခန်းလို အကာတွေလုပ်ပြီး ကျွန်တော်တို့နာမည်ယူတယ်၊ ထည့်ရမယ့်နေရာအကုန်လုံးလုပ်တယ်။ ပြီးရင် ကျွန်တော်တို့ စိတ်တိုင်းကျ လိုချင်တဲ့ပါတီကို အဲဒီမှာတစ်ခါတည်းနှိပ်ပြီး အိတ်ထဲကို ထည့်တယ်။ ကော်ကပ်ပေးတဲ့ အဖွဲ့လည်းရှိပါတယ်။ ကော်ကပ်ပြီး ပုံးထဲကို သေချာထည့်ပေးပါတယ်။ စိတ်ကျေနပ်မှုရှိပါတယ်။ ကျွန်တော်တို့ ရင်ထဲမှာရှိတဲ့ ပါတီတစ်ခုကိုသိပ်ပေးချင်တယ်။ သွားပြီး ထည့်လိုက်ပါပြီ။

**အစီအစဉ်မှူး ။ ။** မကြည်ပြာအနေနဲ့ အခုလက်ရှိမှာလည်း ကျန်းမာရေး အခြေအနေကလည်း ကောင်းမွန်နေတယ်။ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးမှာလည်း တချို့ဆိုရင် သွေးရည်ကြည် လှူဒါန်းပြီး ပူးပေါင်းပါဝင်ကြတယ်ဆိုတော့ အစ်မအနေနဲ့ရော သွေးရည်ကြည်လှူဖို့ အစီအစဉ် ရှိ / မရှိ သိချင်ပါတယ်။

**မကြည်ပြာ ။ ။** သွေးရည်ကြည်လှူမယ်လို့ပြောထားပါတယ်။ ညီမလည်း သွေးရည်ကြည် နှစ်ထုပ်သွင်းပြီးတော့မှ ပြန်ကောင်းလာတာပါ။ စဖြစ်ဖြစ်ချင်းမှာ ဖျားတယ်။ ဖျားတဲ့အချိန်မှာ အဖျားပျောက်ဆေး ပါရာစီတမောလ် မတိုက်ဘူး။ အဖျားလည်းကျသွားရော ကျွန်မက ချောင်းဆိုး စပါတယ်။ ချောင်းဆိုးရင်းနဲ့ ပိုးက အဆုတ်ထဲဝင်သွားတာလားမသိဘူး။ တီဗွီဓာတ်မှန် ရိုက်ကြည့်လိုက်တော့ အဆုတ်မှာ တော်တော်လေးထိနေတယ်။ ဝေဘာဂီက ဆရာဝန်တွေက ကုသနည်းတွေ အများကြီးရှိတယ်။ မကြောက်နဲ့ဆိုပြီး နောက်ရက်မှာ သွေးရည်ကြည် စသွင်းပါတယ်။ နှစ်ထုပ်သွင်းရပါတယ်။ ပထမတစ်ထုပ်သွင်းပြီးတော့ မသေချာမှာစိုးလို့ နောက်တစ်ထုပ် ထပ်သွင်းပါတယ်။ အဲဒီ သွေးရည်ကြည် နှစ်ထုပ်သွင်းတဲ့ အခြေအနေမှာ ပြန်ပြီးတော့ကောင်းလာတယ်။ ရောဂါကို တိုက်ထုတ်နိုင်လာတယ်။ အစားတွေလည်း ပိုပြီးဝင်လာတယ်။ နည်းနည်းအားပြည့်လာတဲ့အခါ ကျရင် လှူဖို့ စိတ်ကူးရှိပါတယ်။

**အစီအစဉ်မှူး ။ ။** ကြိုတင်မဲတွေလည်း ပေးလို့ရနေပြီဆိုတော့ မဲပေးဖို့ရော ဘယ်လိုစီစဉ်ထားသလဲရှင့်။

**မကြည်ပြာ ။ ။** မဲပေးရမယ့်အချိန် နိုဝင်ဘာလ ၈ ရက်နေ့မှာ သွားပြီးပေးမှာပါ။

**အစီအစဉ်မှူး ။ ။** ဟုတ်ကဲ့၊ ကိုယ်တိုင်ပဲ သွားပေးမှာလား။

**မကြည်ပြာ ။ ။** ကိုယ်တိုင်သွားပေးမှာပါ။

**အစီအစဉ်မှူး ။ ။** ဦးကျော်သူအနေနဲ့ လက်ရှိမှာ ကူညီကယ်ဆယ်ရေးတွေ၊ ကူညီမှု အသင်းအဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေကို လုပ်ဆောင်နေတယ်ဆိုတော့ နောက်ပိုင်း ကိုဗစ် – ၁၉ တိုက်ဖျက်ရေး အစီအစဉ်မှာ ဘယ်လိုတွေ ပူးပေါင်းပါဝင်သွားဖို့ရှိသလဲရှင်။

**ဦးကျော်သူ ။ ။** ကျွန်တော်တို့အသင်းက အခုလောလောဆယ်မှာ အချို့ရပ်ကွက်တွေ၊ ဘုန်းတော်ကြီးကျောင်းတွေက အကူအညီတောင်းရင် ပိုးသတ်ဆေးဖျန်းတာတွေကို ဟိုးအရင်ကတည်းက စလုပ်ခဲ့ပါတယ်။ ကိုဗစ်လူနာတွေ၊ နယ်ကလာတဲ့လူတွေ၊ ပြည်ပကလာတဲ့သူတွေကို ကွာရန်တင်းစင်တာတွေကို ပို့တာတွေ လုပ်ပါတယ်။ ကွာရန်တင်းစင်တာက ပြန်တဲ့သူတွေ ဒါတွေကို ကျွန်တော်တို့ လုပ်ပေးနေပါတယ်။

အခုကျွန်တော်ကိုယ်တိုင် ကိုဗစ်လူနာဖြစ်လာတဲ့အခါ သွေးရည်ကြည်ရဲ့ ထိရောက်မှုကို တွေ့သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း သွေးရည်ကြည် နှစ်ထုပ် သွင်းထားရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဆရာဝန်မကြီးကို ကျွန်တော်မေးတယ်။ ဆေးရုံကဆင်းရင် ဒီသွေးရည်ကြည်ကို ကျွန်တော် လှူလို့ရလားဆိုတော့ ဆေးရုံက ဆင်းဆင်းချင်းတော့ လှူလို့မရဘူး။ သူတို့က ကျန်းမာရေးအခြေအနေကို စောင့်ကြည့်ပြီး ရနိုင်ပြီဆိုရင် လှူလို့ရပါတယ်။ ကျွန်တော် ကိုယ့်ရဲ့သွေးနဲ့ ပြန်ပြီးကယ်ပေးချင်တယ်။ အဲဒီဆန္ဒတော့ ရှိပါတယ်။ ကျွန်တော်ဆေးရုံက ဆင်းတဲ့အချိန်မှာ စာရင်းပေးခဲ့မယ်။ ဒါပေမယ့် တစ်ခုရှိတာက တချို့က အသက် ၆၀ ကျော်ရင် သွေးမလှူရဘူးဆိုတာတော့ ရှိနေတယ်။ ဒီဟာနဲ့ အကျုံးဝင်တယ်ဆိုရင်တော့ ကျွန်တော်လှူခွင့်ရမှာပါ။

**အစီအစဉ်မှူး ။ ။** အခုလက်ရှိမှာ ကွာရန်တင်းစင်တာကို ရောက်နေတဲ့ သူတွေ၊ ကိုဗစ် – ၁၉ သံသယရှိသူတွေနဲ့ ရောဂါခံစားနေရတဲ့သူတွေ အတွက်ကို ဦးကျော်သူအနေနဲ့ အားပေးစကားလေး ပြောကြားပေးပါဦးရှင်။

**ဦးကျော်သူ ။ ။** ကျွန်တော်က လူနာသာ ဖြစ်သွားတယ်။ သူများတွေ ဖြစ်သလို အသက်ရှူကျပ်တာတို့၊ ဒီလိုမျိုးတွေ မဖြစ်ခဲ့ပါဘူး။ အဲဒီတော့ ကိုဗစ်က ကြောက်ဖို့လည်း ကောင်းတယ်။ သတိထားဖို့လည်း ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကိုယ်ပျောက်ရောဂါပိုးဖြစ်နေတယ်။ ဘယ်နေရာကနေ ဘယ်လိုဝင်လာမယ်ဆိုတာ မသိဘူး။ အဲဒီတော့ ဘယ်လောက်ပဲ ကျန်းမာရေးလိုက်စား၊ ဘယ်လောက်ပဲ ခန္ဓာကိုယ်ထိန်းထိန်း ဖြစ်ကြတာပဲ။

ပြည်ပမှာဆိုရင် အိမ်ရှေ့မင်းသား ချားစ် ဖြစ်တယ်။ အမေရိကန်သမ္မတ ထရမ့်တို့တောင် ဖြစ်တယ်။ တကယ့်ကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နေတဲ့သူတွေပါ။ အဲဒီတော့ အချိန်မရွေး ဝင်လာနိုင်တယ်။ ကိုယ့်ဘက်ကတော့ Safe Side ဖြစ်အောင် အမြဲ Cover လုပ်ထားဖို့တော့ အရေးကြီးတယ်။ Mask တို့၊ လက်အိတ်တို့ ဝတ်သင့်ရင် ဝတ်ရမယ်။ ရောဂါကာကွယ်ရေးဝတ်စုံကတော့ ကျွန်တော်တို့က လူကြားထဲ သွားလာနေတော့ တောက်လျှောက်ဝတ်ရတယ်။ ပူတယ်ပြောလို့ မရဘူး။ ဒီလိုဝတ်မှပဲ ကိုယ့်အတွက် Cover ဖြစ်မယ်။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းမှ ကိုယ့်မိသားစုကို ထိန်းသိမ်းရာရောက်မယ်။ ကိုယ့်မိသားစုကို ထိန်းသိမ်းမှ ကိုယ့်တိုင်းပြည်ကို ထိန်းသိမ်းရာရောက်မယ်။ အဲဒီတော့ ငါ Negative ဖြစ်သွားပြီဆိုပြီး ပေါ့ပေါ့နေတဲ့သူ ပြန်ဖြစ်မှာပဲ။ ကျွန်တော်တို့က ပေါ့ပေါ့နေလို့တော့ မရဘူး။ အမြဲတမ်း သတိ၊ အသိလေးနဲ့ နေရမှာပါ။

**အစီအစဉ်မှူး ။ ။** ဦးချမ်းငြိမ်းအောင်အနေနဲ့ အခုလက်ရှိမှာ ရောဂါခံစားနေရတဲ့ သူတွေကို အားပေးစကားနဲ့အတူ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးမှာ ဘယ်လိုပူးပေါင်းပါဝင်သွားမလဲ ဆိုတာလေး ပြောပြပေးပါဦးရှင့်။

**ဦးချမ်းငြိမ်းအောင် ။ ။** ကိုဗစ် – ၁၉ က တကယ်တမ်းတော့ ကြောက်ဖို့ ကောင်းပါတယ်။ ဒါပေမယ့် မကြောက်ပါနဲ့။ ကျွန်တော်တို့က လက်ရှိ ခံစားလာရတဲ့အတွက် လိုက်နာရမယ့် အချက်အလက်တွေကို သေချာလိုက်နာပါ။ ကိုယ်ခံအားကောင်းအောင် အစားအစာစားမယ်။ ညွှန်ကြားချက်တွေကို အသေအချာလုပ်ပြီး သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ ကအစ စနစ်တကျနေမယ်ဆိုရင် ဒီရောဂါက ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ကူးစက်လာသူ အတော်များများက အနံ့ပျောက်ကြတယ်။ အနံ့ပျောက်တာကို လူတွေက ဘယ်လိုဖြစ်နေကြသလဲ ဆိုတော့ အနံ့ပျောက်တာပဲ အိမ်မှာနေရင်ရတာပဲ။ အိမ်မှာ ၁၅ ရက်နေပြီးရင် ကောင်းတယ် ဆိုတာမျိုးကို ခံယူပြီး အချို့က ပေါ့ပေါ့နေကြတာတွေ ရှိပါတယ်။

ဒီလို မနေကြပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မတူကြပါဘူး။ အနံ့ပျောက်တယ် ဆိုပေမယ့် အဲဒီလူမှာ နာတာရှည်ရောဂါရှိလား၊ သွေးတိုးရှိလား၊ ဆီးချိုရှိလား အစရှိတာတွေအပေါ်မှာ မူတည်ပါတယ်။ ဒါပေမယ့် ကိုဗစ်က အနံ့ပျောက်ပြီး ခုနစ်ရက်မြောက်တဲ့နေ့မှာ ဒီကောင်ရဲ့ ပြဿနာက လမ်းခွဲသွားတယ်။ ကောင်းတဲ့သူက သာမန်ဘက်ကို ရောက်ပြီး၊ မကောင်းတဲ့သူက ချောင်းဆိုးတယ်။ အသက်ရှူမရတော့ဘူး။ အင်္ဂလိပ်လိုအခေါ်တော့ ကျွန်တော်လည်း ဆေးဗဟုသုတအရပြောရင် Hypoxia ဆိုတာရှိတယ်။ အောက်ဆီဂျင်က ၉၅ ရဲ့အောက်ကို ကျသွားတယ်။

အောက်ဆီဂျင် ကျသွားပြီဆိုရင် တအားမောပြီး ဆေးရုံကို ပြေးရတယ်။ တချို့ကတော့ သွားရင်းလာရင်းနဲ့ မမီတာတို့ ကြုံရတယ်။ အဲဒါက ပေါ့ဆမှုပါ။ ကျိတ်ပြီး ကုကြတယ်။ ကျွန်တော် ပြောချင်တာက ကျိတ်မကုပါနဲ့။ အနံ့ပျောက်တယ်ဆိုလည်း အနံ့ပျောက်စင်တာတွေ ဖွင့်ထားပါတယ်။ သုဝဏ္ဏမှာလည်း ဦးဇော်ဇော်တို့လည်း ဖွင့်ထားတယ်။ အင်းလျားမှာလည်း ဖွင့်ထားတယ်။ ဆေးရုံတွေမှာလည်းရှိတယ်။ အကြောင်းကြားပါ။ အကြောင်းကြားပြီး ထိရောက်တဲ့ နားနေမှု၊ စားသောက်မှု၊ Life Style တွေကအစ နေပေးမယ်ဆိုရင် ဒီအနံ့ပျောက်တာက ၁၄ ရက်လောက်၊ အခုဆိုရင် ၁၁ ရက်လောက်နဲ့ ပျောက်သွားတယ်။ သက်သာသွားမှာပါ။

ခုနပြောတဲ့ ခြွင်းချက်အနေနဲ့ ရောဂါအခံရှိတယ်။ ဥပမာ – Asthma တို့ စသဖြင့်ရှိတယ် ဆိုရင်တော့ သတိထားနေဖို့ အရေးကြီးတယ် ဆိုတဲ့အကြောင်းကို အားလုံးကို အကြံပေးချင်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း တွေ့ပါတယ်။ အများကြီး ဖြတ်သန်းခဲ့ရပါတယ်။ ကျွန်တော့်သမီးဆိုရင် ၄၂ ရက် ကြာပါတယ်။ သွေးရည်ကြည်သွင်းရတယ်။ ဆေးနည်းမျိုးစုံနဲ့ ကုပေးပါတယ်။ အကုန်လုံး ဂရုစိုက်ပါတယ်။ ကိုယ်တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ အခြားသူပါ ကူးစက်နိုင်တာကို ကြည့်ပါ။ အနံ့ပျောက်တယ်ဆိုရင် သေချာ Mask အုပ်ပြီး ကိုယ့်မိသားစုအားလုံးကအစ ကင်းကင်းရှင်းရှင်း ရှိအောင် ကိုယ်က ကြိုတင်ကာကွယ်ဖို့ကိုလည်း ကျွန်တော် အကြံပြုလိုပါတယ်။

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့်သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း

( ၂၃- ၁၀-၂၀၂၀) ရက်နေ့၊ (၁၆:၃၀) နာရီအချိန်ထိ

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၇,၂၂၇.၅၅ |
| ၂။ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ၇၀၅.၀၀ |
| ၃။ | မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် | ၅၀၀.၀၀ |
| ၄။ | နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် | ၃၀၀.၀၀ |
| ၅။ | နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ရုံးချုပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ ဆရာ၊ ဆရာမ၊ ဝန်ထမ်း မိသားစုများ၊ ပညာရေးဝန်ကြီးဌာန | ၂၇၀.၀၀ |
| ၆။ | JDS Co.,Ltd | ၂၅၀.၀၀ |
| ၇။ | MARGA Community Care | ၂၁၀.၀၀ |
| ၈။ | နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ကျောင်းများနှင့် သုတေသနဌာနများရှိ ဆရာ/ ဆရာမများ၊ ဝန်ထမ်းများ | ၁၇၄.၅၀ |
| ၉။ | မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ်နှင့် ပညာရေးမိသားစုဝင်များ | ၁၆၀.၇၁ |
| ၁၀။ | ပြည်ထောင်စုရှေ့နေချုပ်ရုံး အရာထမ်း၊ အမှုထမ်းများ | ၁၁၆.၈၀ |
| ၁၁။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်သမားရေးရာဆိုင်ရာဝန်ထမ်းမိသားစု | ၁၁၆.၀၀ |
| ၁၂။ | စင်ကာပူမှ ဝန်းရံပြည်သူများ (ဦးစိုးထွန်း) | ၁၁၃.၇၀ |
| ၁၃။ | ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများ | ၁၀၀.၀၀ |
| ၁၄။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး မိသားစုနှင့် မြန်မာ့မီးရထား၊ စီးပွားရေးရာဌာနနှင့် သွားလာပို့ဆောင်ရေးဌာန | ၁၀၀.၀၀ |
| ၁၅။ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ | ၁၀၀.၀၀ |
| ၁၆။ | ဦးကျော်စိုး + ဒေါ်ခင်အေးအေးသန်း | ၁၀၀.၀၀ |
| ၁၇။ | Golden Orient Co.,Ltd. | ၁၀၀.၀၀ |
| ၁၈။ | နိုင်ငံ့ဝန်ထမ်း စေတနာရှင်များ၏ 100 kyats Campaign | ၇၆.၄၈ |
| ၁၉။ | မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၏ ဝန်ထမ်းများ | ၇၆.၀၀ |
| ၂၀။ | အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)မှ ဆရာ/ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား/သူများ | ၇၅.၀၀ |
| ၂၁။ | ရတနာပုံတက္ကသိုလ်မိသားစု | ၇၄.၇၅ |
| ၂၂။ | EMBA 13th Batch | ၇၀.၀၀ |
| ၂၃။ | ပါမောက္ခချုပ်ဆရာကြီး အမှူးပြု၍ မုံရွာတက္ကသိုလ် ဆရာ/ဆရာမများနှင့် ရုံးဝန်ထမ်းများ | ၆၄.၇၅ |
| ၂၄။ | ရန်ကုန်တက္ကသိုလ်မြန်မာစာကျောင်းသား ဟောင်းများအသင်း | ၆၀.၀၀ |
| ၂၅။ | အမျိုးသားလွှတ်တော်ရုံး | ၅၀.၀၀ |
| ၂၆။ | YIT Social Network (၁၉၉၃-၂၀၀၀) | ၅၀.၀၀ |
| ၂၇။ | တက္ကသိုလ်အသီးသီးမှ ရူပဗေဒ ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူမိသားစု | ၄၅.၀၀ |
| ၂၈။ | ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများ | ၄၂.၀၀ |
| ၂၉။ | မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်များရှိ ဥပဒေပညာဌာနအသီးသီးမှ ဆရာ/ဆရာမ | ၄၀.၀၀ |
| ၃၀။ | မင်းမဟော် ကုမ္ပဏီ၊ ဂလိုဘယ် ကုမ္ပဏီ၊ နေလဝန်း ကုမ္ပဏီနှင့် ထိုင်းနိုင်ငံ TNA BLOSSOM LTD.,PART | ၄၀.၀၀ |
| ၃၁။ | ဦးစည်သူထက် + ဒေါ်အိမွန်မွန် နှင့် Essential English Grammar သင်တန်းသား/သူများ | ၃၉.၃၀ |
| ၃၂။ | မုံရွာစီးပွားရေးတက္ကသိုလ် ၊ ပညာရေးမိသားစုနှင့် မိတ်ဆွေများ | ၃၇.၅၅ |
| ၃၃။ | Asia Pacific Women's association (APWA), Brussels | ၃၆.၀၀ |
| ၃၄။ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ဝန်ထမ်းများ | ၃၅.၃၀ |
| ၃၅။ | COVID-19 တိုက်ဖျက်ဖို့ ပြည်သူအားလုံးပါဝင်စို့ Face book Page | ၃၅.၂၀ |
| ၃၆။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြု၍ အရာထမ်း၊ အမှုထမ်းများ | ၃၄.၄၉ |
| ၃၇။ | မန္တလေးတက္ကသိုလ်မိသားစု | ၃၃.၁၈ |
| ၃၈။ | ဒီပဲယင်းမြို့နယ်ရုံး + ကျောင်းများရှိ ပညာရေး ဝန်ထမ်း ဆရာ/ဆရာမများ | ၃၀.၅၀ |
| ၃၉။ | တောင်ကြီးတက္ကသိုလ်မိသားစု | ၃၀.၀၅ |
| ၄၀။ | MPA 1St Batch Alumni | ၃၀.၀၀ |
| ၄၁။ | နည်းပညာတက္ကသိုလ် (မှော်ဘီ) ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများနှင့် ကျောင်းသား/သူများ | ၃၀.၀၀ |
| ၄၂။ | ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | ၃၀.၀၀ |
| ၄၃။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ | ၂၆.၈၅ |
| ၄၄။ | ပါမောက္ခချုပ်နှင့် သတင်းအချက်အလက်နည်းပညာ တက္ကသိုလ်မိသားစု | ၂၆.၃၅ |
| ၄၅။ | နိုင်ငံတော်သမ္မတရုံး | ၂၆.၀၀ |
| ၄၆။ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)မှ ဝန်ထမ်း မိသားစုများ | ၂၅.၃၅ |
| ၄၇။ | Myanmar Teacher's Federation , Phyu Township | ၂၅.၀၀ |
| ၄၈။ | ၁၉၈၅ နိုင်ငံတကာဆက်ဆံရေးပညာ ကျောင်းသား/ သူဟောင်းများ (မန်းတက္ကသိုလ်) | ၂၅.၀၀ |
| ၄၉။ | ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ | ၂၃.၅၀ |
| ၅၀။ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၁၉၉၆-၂၀၀၃) ကျောင်းသား/သူဟောင်းများ | ၂၂.၆၅ |
| ၅၁။ | ရန်ကုန်ပညာရေးတက္ကသိုလ် သင်ကြား/ စီမံဌာနများနှင့် အဆောင်များ | ၂၂.၂၂ |
| ၅၂။ | (၁၀၀၀) ကမ်ပိန်းကော်မတီ၊ ချောက်မြို့ | ၂၂.၀၀ |
| ၅၃။ | ပြည်သူ့ဝန်ထမ်းများနှင့် စေတနာရှင် ပြည်သူများ | ၂၁.၆၉ |
| ၅၄။ | ပခုက္ကူတက္ကသိုလ် ဆရာ/ဆရာမ ဝန်ထမ်းများ | ၂၀.၁၆ |
| ၅၅။ | ဦးအောင်ဇော်ထွေး (DOA) စုစည်းကောက်ခံသော ကမ်ပိန်းအလှူရှင်များ | ၂၀.၅၀ |
| ၅၆။ | ဦးငွေမိုး + ဒေါ်ခင်စန်းအေး မြသီရိ၊ ဆန် ဆီ ပွဲရုံ မုံရွာ | ၂၀.၀၀ |
| ၅၇။ | ဦးသစ်လွင်လေး + ဒေါ်ခင်သက်ဦး၊ အေလာမြို့ | ၂၀.၀၀ |
| ၅၈။ | သာစည်မြို့နယ်၊ ပညာရေးမိသားစု | ၂၀.၀၀ |
| ၅၉။ | ဒေါ်လှိုင်းထက်ဆွေ (Electric Family Group ) နေပြည်တော် | ၂၀.၀၀ |
| ၆၀။ | မိတ္ထီလာတက္ကသိုလ် ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ | ၂၀.၀၀ |
| ၆၁။ | ဦးမြကြိုင် + ဒေါ်စောဟန်မိသားစု၊ မြတ်ပြည်စုံ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ စော်ဘွားကြီးကုန်း | ၂၀.၀၀ |
| ၆၂။ | စစ်ကိုင်းတက္ကသိုလ်မိသားစု | ၁၉.၅၀ |
| ၆၃။ | နည်းပညာတက္ကသိုလ်(မကွေး) မှ ပါမောက္ခချုပ် နှင့်တကွ သင်ကြားစီမံဆရာ/ ဆရာမများနှင့် ဝန်ထမ်းများ | ၁၉.၀၀ |
| ၆၄။ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ (အားကစား)၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ | ၁၉.၀၀ |
| ၆၅။ | မကွေးတက္ကသိုလ်ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ | ၁၇.၁၀ |
| ၆၆။ | မန္တလာတက္ကသိုလ် ပညာရေးမိသားစု | ၁၆.၉၃ |
| ၆၇။ | (၁၉၉၄) Senior စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား/သူဟောင်းများ | ၁၆.၅၀ |
| ၆၈။ | ပဲခူးတက္ကသိုလ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ | ၁၅.၂၅ |
| ၆၉။ | ဒေါ်နီလာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်း (ပြည်ပ ၂) ဝန်ထမ်းများနှင့် ဒေါက်တာရီရီမွန်၊ ကုန်သွယ်ရေးဦးစီးဌာန | ၁၅.၀၀ |
| ၇၀။ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၁၉၉၃-၁၉၉၇) ခုနှစ် ကျောင်းသား/သူဟောင်း များ၏ ပထမအကြိမ် | ၁၅.၀၀ |
| ၇၁။ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၁၉၉၃-၁၉၉၇) ခုနှစ် ကျောင်းသား/သူဟောင်းများ၏ ဒုတိယအကြိမ် | ၁၅.၀၀ |
| ၇၂။ | ဇမ္ဗူသီရိမြို့နယ် ပညာရေးဝန်ထမ်းမိသားစု | ၁၅.၀၀ |
| ၇၃။ | အဆင့်မြင့်ပညာဦးစီးဌာန၊ ပင်လုံတက္ကသိုလ် | ၁၄.၇၈ |
| ၇၄။ | မြန်မာ့မီးရထား၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနမှ အရာထမ်းနှင့် အမှုထမ်း မိသားစုဝင်များ | ၁၄.၀၀ |
| ၇၅။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော် | ၁၃.၃၀ |
| ၇၆။ | လွိုင်ကော်တက္ကသိုလ်မိသားစု | ၁၃.၂၁ |
| ၇၇။ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၁၉၉၁-၁၉၉၆) ကျောင်းသား/သူဟောင်းများ | ၁၃.၂၀ |
| ၇၈။ | လားရှိုးပညာရေးဒီဂရီကောလိပ် | ၁၃.၀၀ |
| ၇၉။ | မြို့မအမျိုးသားကျောင်း (အထက ၂ ဒဂုံ) ၁၉၇၄-၁၉၇၅ ကျောင်းသားဟောင်းများ | ၁၂.၄၀ |
| ၈၀။ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၁၉၉၄-၂၀၀၀) ကျောင်းသား/သူဟောင်းများ | ၁၂.၀၀ |
| ၈၁။ | ဆရာ/ဆရာမများအား အမှူးထား၍ ဒဂုံတက္ကသိုလ် (၁၉၉၉) intake ဘူမိဗေဒကျောင်းသားဟောင်းများ | ၁၁.၅၀ |
| ၈၂။ | ပြည်တက္ကသိုလ်ဆရာ/ဆရာမ၊ ဝန်ထမ်းမိသားစုများ | ၁၁.၂၁ |
| ၈၃။ | ရွှေဘိုတက္ကသိုလ် မိသားစု | ၁၁.၀၀ |
| ၈၄။ | ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ဝန်ထမ်းမိသားစုများ၊ အငြိမ်းစားဝန်ထမ်း၊ ဝန်ထမ်းဟောင်းများနှင့် ပြင်ပစေတနာရှင် အလှူရှင်များ | ၁၁.၀၀ |
| ၈၅။ | ပါမောက္ခဒေါက်တာကြည်လင့်အမှူးပြုသော ဒဂုံတက္ကသိုလ်၊ ပထဝီဝင်မိသားစု | ၁၁.၀၀ |
| ၈၆။ | Dr ဦးတင်မင်း + Dr ဒေါ်သန်းအေး မိသားစု သား ကိုတင်ဇော်မင်း + နန်းကြူကြူသိန်း | ၁၀.၀၀ |
| ၈၇။ | Dr ကျော်သက် + ဒေါ်အေးအေးခိုင် မိသားစုမှ သမီး Dr ရတနာကျော် မွေးနေ့၊ ဒဂုံ | ၁၀.၀၀ |
| ၈၈။ | CSA-2 (အထက်မြန်မာပြည်)ကျောင်းသား/သူများ | ၁၀.၀၀ |
| ၈၉။ | သံအမတ်ကြီးဒေါက်တာလှမောင်ဖောင်ဒေးရှင်း | ၁၀.၀၀ |
| ၉၀။ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဆည်မြောင်းဝန်ထမ်းမိသားစု | ၁၀.၀၀ |
| ၉၁။ | အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ | ၁၀.၀၀ |
| ၉၂။ | ဦးသက်ရှည် + ဒေါ်မြင့်မြင့်သူ မိသားစု ၊ FMI City လှိုင်သာယာ | ၁၀.၀၀ |
| ၉၃။ | ဦးထင်ကျော်၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတောင်ကြီးနှင့် ဇနီး ဒေါ်နန်းမွေး သားသမီးမြေးတစ်စု | ၁၀.၀၀ |
| ၉၄။ | ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း | ၁၀.၀၀ |
| ၉၅။ | ဦးမောင်ဝင်း + ဒေါ်ဝေဝေဦး | ၁၀.၀၀ |
| ၉၆။ | ဦးကျော်ရွှေ + ဒေါ်ချစ်ချစ် သား ကိုမိုးကျော်သူ ရွှေကြီးရွှေဆိုင်၊ မုံရွာ | ၁၀.၀၀ |
| ၉၇။ | ဦးအောင်လွင် + ဒေါ်မျိုးမျိုးဇင်မြင့် မွေးနေ့အလှူ | ၁၀.၀၀ |
| ၉၈။ | ဦးညွန့်တင် (စာရေးဆရာ-ပြည်သာယာ) + ဒေါ်နန်းရွှေမြင့် မိသားစု | ၁၀.၀၀ |
| ၉၉။ | ဩစတြေးလျနိုင်ငံနေ ဒေါက်တာဇော်သူအောင် + ဒေါက်တာဆုမြင့်တင်၊ သမီး ရှင်းသန့်မြင့်သူ၊ သား ခန့်ဘုန်းမြင့်သူ | ၁၀.၀၀ |
| ၁၀၀။ | မေတ္တာမိုး ကျန်းမာရေးကူညီစောင့်ရှောက်မှုအဖွဲ့ ရေနံဓာတုဗေဒ စက်ရုံစု (သံပုရာကန်) မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး | ၁၀.၀၀ |
| ၁၀၁။ | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ်(၄၄) မိသားစု | ၉.၅၀ |
| ၁၀၂။ | နည်းပညာတက္ကသိုလ်(မအူပင်) ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ | ၈.၇၀ |
| ၁၀၃။ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (ရုံးချုပ်)ဝန်ထမ်းမိသားစု | ၈.၁၀ |
| ၁၀၄။ | ပျော်ဘွယ်မြို့နယ်ပညာရေးမိသားစု | ၈.၀၀ |
| ၁၀၅။ | ရေနံချောင်းတက္ကသိုလ် မိသားစု | ၆.၈၈ |
| ၁၀၆။ | ခေတ္တစင်ကာပူရောက်သူငယ်ချင်းတစ်စု | ၆.၁၆ |
| ၁၀၇။ | မအူပင်တက္ကသိုလ်မိသားစု | ၆.၀၀ |
| ၁၀၈။ | မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှ အရာထမ်းနှင့် အမှုထမ်းမိသားစုဝင်များ | ၅.၁၉ |
| ၁၀၉။ | လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ ဆည်/ရေဦးစီးဌာန၊ ရေဦးမြို့ | ၅.၁၀ |
| ၁၁၀။ | ဦးဌေးအောင် + ဒေါ်အားဘာ မိဘများအား အမှူးထား၍ သမီး မစုလှိုင်ဦး 5th year (CE) UTYCC ၊ ကျိုင်းတုံ | ၅.၀၀ |
| ၁၁၁။ | ဦးစိန်မြင့်အောင် + ဒေါ်ခင်ခင်ရီ ၊ သားသမီး မြေးတစ်စု၊ သံပုရာကန်၊ အထက်မင်းလှမြို့ | ၅.၀၀ |

စာမျက်နှာ ၁၉ သို့

*စာမျက်နှာ ၁၈ မှ*

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁၁၂။ | ရေသန့်ဝေယျာဝစ္စအသင်း ဓမ္မမိသားစု ဓမ္မစကြာဝတ်အဖွဲ့ | ၅.၀၀ |
| ၁၁၃။ | ပြည်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ/ဆရာမ၊ ဝန်ထမ်း မိသားစုများ | ၅.၀၀ |
| ၁၁၄။ | မယ်တော်ကြီး ဒေါ်မြညွန့် မိသားစု၊ ကင်မွန်းတော်ရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅.၀၀ |
| ၁၁၅။ | ဦးခင်မောင်ဦး၊ ဒါရိုက်တာ၊ သုဝဏ္ဏပါဒ ကုမ္ပဏီလီမိတက် | ၅.၀၀ |
| ၁၁၆။ | Dr အောင်ပိုင် | ၄.၀၀ |
| ၁၁၇။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ကျန်းမာရေး) အရာထမ်း၊ အမှုထမ်းများ | ၄.၀၀ |
| ၁၁၈။ | နေပြည်တော် တွဲလက်များ Group | ၃.၅၀ |
| ၁၁၉။ | မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးနှင့် စီမံခန့်ခွဲရေးဌာန ဝန်ထမ်းများ | ၃.၅၀ |
| ၁၂၀။ | ဒေါ်ချိုချိုမွေးနေ့အလှူ | ၃.၀၀ |
| ၁၂၁။ | ဒေါ်မာမာသန့် မိသားစု၊ ဥတ္တရသီရိ၊ နေပြည်တော် | ၃.၀၀ |
| ၁၂၂။ | မြန်မာ့မီးရထား၊ စီးပွားရေးဌာနမှ အရာထမ်းနှင့် အမှုထမ်း မိသားစုဝင်များ | ၃.၀၀ |
| ၁၂၃။ | မြင်းခြံတက္ကသိုလ်ရှိဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ | ၃.၀၀ |
| ၁၂၄။ | မြန်မာ့မီးရထား၊ ထောက်ပံ့ဌာနမှ ဒုတိယအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ | ၃.၀၀ |
| ၁၂၅။ | Rajah & Tam Myanmar Co.,Ltd. | ၃.၀၀ |
| ၁၂၆။ | တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ၂.၆၅ |
| ၁၂၇။ | ဒေါ်အေဝမ်း မိသားစု (နေပြည်တော်) မှ ကွယ်လွန်သူ သား ကိုမြင့်သူအတွက် (၁) နှစ်ပြည့် ရည်စူးကုသိုလ် | ၂.၀၀ |
| ၁၂၈။ | မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာနမှ အရာထမ်းနှင့် အမှုထမ်း မိသားစုဝင်များ | ၂.၀၀ |
| ၁၂၉။ | မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အရာထမ်းနှင့်အမှုထမ်း မိသားစုဝင်များ | ၁.၆၁ |
| ၁၃၀။ | ၂၀၀၉ ခုနှစ် အလုပ်ဝင် လက်ထောက်ကထိက ဆရာ/ဆရာမများ ပခုက္ကူတက္ကသိုလ် | ၁.၀၀ |
| ၁၃၁။ | မြန်မာ့မီးရထား၊ စစ်ဆေးရေးဌာနမှ အရာထမ်း နှင့် အမှုထမ်း မိသားစုဝင်များ | ၁.၀၀ |
| ၁၃၂။ | မြန်မာ့မီးရထား၊အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန (မန္တလေး)မှ အရာထမ်းနှင့် အမှုထမ်း မိသားစုဝင်များ | ၁.၀၀ |
| ၁၃၃။ | မြန်မာ့မီးရထား၊အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာန (ရန်ကုန်)မှ အရာထမ်းနှင့် အမှုထမ်း မိသားစုဝင်များ | ၁.၀၀ |
| ၁၃၄။ | ဦးသန်းနိုင်၊ အမ ဒေါ်သန်းသန်းနွဲ့၊ စစ်ကိုင်း | ၁.၀၀ |
| ၁၃၅။ | ဦးအုန်းကျင်၊ ပဲခူးမြို့ | ၁.၀၀ |
| ၁၃၆။ | ဦးထွန်းအောင်လှ + ဒေါ်ငွေငွေလှိုင်၊ သမီး ထက်သီရိအောင် မိသားစု | ၁.၀၀ |
| ၁၃၇။ | Dr ယုမွန်၊ စိုက်ပျိုးရေးဦးစီးဌာန | ၀.၅၀ |
| ၁၃၈။ | ဦးထွန်းမြင့် + ဒေါ်ခင်မေသန်း မိသားစု | ၀.၅၀ |
| | **စုစုပေါင်း** | ၂၂၈၇၄.၈၅ |

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| ၁။ | Myanmar POSCO C&C Co.,Ltd. | ၅၀,၀၀၀.၀၀ |
| ၂။ | Myanmar American Medical Education Society (2nd), Inc. New York | ၂၀,၀၀၀.၀၀ |
| ၃။ | Myanmar American Medical Education Society (1st), Inc. New York | ၁၁,၀၀၀.၀၀ |
| ၄။ | အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၊ မြန်မာနွယ်ဖွားများနှင့် မြန်မာသံရုံး၊ ဝါရှင်တန်မြို့ သံရုံးမိသားစုများ | ၇,၀၇၁.၃၃ |
| ၅။ | Rajah & Tam Myanmar Co.,Ltd. | ၁,၀၀၀.၀၀ |
| ၆။ | DAEA Electronics | ၁,၀၀၀.၀၀ |
| | **စုစုပေါင်း** | ၉၀,၀၇၁.၃၃ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ – ၁၁ – ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၃၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၅၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၆၅ | ကျပ် | ၅၅၀/၅၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၂၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၅ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၆ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၀ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၁ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၆၂ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၂၅ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၂၀၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၈ . ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၈၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၁၂၃၇ | ၁၂၂၃၆၃၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၂၇၈၂ | ၁၀၂၁၄၀၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၁၅၄၂ | ၃၃၉၂၅၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃၇၇ | ၁၀၁၇၉၀၀ |
| EFR | ၃၅၅၀ | ၄၀၀၀ | ၄၉ | ၁၈၈၁၅၀ |

ခင်ရတနာ – စုစည်းသည်


# မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုလိုနီခေတ် ဒီစီလျှပ်စစ်စနစ်မှ အေစီလျှပ်စစ်စနစ်သို့

သိပ္ပံစာရေးဆရာ ကိုကိုအောင်

**သီပေါမင်းလက်ထက်က အထက်မြန်မာနိုင်ငံတွင် လျှပ်စစ်မီးစက်တစ်ခုကို တည်ထောင်ခဲ့သည်။ အောက်မြန်မာနိုင်ငံတွင်မူ ၁၈၇၀ ပြည့်နှစ်ဝန်းကျင်ကပင် ရန်ကုန်မြို့ရှိ ဥရောပတိုက်သားပိုင် ဆန်စက်ကြီး လေးလုံးတွင် လျှပ်စစ်မီးများ ထွန်းလင်းနိုင်ခဲ့ကြပြီဖြစ်ရာ ရေနွေးငွေ့သုံး ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားပေးစက်များဖြင့် ထွန်းလင်းစေခဲ့ခြင်းဖြစ်သည်။ အများပြည်သူသုံး နေအိမ်လျှပ်စစ်မီးထွန်းရန်အတွက် လျှပ်စစ်ဓာတ်အားကို ၁၉၀၅ ခုနှစ်ခန့်က ရန်ကုန်မြို့တွင် စတင်ရရှိခဲ့သည်။ ထိုနှစ်က ဖွဲ့စည်းတည်ထောင်သော Rangoon Electric Tramway and Supply Company Ltd. က ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခဲ့သည်။**

### လျှပ်စစ်ဓာတ်အားထုတ်လုပ်

လူဦးရေတိုးပွားပြီး မြူနီစီပယ်ဧရိယာ ကျယ်ဝန်းလာသော ရန်ကုန်မြို့တွင် ဓာတ်ရထားပြေးဆွဲနိုင်ရန် ရည်ရွယ်ပြီး အာအီးတီကုမ္ပဏီက လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရာတွင် ရန်ကုန်မြို့ လူနေအိမ်ခြေများ၌ လျှပ်စစ်မီးထွန်းရန်အတွက်ပါ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးရောင်းချခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားမှာ Direct Current (D.C.) သာဖြစ်ပြီး အိမ်သုံးနှင့် ဓာတ်ရထားအတွက် D.C. လျှပ်စစ်ကိုသာ အသုံးပြု နေရာမှ ၁၉၂၂ ခုနှစ်တွင် Alternation Current (A.C.) လျှပ်စစ်သို့ပြောင်း၍ 400 Volt, 3 Phase, 50 Hz, 4 Wire စနစ်ကို အသုံးပြုခဲ့သည်။ ထိုကဲ့သို့ ပြောင်းလဲမှုကြောင့် ဓာတ်ရထားအတွက် လိုအပ်သော လျှပ်စစ်ကို ပြဒါးသုံး Mercury Rectifier ဖြင့် A.C မှ D.C 100 Volt သို့ ပြောင်းလဲအသုံးပြုခဲ့သည်။ ၁၉၃၀ ပြည့်နှစ်နောက်ပိုင်းတွင်မူ မော်တော်ကားများကိုလည်း အသုံးပြုလာပြီဖြစ်သည့် အားလျော်စွာ နေရာယူမှု များပြားသော ဓာတ်ရထားများနေရာတွင် ထရော်လီ ဘတ်စ်ကားများဖြင့် အစားထိုးခဲ့သည်။

အိမ်သုံးလျှပ်စစ်မီး ထွန်းလင်းရန်အတွက်လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းများအတွက်လည်းကောင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမှာ ပုဂ္ဂလိကအရင်းရှင်များနှင့် ကုမ္ပဏီများ၏ လက်ထဲတွင်သာရှိခဲ့သည်။ အရင်းရှင်စီးပွားရေးလုပ်ငန်းကြီးများကို လုပ်ကိုင်ကြသည့် ဘီအိုစီနှင့် ဘားမားကော်ပိုရေးရှင်း ဘော်တွင်းမိုင်းတို့တွင် ၁၁၅၀၀ ကီလိုဝပ်စွမ်းအား ထုတ်ပေးနိုင်သော လျှပ်စစ်ဓာတ်အားပေးစက်ကို ကိုယ်ပိုင်တည်ထောင်ထားခဲ့ကြသည်။ ရေနံချောင်းရှိဘီအိုစီ၏လျှပ်စစ်ဓာတ်အားပေးစက်တွင် 400 Volt, 3 Phase, 50 Hz, 3 Wire စနစ်ကို အသုံးပြုခဲ့သည်။ ဘော်တွင်းမိုင်းတွင် မန်းစံရေတံခွန်မှ ရေအားကို အသုံးချကာ လျှပ်စစ်ဓာတ်ကို ထုတ်ယူအသုံးပြုခဲ့သည်။ ထိုစဉ်က ဘီအိုစီ၏ ရေနွေးငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်မှာ အရှေ့တောင်အာရှတွင် အကြီးဆုံးစက်ဖြစ်ခဲ့သည်။ ဘားမားရူဘီမိုင်းတွင် ရေအားဖြင့် လျှပ်စစ်ကို ထုတ်ယူကာ A.C500 Volt , 2 Phase, 50 Hz, 4 Wire စနစ်ဖြင့် ဓာတ်အားဖြန့်ဝေသုံးစွဲခဲ့သည်။ ထို့ပြင် ကံဘောက်ရှိ ဟိန္ဒားသတ္တုတွင်း၌လည်း ရေအားဖြင့်ပင် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သုံးစွဲခဲ့သည်။

### ကိုလိုနီခေတ်က လျှပ်စစ်ဓာတ်အားပေးစက်များ

ကိုလိုနီခေတ်က လျှပ်စစ်ဓာတ်အားပေးစက်များမှာ ရေနွေးငွေ့သုံးစက်များ၊ ရေအားသုံးစက်များ၊ ဒီဇယ်ဆီသုံးအင်ဂျင်စက်များ ဖြစ်ကြသည်။ ၁၉၃၉ ခုနှစ်က မြန်မာနိုင်ငံတွင် အိမ်သုံးလျှပ်စစ်မီး ထွန်းလင်းစေနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသော စက် ၁၀၂ လုံးနှင့်၊ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် စက် ၇၇ လုံးရှိခဲ့သည်။ အိမ်သုံးမီးထွန်းလင်းရန် လျှပ်စစ်ဓာတ်အားပေးသော စက် ၁၀၂ လုံး အနက်အများစုမှာ ၁၀ ကီလိုဝပ်မှ ၅၀၀ ကီလိုဝပ်အထိရှိသော ဒီဇယ်ဆီသုံး စက်ငယ်များ ဖြစ်ကြကာ ကိုးလုံးမှာ ရေအားဖြင့် လျှပ်စစ်ထုတ်သော စက်နှင့် ရေနွေးငွေ့သုံးစက်များ ဖြစ်ကြသည်။

ရန်ကုန်မြို့ရှိ အာအီးတီကုမ္ပဏီပိုင် ရေနွေးငွေ့သုံးစက်မှာ ၂၄၀၀၀ ကီလိုဝပ် စွမ်းအားရှိသည်။ စက်မှုလက်မှုလုပ်ငန်းသုံးအတွက် စက် ၇၇ လုံးတွင် ရေအားဖြင့် လျှပ်စစ်ထုတ်သောစက် ခြောက်လုံးပါရှိပြီး ၃၀၀ ကီလိုဝပ်မှ ၁၀၀၀၀ ကီလိုဝပ်အထိ စွမ်းအားရှိကြသည်။ စက် ၂၄ လုံးက ၁၃၀၀ ကီလိုဝပ်စွမ်းအားရှိသော ဒီဇယ်ဆီသုံးစက်များ ဖြစ်ကြကာ ကျန်စက်များက ၂၀၀၀၀ ကီလိုဝပ်ရှိ ရေနွေးငွေ့သုံးစက်များဖြစ်ကြသည်။ ၁၉၃၉ ခုနှစ်က ထိုစက်အသီးသီးတို့မှ အိမ်သုံးမီးထွန်းလင်းရန်အတွက် ကီလိုဝပ်နာရီပေါင်း ၄၈၀၀၀၀၀၀ ထုတ်လုပ်ပြီး စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် ကီလိုဝပ် နာရီပေါင်း ၁၈၅၀၀၀၀၀၀ ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များက စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြခြင်းဖြင့် မြို့ကြီးပေါင်း ၅၀ ခန့်၌ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် အချိန်ကာလအထိ လျှပ်စစ်မီးများ ထွန်းလင်းနိုင်ခဲ့သည်။ ရွှေတိဂုံနှင့် ရွှေစည်းခုံအစရှိသော တန်ခိုးကြီးဘုရားများနှင့် စေတီတော်များတွင်လည်း ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အားထုတ် စက်ငယ်များဖြင့် လျှပ်စစ်မီး ပူဇော်ခဲ့ကြသည်။

> **"ကိုလိုနီခေတ် အောက်မြန်မာနိုင်ငံ၌ ၁၈၈၅ ခုနှစ် မတိုင်မီကာလတွင် ဆန်စက်၊ သစ်စက်တို့အပြင် မော်လမြိုင်၌ သင်္ဘောတည်ဆောက်သော လုပ်ငန်းနှင့် ကျိုက္ခမီတွင် သကြားစက်တစ်ခုလည်း ရှိခဲ့သည်။ နှစ်ဆယ်ရာစု နှစ်ဆန်းလာသောအခါ ဆန်စက်နှင့် သစ်စက်များ တိုးပွားလာခဲ့သည်။ ထို့ပြင် ရေနံ၊ ကျောက်သံပတ္တမြား၊ ဓာတ်သတ္တု တူးဖော်ကျိုချက် သန့်စင်ရေးဆိုင်ရာ စက်များ၊ ကုန်းလမ်းနှင့် ရေလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် စက်ယန္တရားသုံးယာဉ်များ၊ လျှပ်စစ် ဓာတ်အားပေးစက်များလည်း တစ်စတစ်စပေါ်ထွန်းလာခဲ့"**

### အကုန်အကျများစွာသက်သာ

လျှပ်စစ်ဓာတ်အားကို အဖိုးနှုန်းချိုသာစွာဖြင့် လွယ်ကူပေါများစွာ ရရှိနိုင်ခြင်းသည် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာ၌ ရေအားဖြင့် လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းက ဒီဇယ်ဆီသုံးစက်နှင့် ရေနွေးငွေ့သုံးစက်များထက် အကုန်အကျများစွာသက်သာသည်။ ထို့ကြောင့်ပင် ၁၉၂၀ ပြည့်နှစ်မှ ၁၉၂၃ ခုနှစ်များအတွင်း လျှပ်စစ် စစ်ဆေးရေးအရာရှိ Mr.B. Raikes က မြန်မာနိုင်ငံအတွင်း၌ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် လေ့လာစူးစမ်းမှုများကို ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ မြစ်၊ ချောင်း၊ ရေတံခွန်များက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် အလားအလာ အလွန်ကောင်းသော်လည်း Mr.B. Raikes က အဆိုပြုတင်ပြသော နေရာများမှာ လူနေဝန်းကျင်နှင့် ဝေးကွာလွန်းပြီး သွားလာရန် ခက်ခဲသော နေရာများ ဖြစ်နေခဲ့သည်။

ထိုနေရာအများအပြားအနက် စစ်တွေစီရင်စုအတွက် စိုင်တင်ရေတံခွန်၊ မန္တလေးဒေသအတွက် ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြစ်မှ ပြောင်ရှားရေတံခွန်၊ မြောက်ပိုင်းရှမ်းပြည်အတွက် နမ့်ဆန်ရေတံခွန်၊ လွိုင်ကော်ရှိ ဘီလူးချောင်း၊ ရန်ကုန်ဒေသအတွက် ဘောဂတချောင်းနှင့် ပဲခူးမြစ်၊ ကျိုက္ခမီ လမ်ဖချောင်း၊ ထားဝယ်ဒေသရှိ ဖောင်တော်ချောင်းတို့မှာ အလားအလာရှိသောနေရာများ ဖြစ်ကြသည်။ သို့ရာတွင် ကိုလိုနီခေတ်အတွင်းက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးသည် ပုဂ္ဂလိကအရင်းရှင်များ၏ စီးပွားရေးလုပ်ငန်းသာဖြစ်သဖြင့် အကျိုးအမြတ်ကိုတွက်ဆကာ လုပ်ဆောင်သော စီးပွားရေးသမား အရင်းရှင်များက စိတ်ဝင်စားမှု မရှိခဲ့သောကြောင့် အကောင်အထည် မပေါ်ခဲ့ပေ။

ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် ဆန်စက်နှင့် သစ်စက်များ တည်ထောင်ခြင်းဖြင့် စက်မှုလုပ်ငန်းများကို အစပျိုးခဲ့သည်။ မြန်မာဘုရင်ပိုင် အထက်မြန်မာနိုင်ငံတွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်က စတင်တည်ထောင်သော စက်မှုလုပ်ငန်းများမှာ ဗြိတိသျှတို့က အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သည့် ၁၈၈၅ ခုနှစ်တွင် ဇာတ်သိမ်းသွားခဲ့ကြသည်။ ကိုလိုနီခေတ် အောက်မြန်မာနိုင်ငံ၌ ၁၈၈၅ ခုနှစ်မတိုင်မီကာလတွင် ဆန်စက်၊ သစ်စက်တို့အပြင် မော်လမြိုင်၌ သင်္ဘောတည်ဆောက်သောလုပ်ငန်းနှင့် ကျိုက္ခမီတွင် သကြားစက်တစ်ခုလည်း ရှိခဲ့သည်။ နှစ်ဆယ်ရာစု နှစ်ဆန်းလာသောအခါ ဆန်စက် နှင့်သစ်စက်များ တိုးပွားလာခဲ့သည်။ ထို့ပြင် ရေနံ၊ ကျောက်သံပတ္တမြား၊ ဓာတ်သတ္တု တူးဖော်ကျိုချက် သန့်စင်ရေးဆိုင်ရာ စက်များ၊ ကုန်းလမ်းနှင့် ရေလမ်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွင် စက်ယန္တရားသုံး ယာဉ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များလည်း တစ်စတစ်စ ပေါ်ထွန်းလာခဲ့သည်။ ထိုစက်ယန္တရားများနှင့် စက်မှုလုပ်ငန်းများမှာ Processing Industry များသာ ဖြစ်ခဲ့ကြသည်။ ရေနံချက်စက်၊ ဖယောင်းတိုင်လုပ်စက် စသည်တို့မှအပ စားဝတ်နေရေးဆိုင်ရာ ကုန်ချောပစ္စည်း ထုတ်လုပ်သည့် ကျန်လုပ်ငန်းများမှာ Manufacturing Industry များ မဟုတ်ခဲ့ကြပေ။ ၁၉၂၀ ပြည့်နှစ် ကျော်လွန်လာသောအခါ၌မူ စားကုန်ထုတ်လုပ်ရေး၊ ဝတ်ကုန်ထုတ်လုပ်ရေး၊ သုံးကုန်ထုတ်လုပ်ရေးဆိုင်ရာ ကုန်ချောထုတ်လုပ်သောစက်များနှင့် စက်မှုလုပ်ငန်းများ ပေါ်လာခဲ့သော်လည်း အရေအတွက်က မများလှပေ။

### ကြံသကာလုပ်ငန်းများရှိခဲ့

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးခြင်းနှင့်အတူ ယင်းနှင့် ဆက်နွှယ်သော ကြံသကာလုပ်ငန်းများရှိခဲ့သည်။ ဗြိတိသျှတို့ လက်အောက်၌ နိုင်ငံခြားသားလူဦးရေ တိုးပွားများပြားလာသောအခါ သကြားစားသုံးမှုနှုန်းက တိုးတက်လာသဖြင့် လိုအပ်သောသကြားကို နိုင်ငံခြားမှ မှာယူတင်သွင်းခဲ့ရသည်။ ကျိုက္ခမီတွင် ပထမဆုံးတည်ထောင်သော သကြားစက် ရပ်သွားပြီးနောက် နှစ်ပေါင်းငါးဆယ်ကျော်ကြာသည်အထိ နောက်ထပ်သကြားစက် တည်ထောင်မှုမရှိဘဲ ဖြစ်နေခဲ့သည်။ ၁၉၁၉-၁၉၂၀ ပြည့်နှစ်တွင် မစ္စတာအေဂနီက တောင်ငူစီရင်စု ကညွတ်ကွင်းတွင်သကြားစက်တည်ထောင်ရန် ကြိုးစားခဲ့ဖူးသော်လည်း ဂရန်ခံယူသောမြေမှာ သစ်တောကြိုးဝိုင်းဖြစ်နေသဖြင့် သစ်တောများ ပြုန်းတီးမည်ဟူသော အကြောင်းပြချက်ဖြင့် အစိုးရက ခွင့်မပြုခဲ့ပေ။ ထို့နောက် ရန်ကုန်မြို့ရှိ ကုမ္ပဏီကြီးတစ်ခုက မန္တလေးမြို့အနီး အမရပူရနှင့် လမိုင်းရွာတို့တွင် ၁၉၂၂ ခုနှစ်ခန့်က သကြားစက်နှစ်လုံးကို တည်ဆောက်ခဲ့သော်လည်း လုပ်ငန်းအောင်မြင်မှုမရှိ၍ နောက်ပိုင်းတွင် ဖျက်သိမ်းခဲ့ရသည်။

ထို့နောက် ၁၉၂၅-၁၉၂၆ ခုနှစ်ခန့်က မြစ်ကြီးနားစီရင်စု ဆားမော်ဒေသ၌ သကြားစက်တစ်လုံး ပေါ်ပေါက်လာခဲ့ပြန်သည်။ Finlay Fleming Co., Ltd. U Burma Sugar Company Ltd. ကို တည်ထောင်ပြီးနောက် တည်ဆောက်ခဲ့သော သကြားစက်ဖြစ်သည်။ စက်ရုံအတွက်စက်များကို အင်္ဂလန်နိုင်ငံ Belliss and Morcom Ltd. က ပေးသွင်းရန် စီစဉ်ခဲ့သော်လည်း ထိုကုမ္ပဏီပျက်သွားသဖြင့် The Mirrless, Watson Co., Ltd. 45 Scotland Street, Glasgow C.5 က ဆက်လက်ပေးသွင်းခဲ့သည်။ ဆားမော်သကြားစက်မှာ တစ်ရက်လျှင် ကြံတန်ချိန် ၁၀၀၀ ခန့် ကြိတ်ဝါးနိုင်သော စက်ဖြစ်ပြီး မြစ်ကြီးနားတစ်ဝိုက်ရှိ ကြံများကိုအခြေခံကာ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ လည်ပတ်ထုတ်လုပ်ခဲ့သည်။ သကြားစက်လည်ပတ်စဉ်က မစ္စတာချက်ပလက်ဆိုသူသည် နမ္မတီးဒေသတွင် ကြံစိုက်ခင်းများကို အကြီးအကျယ် ပျိုးထောင်စိုက်ပျိုးကာ မီးရထားသံလမ်းပိုင်းငယ်တစ်ခုကို ဖန်တီးဖောက်လုပ်ပြီး ဆားမော် သကြားစက်သို့ ကြံများ ပေးသွင်းခဲ့သည်။

အောက်မြန်မာနိုင်ငံရှိ ရွှေကျင်၊ ဘီးလင်း၊ သဲဖြူဒေသတို့သည်လည်း ကြံစိုက်ပျိုးဖြစ်ထွန်းရာ နယ်မြေများ ဖြစ်ကြသဖြင့် ထိုဒေသမှကြံများကို အခြေခံ၍ ၁၉၃၄ ခုနှစ်တွင် Robinson & Company ပိုင်ရှင် မစ္စတာရော်ဘင်ဆင်သည် နှင်းပုလဲ၌ သကြားစက်တစ်ခုကို တည်ထောင်ခဲ့သည်။ သကြားစက်မှာ မဒရပ်စ်မှ ဝယ်ယူလာသော စက်ဖြစ်ပြီး မန်နေဂျာနှင့် စက်မှုအင်ဂျင်နီယာများက အင်္ဂလိပ်လူမျိုးများ ဖြစ်ကြသည်။ သကြားချက်သူမှာ ဂျာဗားအမျိုးသားတစ်ဦးဖြစ်ပြီး သကြားစက်မှ သကြားနီသာထွက်သဖြင့် အရှုံးပေါ်ခဲ့သည်။ တစ်နှစ်ခန့် စက်ရုံလည်ပတ်ပြီးနောက် ပိုင်ရှင်ဖြစ်သူ မစ္စတာရော်ဘင်ဆင် ကွယ်လွန်သွားသောကြောင့် စက်ရုံဆောက်ပေးသော ဂလပ်အင်ဂရိတ်ကုမ္ပဏီအား အကြွေးပေးဆပ်နိုင်ရန်အတွက် စက်ရုံကို လေလံတင်ရောင်းချခဲ့ရသည်။ အိန္ဒိယနိုင်ငံသား အင်းမရစ်ပိုင် သကြားကုမ္ပဏီက ထိုစက်ရုံကို ဝယ်ယူပြီး စက်များကို ပြန်လည်ပြုပြင် လည်ပတ်စေခဲ့ရာ သကြားဖြူများထွက်ရှိလာခဲ့သည်။ ၁၉၃၈ မှ ၁၉၄၁ ခုနှစ်အထိ စက်လည်ပတ်ကာ သကြား ထုတ်လုပ်နိုင်ခဲ့ရာမှ ဒုတိယကမ္ဘာစစ်ကာလအတွင်း ကုမ္ပဏီပိုင်ရှင်က အိန္ဒိယသို့ ပြန်သွားသဖြင့် သကြားစက်ကို ပိတ်ထားလိုက်ရသည်။

### ဇေယျဝတီသကြားစက်

ကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် တည်ဆောက်သော သကြားစက်များအနက် ဇေယျဝတီသကြားစက်သည် အကြီးဆုံးနှင့် အအောင်မြင်ဆုံးစက်ဖြစ်သည်။ သကြားစက်တည်ရှိရာ ဇေယျဝတီတစ်ဝိုက်ရှိ နယ်မြေကို ဗြိတိသျှအစိုးရက ဘီဟာနယ်မဟာရာဂျာ၏ မဟာဒေဝီအား အပိုင်စားပေးခဲ့ရာ မဟာဒေဝီက ထိုမြေကို စီပီဆင်ဟားမိသားစုသို့ လွှဲပေးလိုက်သည်။ အိန္ဒိယပြည် ဘီဟာနယ်မှ အလုပ်သမားများဖြင့် ထိုနယ်မြေကို ခုတ်ထွင်ရှင်းလင်းကာ လယ်ယာမြေအဖြစ်သို့ ပြောင်းလဲစေခဲ့သော်လည်း ၁၉၃၂ ခုနှစ်ခန့်တွင် စပါးဈေးကျဆင်းသွားသဖြင့် ကြံကို ပြောင်းလဲစိုက်ပျိုးသည်မှ အစပြု၍ သကြားစက် တည်ထောင်သည့် အခြေအနေဆီသို့ ဆိုက်ရောက်သွားခဲ့သည်။ သကြားစက် တည်ဆောက်လိုက်သောအခါ တောင်ငူ-ရမည်းသင်းဝန်းကျင်မှ ကြံစိုက်ပျိုးရေးလုပ်ငန်းများလည်း တိုးတက်ခဲ့သည်။

ဇေယျဝတီသကြားစက်ကို တည်ထောင်သော ရှိုင်ဘဟာဒူးရီကာပရာဆပ်သည် စကော့တလန်နိုင်ငံ ဒန်ကန်စတီးဝပ်ကုမ္ပဏီထံမှ တစ်ရက်လျှင် ကြံတန်ချိန် ၁၀၀၀ ကြိတ်ဝါးနိုင်သော စက်တစ်လုံးကိုဝယ်ယူပြီး ၁၉၃၄ ခုနှစ်တွင် စက်ရုံကိုတည်ဆောက်ကာ ၁၉၃၄-၁၉၃၅ ခုနှစ် ကြံရာသီမှစတင်၍ လည်ပတ်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ သကြားစားသုံးမှုမှာ တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် ၂၇၀၀၀ ခန့်ရှိပြီး ပြည်တွင်းရှိစက်များမှ ထုတ်လုပ်နိုင်မှုက တစ်နှစ်လျှင် ပျမ်းမျှ ၁၅၇၅၃ တန်မျှသာရှိသောကြောင့် ပြည်ပမှ တစ်နှစ်လျှင် ပျမ်းမျှ တန် ၁၁၂၀၀ ခန့် တင်သွင်းခဲ့ရသည်။ ထို့ကြောင့်ပင် ဇေယျဝတီ သကြားစက်ပိုင်ရှင် စီပီဆင်ဟားသည် ၁၉၄၀ ပြည့်နှစ်တွင် သကြားစက်ကို တိုးချဲ့ရန် စီစဉ်ပြီး ချက်ကိုစလိုဗက်ကီးယားနိုင်ငံ စကိုဒါကုမ္ပဏီထံမှ တစ်ရက်လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်သော စက်တစ်လုံးကို ဝယ်ယူခဲ့သည်။ သို့ရာတွင် ထိုစက်အသစ်မှာ မြန်မာနိုင်ငံသို့ ရောက်မလာဘဲ စစ်အတွင်းက အိန္ဒိယတွင် သောင်တင်နေခဲ့သည်။ ။

# အထူးကြပ်မတ်ကုသဆောင်သစ်ကို တီးတိန်မြို့ခုတင်(၁၀၀)ဆံ့ဆေးရုံ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်နှင့်အတူ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတည်ဆောက်နေ

**တီးတိန် နိုဝင်ဘာ ၄**

**ချင်းပြည်နယ် တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံအတွင်း တည်ဆောက်လျက်ရှိသောအထူးကြပ်မတ်ကုသဆောင် အဆောက်အအုံသစ်ကို တီးတိန်မြို့ခုတင်(၁၀၀)ဆံ့ဆေးရုံ၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်နှင့်အတူ ဖွင့်လှစ်နိုင်ရန် တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တီးတိန်မြို့ပြည်သူ့ဆေးရုံကြီးအရေးပေါ်ပံ့ပိုးရေးကော်မတီထံမှ သိရသည်။**

တီးတိန်မြို့ အထူးကြပ်မတ်ကုသဆောင်ကို မေ ၁၉ ရက်က စတင်ဆောက်လုပ်ခြင်းဖြစ်ပြီး အလျား ၄၈ ပေ၊ အနံ ၂၄ ပေရှိ အခန်းလေးခန်းပါဝင်သည့် နှစ်ထပ်ဆောင်ဖြစ်ကာ လတ်တလော ကိုဗစ်-၁၉ ကာလ လိုအပ်ချက်အနေဖြင့် အထူးကြပ်မတ်ကုသဆောင် အမြန်ပြီးစီးရေး၊ အသက်ရှူစက် အမြန်တပ်ဆင်ရေး၊ မီးစက်တစ်လုံး အမြန်တပ်ဆင်နိုင်ရေးတို့အတွက် ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှအလှူရှင်များ၏ ပံ့ပိုးကူညီထည့်ဝင်ငွေဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

"အထူးလိုအပ်နေတဲ့ကြပ်မတ်ကုသဆောင်နှစ်ထပ်ကို အမြန်ဆုံးတည်ဆောက်နေပါတယ်။ အပေါ်ထပ်က ကူးစက်မြန်တဲ့ရောဂါ လူနာထားဖို့ Intensive Care Unit (ICU)၊ အောက်ထပ်မှာတော့ ကူးစက်ရောဂါမဟုတ်တဲ့ အခြားရောဂါ အရေးပေါ်လာရင်ထားဖို့ သီးသန့် ဆေးကုသဆောင်ထားမယ်။ ဒီမှာက ခုတင် ၁၀၀ ပဲရှိတာ ဆိုတော့ လူနာအသည်းအသန်ဖြစ်လာရင် သီးသန့်ထားဖို့ အဆင်မပြေဘူး။ အဲဒါကြောင့် အခုဒီအထူးကြပ်မတ်ကုသဆောင်တည်ဆောက်နိုင်ဖို့အတွက် ကော်မတီဖွဲ့တယ်။ ပြည်တွင်းပြည်ပ အလှူရှင်တွေကို ဖိတ်ခေါ်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြတာပါ။ အဆောက်အအုံပြီးသွားရင်တော့ ကျန်းမာရေးဌာနကို အပြီးလွှဲပြောင်းပေးသွားဖို့ ဖြစ်ပါတယ်"ဟု တီးတိန်မြို့ပြည်သူ့ဆေးရုံကြီး အရေးပေါ် ပံ့ပိုးရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ခန့်လျန်းက ပြောသည်။

လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်အတွက် နိုင်ငံတော်အစိုးရနှင့်ပြည်ပရောက်အလှူရှင်များမှ ပေးပို့သော အဆင့်မြင့် လူနာခုတင်ခုနစ်လုံးနှင့်အခြားဆေးရုံသုံးပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်ရောက်ရှိလာပြီဖြစ်ကြောင်း၊

တည်ဆောက်ခြင်းလုပ်ငန်းပိုင်းအနေဖြင့် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုအခါပြည်သူ့ဆေးရုံခွဲစိတ်ခန်းနှင့် ဆက်သွယ်ထားသော အောက်ဆီဂျင်လိုင်း တပ်ဆင်မှုမှတစ်ဆင့် ခွဲစိတ်လူနာများအတွက် အောက်ဆီဂျင်အသုံးပြုနေပြီဖြစ်ကြောင်း၊ အရေးကြီး/အရေးပေါ်လိုအပ်ချက်အရ အောက်ဆီဂျင်ရယူနိုင်ရန် ကုသဆောင်များ၌ တပ်ဆင်ပြီးဖြစ်ကြောင်း၊ ယနေ့အထိပြည်တွင်းပြည်ပမှ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၇၀၀ကျော် ရရှိထားပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၂၁ ခုနှစ်တွင် တီးတိန်မြို့ခုတင်၁၀၀ ဆံ့ပြည်သူ့ဆေးရုံမှာ နှစ် ၁၀၀ တင်းတင်းပြည့်တော့မည်ဖြစ်သည့်အတွက် ယခုတည်ဆောက်နေသည့် အထူးကြပ်မတ် ကုသဆောင်ကိုလည်း ရာပြည့် အထိမ်းအမှတ်နှင့်အတူ ဖွင့်လှစ်နိုင်ရန်စီစဉ်ထားကြောင်း တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးအရေးပေါ် ပံ့ပိုးရေး ကော်မတီ၏ အတွင်းရေးမှူး သိက္ခာတော်ရဆရာ ဝုန့်ဆွင်းမုန်က ပြောပြ၍ သိရသည်။ **(အောက်ပုံ)**

**ချင်းတွင်းသား**



---

# ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ စည်းဝေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၄**

မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင် မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံ၍ မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေး ယမန်နေ့က ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဆွေက လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ၂၀၂၀ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုရက်အတွင်း ဆက်သွယ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။



ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပနေစဉ်။

**ပြောကြား**

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးမိုးနိုင်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ တင်ပြထားသည့် စာပါအကြောင်းအရာများကို ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များက ဆွေးနွေးမှုများနှင့် ပတ်သက်၍သိရှိလိုသည့် ကိစ္စရပ်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြား၍ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သီတာအောင်(ပြန်ဆက်)**

---

# မိုးစပါးစိုက်ပျိုးလျာထားကေများ အောင်ရေရသည်အထိ သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေပေးဝေမည်

**ဒီပဲယင်း အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် သဖန်းဆိပ်ဆည်ရေသောက် ဧရိယာတွင်ပါဝင်သော ကင်းတပ်လက်ယာတူးမြောင်း ကာဘိုးရေလွှဲဆည် ရေဦးတူးမြောင်း ရွှေဘိုတူးမြောင်းဧရိယာများတွင် ၂၀၂၀ ပြည့်နှစ်မိုးရာသီတွင်မိုးစပါးလျာထားကေ လေးသိန်းနှစ်သောင်းလျာထားခဲ့ပြီး ဆည်ရေဖြင့် လေးသိန်းလေးသောင်းကျော်စိုက်ပျိုးခဲ့ရာ လျာထားကေထက်ပိုမိုပြီး အောင်ရေရသည်အထိ ဆည်ရေပေးဝေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်မိုးရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ပြီး မိုးရွာသွန်းမှုနည်းပါးသဖြင့် မူးမြစ်အနောက်ဘက်ခြမ်းရှိ ရွှေဘိုခရိုင် ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ တန့်ဆည်မြို့နယ်များတွင် မိုးစပါးစိုက်ပျိုးထားသော လယ်မြေဧရိယာများ အောင်ရေပြည့်မီစွာရရှိရေးနှင့် မြောင်းဖျားပိုင်းထိ စိုက်ပျိုးရေလုံလောက်စွာရောက်ရှိရေးအတွက် ရေအလေအလွင့်မရှိအောင် အလှည့်ကျစနစ်ဖြင့် ရေပေးသည့်အပြင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ဦးဆောင်ပြီး ဒေသခံတောင်သူများ ရေအသုံးပြုသူ အဖွဲ့များနှင့် ပူးပေါင်းကာ ဆည်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**

---

# ညောင်ရွှေမြို့နယ်တွင် ဆန္ဒမဲလက်မှတ်များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ခွဲဝေ

**ညောင်ရွှေ နိုဝင်ဘာ ၄**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ အသုံးပြုမည့် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်များ ထုတ်ပေးခြင်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ခွဲဝေဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ဆန္ဒမဲလက်မှတ်များကို ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော အဖွဲ့ရှစ်ဖွဲ့ဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ခွဲဝေထုတ်ပေးခြင်းကိုဆောင်ရွက်ခဲ့ပြီး မဲရုံတာဝန်ရှိသူများ ဝတ်ဆင်အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဝတ်စုံ၊ ခေါင်းစွပ်၊ မျက်မှန်၊ လက်အိတ်၊ ပါးစပ်နှင့်နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်များ၊ လက်သန့်စင်ဆေးရည်များ၊ လည်ဆွဲကတ်များကို တစ်ပါတည်းထုတ်ပေးခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ညောင်ရွှေမြို့နယ်အတွင်း ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုရှိ မဲရုံပေါင်း ၁၄၃ ရုံအတွက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ၂၃၈၁ အုပ်၊ အမျိုးသားလွှတ်တော် ဆန္ဒမဲလက်မှတ် ၂၃၈၁ အုပ်၊ ပြည်နယ်လွှတ်တော်အမှတ် (၁) ဆန္ဒမဲလက်မှတ် ၁၁၈၉ အုပ်၊ ပြည်နယ်လွှတ်တော် အမှတ်(၂) ဆန္ဒမဲလက်မှတ် ၁၁၉၂ အုပ်၊ ဗမာတိုင်းရင်းသားလူမျိုးလွှတ်တော် ဆန္ဒမဲလက်မှတ် ၉၈ အုပ်၊ လီဆူးတိုင်းရင်းသားလူမျိုးလွှတ်တော် ဆန္ဒမဲလက်မှတ် ၅ အုပ်၊ အင်းသားတိုင်းရင်းသားလူမျိုး လွှတ်တော်ဆန္ဒမဲလက်မှတ် ၁၃၁၈ အုပ်တို့ကို ခွဲဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

---

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများ သောက်သုံးရေရရှိရေး ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်သန်း ၁၉၀၀ ကျော် လျာထားလုပ်ဆောင်ပေးမည်

**မုံရွာ နိုဝင်ဘာ ၄**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၉၀၈ ဒသမ ၅၂၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများအတွက် လျာထားလုပ်ဆောင် ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခရိုင်များရှိ ကျေးရွာ ၉၅ ရွာတွင် သောက်သုံးရေရရှိရေးကို တွင်းတိမ်နှစ်တွင်း တွင်းနက် ၆၉ တွင်း၊ လက်တူးတွင်း နှစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်း ၁၄ ခု၊ ရေကန် တစ်ကန်နှင့် အခြားနည်းလမ်း ရေရရှိရေးလုပ်ငန်း ရှစ်ခု စုစုပေါင်းလုပ်ငန်း ၉၆ ခုဖြင့် ကျေးလက် ရေရရှိရေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်းရှိမြို့နယ် သုံးခုမှ ကျေးရွာ ကိုးရွာတွင်းတိမ် တစ်တွင်း၊ တွင်းနက် သုံးတွင်း၊ ရေကန် တစ်ကန်နှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း လေးခုကိုလည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ ကျေးရွာ ရှစ်ရွာတွင် တွင်းနက် ရှစ်တွင်းအားလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ခြောက်ခုမှ ကျေးရွာ ၁၅ ရွာတွင် တွင်းနက် ၁၄ တွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း တစ်ခုအားလည်းကောင်း၊ ကသာခရိုင်အတွင်းရှိ မြို့နယ် လေးခုမှ ကျေးရွာ ၁၃ ရွာတွင် တွင်းနက် ခြောက်တွင်း၊ လက်တူးတွင်း တစ်တွင်းနှင့် စိမ့်စမ်း ရေသွယ်ခြင်းလုပ်ငန်း ငါးခုအားလည်းကောင်း၊ ကောလင်းခရိုင်အတွင်းရှိ မြို့နယ် သုံးခုမှ ကျေးရွာ ၁၀ ရွာတွင် တွင်းနက် ခုနစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်း နှစ်ခုနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း တစ်ခုတို့အား လည်းကောင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုရှိ ကျေးရွာ လေးရွာတွင် တွင်းနက် လေးတွင်းအား လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် လေးခုမှ ကျေးရွာ ၁၄ ရွာတွင် တွင်းတိမ် တစ်တွင်း၊ တွင်းနက် ၁၂ တွင်းနှင့် အခြား နည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း တစ်ခုအား လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ မြို့နယ် သုံးခုမှ ကျေးရွာ ခုနစ်ရွာတွင် တွင်းနက် လေးတွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း လေးခုအား လည်းကောင်း၊ တမူးခရိုင်အတွင်း မြို့နယ် တစ်ခုရှိ ကျေးရွာ သုံးရွာတွင် တွင်းနက် သုံးတွင်းအားလည်းကောင်း၊ မော်လိုက် ခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုမှ ကျေးရွာ ခြောက်ရွာတွင် တွင်းနက် ခြောက်တွင်းအားလည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုမှ ကျေးရွာ ခြောက် ရွာတွင် တွင်းနက် တစ်တွင်း၊ လက်တူးတွင်း တစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်း သုံးခုနှင့် အခြားနည်းလမ်းဖြင့် တစ်ခုတို့အား လည်းကောင်း တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

# ၈.၁၁.၂၀၂၀ ရွေးကောက်ပွဲနေ့တွင် သိရှိလိုက်နာ ဆောင်ရွက်ကြရမည့် ဥပဒေပြဋ္ဌာန်းချက် မှတ်စုများ

**မောင်ငွေဦး (စိန်ဂျွန်း)**

**၁။ မဲရုံစတင်ဖွင့်ချိန်နှင့် ပိတ်ချိန်**

(က) မဲရုံကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်ရမည်။ မဲပေးမည့်သူအားလုံး မဲပေးပြီးလျှင်တော့ ညနေ ၄ နာရီထက်စော၍ ပိတ်နိုင်သည်။ (ပုဒ်မ ၄၂-က)

(ခ) ညနေ ၄ နာရီ မဲရုံပိတ်သည့်အခါ မဲရုံပရိဝုဏ်အတွင်း ရှိ မဲမပေးရသေးသူများ စာရင်းကို ယူထားပြီး ထို စာရင်းပါသူများကို မဲပေးခွင့်ပြုရမည်။ (ပုဒ်မ ၄၂-ခ)

**၂။ မဲရုံဖွင့်သည်နှင့် ဆောင်ရွက်ရမည့်ကိစ္စများ**

(က) မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် မိမိတို့၏ခန့်စာ ပုံစံ(၈)တွင် မဲရုံမှူးကိုအသိအမှတ်ပြု လက်မှတ်ရေးထိုး ရယူထားရမည်။

(ခ) ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲ ပုံးများနှင့် အမည်စာရင်းကို သက်ဆိုင်သောမဲရုံများ မဖွင့်မီ မဲရုံမှူးထံ ပုံစံ(၁၃)နှင့်အတူ ပေးပို့ကြရမည်။ (နည်း ၅၀-ဃ)

မဲရုံမှူးသည် ပုံစံ(၁၃)ပါ ကြိုတင်မဲ ပေးပြီးသူများ၏ စာရင်းကို မဲစာရင်းတွင် မဲပေးပြီးကြောင်း မှတ်သား ရမည်။ (နည်း-၅၂)

(ဂ) မဲရုံမှူးသည် မဲပေးခြင်းမစတင်မီ ယူလာသော မဲ လက်မှတ်များကို မဲရုံအဖွဲ့ဝင်များရှေ့ ရေတွက်၍ ပုံစံ(၁၁)ဖြင့် မှတ်တမ်းတင်ပြီး မဲပုံးအလွတ်များ ကိုလည်း ပြသရမည်။

**၃။ မဲရုံအတွင်း ဝင်ခွင့်ရှိသူများ၊ ဆန္ဒမဲပေးခြင်းများ**

(က) မဲရုံအတွင်း ဝင်ခွင့်ရှိသူများမှာ မဲရုံအဖွဲ့ဝင်များ၊ မဲပေးမည့်သူများ၊ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှင့် လုံခြုံ ရေးတာဝန် ပေးအပ်ခံရသူများ၊ မျက်မမြင်နှင့် မဲ မပေးတတ်သူများအတွက် ၎င်းတို့၏ မိသားစုဝင် များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စား လှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံ ကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များ။

(ခ) မဲဆန္ဒလာပေးသူများမှာ မဲစာရင်းအရ မှန်ကန်ပါက လက်မှတ်ထိုး(သို့မဟုတ်) လက်ဗွေနှိပ်စေပြီး မဲ လက်မှတ် ထုတ်ပေးရမည်။ မဲပေးမည့်သူသည် လျှို့ဝှက်ဆန္ဒပြု အခန်းအတွင်း မိမိမဲပေးလိုသူကို အမှန် (✔) တံဆိပ်တုံးထု၍ မဲလက်မှတ်ကို ခေါက်ကာ မဲပုံးထဲထည့်ရမည်။

(ဂ) မဲလက်မှတ်ပေါ်တွင် ကော်မရှင်တံဆိပ်တုံးပါမပါနှင့် မဲရုံမှူးလက်မှတ်ပါမပါ စစ်ဆေး၍ တစ်ခုခုမပါရှိ လျှင် မဲပြားအသစ်ပြန်လည် တောင်းယူရမည်။

(ဃ) မဲလက်မှတ်ပေါ်တွင် ပေကျံစွန်းထင်နေခြင်း၊ အစက်အပြောက်ခြစ်ရာ အမှတ်အသားရှိနေခြင်းနှင့် ဆုတ်ပြဲနေခြင်းတို့ ရှိပါကလည်း မဲပြားအသစ် ပြန်လဲပေးရန် တောင်းဆိုရယူရမည်။

(င) မဲလက်မှတ် အကောင်းပကတိကို လက်ခံရရှိပြီး မိမိမှားယွင်းချက်ကြောင့် ချို့ယွင်းသွားလျှင် မဲပြား ပြန်လဲပေးရန် တောင်းဆိုနိုင်သော်လည်း မဲရုံမှူး၏ ရှင်းလင်းပြောဆို ချင့်ချိန်ဆုံးဖြတ်မှုအပေါ် လက်ခံ ကျေနပ်ကြရမည်။

(စ) ကိုယ်စားလှယ်လွှတ်၍ မဲပေးခွင့်မရှိ။ နောက်တစ် ကြိမ် မဲပေးနိုင်ခြင်းမရှိစေရန် မဲပေးပြီးသူတိုင်း လက်သန်းကိုမင်တို့သည့်စနစ်ကို ကျင့်သုံးရမည်။

(ဆ) မဲပေးမည့်သူသည် စာမဖတ်တတ်လျှင်၊ မဲမပေး တတ်လျှင်၊ မျက်မမြင်ဖြစ်လျှင်၊ မသန်စွမ်းလျှင်၊ ၎င်း၏မိသားစုဝင်မှ ပြုလုပ်ပေးရမည်။ မိသားစုမရှိ လျှင် မဲရုံမှူးမှ ပြုလုပ်ပေးပြီး ၎င်းဘာသာ မဲပုံးထဲ ထည့်ရမည်။

(ဇ) မဲပုံးထဲသို့ မဲမထည့်နိုင်သူကို မဲရုံအဖွဲ့ဝင်များက ကူညီပေးရမည်။

(ဈ) ဤဥပဒေပါ တားမြစ်မှုတစ်ခုကို လူတစ်ဦးက ကျူး လွန်လျှင်၊ ကျူးလွန်ဆဲဖြစ်လျှင် မဲရုံမှူးသည် ထိုသူ ကိုဖမ်းဆီးရန် လုံခြုံရေးတာဝန်ရှိသူအား ညွှန်ကြား နိုင်သည်။

(ည) မဲရုံအတွင်း မဲရုံမှူး၏အမိန့်မနာခံသူ၊ မဖွယ်မရာ ပြုသူတို့ကို လုံခြုံရေးများသည် မဲရုံအတွင်းမှ ချက် ချင်းဖယ်ရှားပစ်ရမည်။

(ဋ) မဲစာရင်းတွင် အမည်၊ နေရပ် ဖော်ပြချက်များ မှား ယွင်းသော်လည်း အမှန်ဖြစ်ကြောင်း ပြောနိုင်သူ ရှိလျှင် ပြင်ဆင်ရေးသား၍ မဲပေးခွင့်ပြုရမည်။ ပုံစံ (၁၂) ဖြင့် မှတ်တမ်းပြုရမည်။ (နည်း ၅၀-ဂ)

(ဌ) မဲရုံတွင် သူတစ်ပါးအယောင်ဆောင်၍ မဲလက်မှတ် တောင်းဆိုသူကို မဲပေးခွင့်မပြုရ။ မဲပေးခွင့်မပြု ရခြင်း အကြောင်းပြချက်ရေးပြီး ထိုသူကိုအရေးယူ နိုင်ရန် ဆောင်ရွက်ရမည်။ (နည်း-၅၀)

(ဍ) ဆန္ဒမဲတောင်းလာသူသည် သူတစ်ပါးအယောင် ဆောင်သူဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်၊ ရွေးကောက်ပွဲကိုယ်စားလှယ်နှင့် မဲရုံမှူးက လက် သင့်ခံသူမျိုးများမှ ကန့်ကွက်လာလျှင် မဲရုံမှူး သည်ပုံစံ (၁၄)ပေါ်တွင်မဲလက်မှတ်တောင်းဆိုသူနှင့် ကန့်ကွက်သူများကို လက်မှတ်ရေးထိုးစေရမည်။ ထိုသူက လက်မှတ်မထိုးလျှင် မဲပေးခွင့် မပြုရ။

(ဎ) မဲဆန္ဒနယ်ပြင်ပ၊ နိုင်ငံပြင်ပ ရောက်ရှိနေသူတစ်ဦး သည် မဲရုံသို့အချိန်မီရောက်ရှိလာပြီး မဲမပေးရသေး ကြောင်း ဌာနအကြီးအမှူး၏ သက်သေခံလက်မှတ် တင်ပြနိုင်လျှင် မဲပေးခွင့်ပြုရမည်။ (နည်း-၆၃)

**၄။ မမျှော်မှန်းနိုင်သော အခြေအနေမျိုးကြုံတွေ့လျှင်**

(က) သဘာဝဘေးအန္တရာယ်(သို့မဟုတ်) လုံခြုံရေးအခြေ အနေများကြောင့် မဲပေးခြင်း မပြုနိုင်ပါက မဲရုံမှူး သည် ရပ်/ကျေးကော်မရှင်မှတစ်ဆင့် မြို့နယ်ကော် မရှင်သို့ ချက်ချင်း အကြောင်းကြားရမည်။ (နည်း ၄၅-က)

(ခ) ကော်မရှင်သည် သဘာဝအန္တရာယ် ကင်းရှင်းပြီး သည်အထိ ယင်းမဲဆန္ဒနယ်၏ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။ (ပုဒ်မ ၅၀-က)

(ဂ) ကော်မရှင်သည် မဲစာရင်းပြုစုရန် မဲဆန္ဒပေးရန် လုံခြုံမှုမရှိလျှင် ယင်းမဲဆန္ဒနယ်၏ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။ (ပုဒ်မ ၅၀-ခ)

(ဃ) ကော်မရှင်သည် လွှတ်တော်မဲဆန္ဒနယ် တစ်ခု အတွင်း ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိ သော ဒေသများ၌မဲရုံများကို လုံခြုံမှုရှိသော နေရာ များသို့ ပြောင်းရွှေ့ကျင်းပရန် ဆုံးဖြတ်နိုင်သည်။ မဲစာရင်းအရ မဲဆန္ဒရှင်အားလုံး၏ (၅၁) ရာခိုင်နှုန်း မဲပေးပြီးဖြစ်လျှင် ထမြောက်သောရွေးကောက်ပွဲ အဖြစ် သတ်မှတ်နိုင်သည်။ လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲကျင်းပရန် မဖြစ်နိုင်ဟု ကော်မရှင်က ယူဆလျှင် မဲဆန္ဒနယ်တစ်နယ်လုံး ရွေးကောက်ပွဲရွှေ့ဆိုင်းနိုင်သည်။

(င) ကော်မရှင်၏ ရွေးကောက်ပွဲကိစ္စများအပေါ် ဆုံး ဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။(ပုဒ်မ-၅၃)

(စ) ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။ (ပုဒ်မ-၅၄)

(ဆ) မဲပေးနေရင်း ရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံးမှူးသည် မဲပုံးကိုချိပ်တံဆိပ်ခတ်နှိပ်ခြင်း၊ မဲရုံကိုယ်စားလှယ် များကို ချိပ်တံဆိပ်ခတ်နှိပ်ခွင့်ပြုခြင်း ပြုလုပ်ပြီး ပိတ်ရမည်။ မြို့နယ်ကော်မရှင်သို့ရောက်လျှင် ကော် မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ် အဖွဲ့ များရှေ့တွင် မဲပုံးကိုဖောက်၍ မဲများရေတွက်ပြီး ပုံစံ (၁၆) ၌ ရေးသွင်းကာ လက်မှတ် ရေးထိုးထားရ မည်။ (နည်း ၄၅-ခ)

- ကော်မရှင်သည် အစီရင်ခံစာကို ရရှိသောအခါ ဆက်လက်မဲပေးစေရန်၊ အသစ်တစ်ဖန်မဲပေးရန်၊ မဲပေးခြင်းကို ထပ်မံမပြုလုပ်ရန် ညွှန်ကြားနိုင် သည်။ (နည်း ၄၅-ဃ)

- ပုံစံ(၁၆)ပါ မဲစာရင်းကို မကြေညာရဘဲ ကော်မရှင်မှ ရွေးကောက်ပွဲ ထပ်မံမကျင်းပဟု ဆုံးဖြတ်မှသာ ကြေညာရမည်။ (နည်း ၄၆-ခ)

- ကော်မရှင်က ရွေးကောက်ပွဲများ ထပ်မံကျင်းပရ မည်ဟု ဆုံးဖြတ်လျှင် မဲပေးရန် ကျန်ရှိနေသူများ၏ မဲဆန္ဒများကို စုစည်းရေတွက်ပြီးမှသာ ပုံစံ(၁၆)ပါ မဲစာရင်းကို ကြေညာရမည်။ (နည်း ၄၆-ဂ)

(ဇ) မဲပုံးကို မတရားသဖြင့် ယူဆောင်သွားခံရခြင်း၊ မတော်တဆ (သို့မဟုတ်) တမင် မဲပုံးအတွင်းရှိ မဲလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးနေလျှင် မဲရုံမှူးသည် မဲပေးခြင်းကို ရပ်ဆိုင်းစေပြီး ထိုမဲရုံ၏ မဲပေးခြင်း ပျက်ပြယ်ကြောင်း သတ်မှတ်ရမည်။ (နည်း ၄၇-က)

- မြို့နယ်ကော်မရှင်သည် အခြားမဲရုံမှမဲစာရင်းများကို ကြေညာခြင်းမပြုရသေးဘဲ ထိုမဲရုံတွင် အသစ် ထပ်မံပြုလုပ်သော ရွေးကောက်ပွဲမှရရှိလာသော မဲစာရင်းများနှင့် စုစည်းပြီးမှကြေညာရမည်။ (နည်း ၄၇-ဂ)

- ရွေးကောက်ပွဲ ထပ်မံမပြုလုပ်ရန် ကော်မရှင်မှဆုံး ဖြတ်ပါက အခြားမဲရုံမှမဲများကို စုစည်း၍ကြေညာ ရမည်။

**၅။ မဲပေးခြင်းပြီးဆုံးလျှင်**

(က) မဲရုံမှူးက မဲရုံအတွင်း၌ မဲရုံအဖွဲ့ဝင်များ အများ ပြည်သူ အနည်းဆုံး သက်သေ ၁၀ ဦးနှင့် မဲရုံ ကိုယ်စားလှယ်များရှေ့မှောက်တွင်-

(၁) အသုံးမပြုဘဲ ကျန်နေသော မဲလက်မှတ်များ ကို ရေတွက်ပြီး ပုံစံ (၁၆-၁) (၃)စောင်ဖြည့်၍ မဲရုံမှူးနှင့် အဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ် များက လက်မှတ်ထိုးကြရမည်။

(၂) ရပ်/ကျေးကော်မရှင်မှ မဲရုံမဖွင့်မီ လာပေး ထားသည့် ချိပ်ပိတ်ထားသော ကြိုတင်မဲပုံး များအတွင်းမှ မဲများကို ဦးစွာရေတွက်ရမည်။

(၃) ယနေ့ပေးထားသော မဲပုံးအတွင်းမှ ဆန္ဒမဲ များကို ရေတွက်ရမည်။ ထုတ်ပေးထားသော မဲလက်မှတ်နှင့် မဲပုံးအတွင်းမှ မဲလက်မှတ် အရေအတွက်ကိုက်ညီမှု ရှိ/မရှိ ဦးစွာစစ်ဆေး ရမည်။ မကိုက်ညီလျှင် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပြီး မဲများကို ဆက်လက်ရေတွက်ရမည်။

(ခ) မဲများရေတွက်ရာတွင် မဲလက်မှတ် တစ်စောင် ချင်းကို အားလုံးသို့ ပြသပြီး ခိုင်လုံခြင်းမရှိသည့် အောက်ပါမဲများကို ပယ်မဲအဖြစ် သတ်မှတ်ရမည်။ ပယ်ရမည့် မဲ(၉)မျိုးမှာ (နည်း ၆၆-ဂ)

(၁) ကော်မရှင် အမှတ်အသားမပါ

(၂) မဲရုံမှူးလက်မှတ်မပါ

(၃) တစ်ဦးထက် ပိုဆန္ဒပြုသည့်မဲ

(၄) ဆန္ဒမပြုထားသည့်မဲ

(၅) မသေချာ မထင်ရှားသည့် ဆန္ဒပြုမဲ

(၆) မဲလက်မှတ်အတု

(၇) အခြား အမှတ်အသားပြုထားသည့်မဲ

(၈) ဆုတ်ဖြဲထားသည့်မဲ

(၉) ပယ်မဲအဖြစ် သတ်မှတ်ရမည်ဟု ထုတ်ပြန် ထားသည့် မဲလက်မှတ်

(ဂ) ပယ်ရမည့် ကြိုတင်မဲ (၁၀)မျိုးမှာ (နည်း ၆၆-ဃ)

(၁) ကော်မရှင် အမှတ်အသားမပါ

(၂) ကော်မရှင်အဖွဲ့ခွဲ တံဆိပ်မပါ

(၃) တာဝန်ခံ ထုတ်ပေးသူ လက်မှတ်မပါ

(၄) တစ်ဦးထက်ပို ဆန္ဒပြုသည့်မဲ

(၅) ဆန္ဒမပြုထားသည့်မဲ

(၆) မသေချာမထင်ရှား ဆန္ဒပြုမဲ

(၇) ကြိုတင်မဲ လက်မှတ်အတု

(၈) အခြား အမှတ်အသား ပြုထားသည့်မဲ

(၉) ဆုတ်ဖြဲထားသည့်မဲ

(၁၀) ပယ်မဲအဖြစ် သတ်မှတ်ရမည်ဟု ထုတ်ပြန် ထားသည့် မဲလက်မှတ်

(ဃ) မဲပုံးထဲမှ မဲများနှင့် ရပ်/ကျေးကော်မရှင်၏ ကြိုတင် မဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး စီ၏ အမည်အလိုက် သီးခြားခွဲ၍ တစ်ဦးစီရရှိသည့် မဲအရေအတွက်ကို ပုံစံ(၁၆)တွင် ဖြည့်ပြီး မဲရုံအဖွဲ့ ဝင်များနှင့် မဲရုံကိုယ်စားလှယ်များ လက်မှတ်ထိုးရ မည်။ (နည်း ၆၆-ခ)

(င) မဲရုံတွင် ရေတွက်သော ဆန္ဒမဲတစ်ခု၊ ကြိုတင်မဲ တစ်ခုသည် ခိုင်လုံခြင်း ရှိမရှိ မဲရုံမှူးက ဆုံးဖြတ်ရ မည်။ (နည်း - ၆၉)

(စ) မဲရုံမှူးသည် ပယ်သည့်မဲနှင့် ကြိုတင်မဲများကို သက် ဆိုင်သူအားလုံးကို ကြည့်ရှုခွင့် ပေးရမည်။ ပယ် သည့်အကြောင်းကို ပုံစံ(၁၇)ဖြင့် မှတ်တမ်းတင်ရ မည်။ (နည်း ၆၆-စ)

**၆။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့ခြင်း**

(က) မဲရုံမှူးသည် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီရသော မဲများနှင့် ကြိုတင်မဲများကို လည်းကောင်း၊ ပယ်မဲများကိုလည်းကောင်း၊ သီးခြား အိတ်များတွင် ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ် တံဆိပ်တုံး ရိုက်နှိပ်ရမည်။ မဲရုံကိုယ်စားလှယ်များ၏ နှိပ်တံဆိပ်များလည်း ရိုက်ခွင့်ပြုရမည်။ အိတ်များ တွင် ကိုယ်စားလှယ်လောင်းအမည်၊ မဲဆန္ဒနယ်၊ ရပ်/ကျေးအမည်၊ မဲရုံအမှတ်များ ထင်ရှားစွာရေး မှတ်ပြီး အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်။ (နည်း ၆၆-ဆ)

(ခ) မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် ကျန်နေသော မဲလက် မှတ်များ၊ လက်ခံဖြတ်ပိုင်းများ၊ မဲစာရင်း၊ ကြိုတင် မဲလက်မှတ်ဖြတ်ပိုင်းများ၊ ပယ်မဲပုံစံ(၁၇)များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်၍ အမည်အမှတ် အသား၊ ပစ္စည်းအမျိုးအစားများရေးကာ ချိပ်တံဆိပ် များ ရိုက်နှိပ်ရမည်။ (နည်း ၆၆-ဇ)

(ဂ) အထက်ဖော်ပြပါ အထုပ် နှစ်ထုပ်ကို အထုပ်ကြီး တစ်ခုထဲ ပေါင်းထည့်ကာ အမည်၊ အမှတ်အသား များဖော်ပြ၍ ချိပ်တံဆိပ်များရိုက်ကာ ပုံစံ(၁၆) နှင့်အတူ မြို့နယ်ကော်မရှင်သို့ အမြန်ဆုံးပေးပို့ ရမည်။ (နည်း ၆၆-စ)

(ဃ) မဲရုံမှူးသည် သဘာဝဘေးအန္တရာယ်နှင့် လုံခြုံမှု အခြေအနေများကြောင့် မြို့နယ်ကော်မရှင်သို့ မပို့နိုင်ပါက ရပ်/ကျေးကော်မရှင်သို့ ပို့ပြီး ထိုမှ တစ်ဆင့် မြို့နယ်သို့ ပို့ရမည်။ (နည်း ၆၆-ဈ)

**၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းများ**

(က) မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် မိမိလက်ဝယ် ရရှိ ထားသော ကြိုတင်မဲများကိုမြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် အများ ပြည်သူရှေ့မှောက်တွင် ရေတွက်ပြီး တစ်ဦးစီရရှိ သည့်မဲအရေအတွက်ကို ပုံစံ(၁၈)တွင် ဖြည့်ရမည်။ (နည်း ၆၇-က)

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲနေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ နောက်ပိုင်းမှ ရောက်ရှိ လာသော ကြိုတင်မဲများကို ထည့်ရေတွက်ခြင်း မပြုရ။ (နည်း-၆၇)

(ဂ) မြို့နယ်ကော်မရှင် အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်မဲများ၏ ခိုင်လုံမှု ရှိမရှိကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲက ဆုံးဖြတ်ရမည်။ (နည်း -၆၉)

(ဃ) မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ(၁၆)နှင့် ပုံစံ(၁၈) အရ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီး ရရှိသည့် မဲအရေအတွက်ကို ကြေညာသည့် ပုံစံ (၁၉)ဖြင့် အများပြည်သူရှေ့မှောက် စာရင်းပြုစုရ မည်။ (နည်း ၆၇-ခ)

(င) မဲအများဆုံး ရရှိသူများ၏ မဲအရေအတွက် တူညီနေ လျှင် ရွေးကောက်ပွဲအသစ် ကျင်းပရန်သင့်မသင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကော်မရှင် အဖွဲ့ခွဲသို့ တင်ပြရမည်။ (နည်း ၆၇-ဂ)

(စ) ပုံစံ(၁၉)ဖြင့် ပေးပို့သော ခိုင်လုံမဲအများဆုံး ရရှိ သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို ရွေး ကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စား လှယ်အဖြစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။ (နည်း ၇၂-က)

၂၀၂၀ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ထင်ယောင်ထင်မှား စွပ်စွဲအငြင်းပွားမှုများမှကင်းရှင်း၍ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အေးချမ်း အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အလို့ငှာ တင်ပြလိုက် ရပါသည်။ ။

**"မဲပေးနေရင်း ရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံးမှူးသည် မဲပုံးကိုချိပ်တံဆိပ်ခတ်နှိပ်ခြင်း၊ မဲရုံ ကိုယ်စားလှယ်များကို ချိပ်တံဆိပ်ခတ်နှိပ်ခွင့်ပြုခြင်း ပြုလုပ်ပြီး ပိတ်ရမည်။ မြို့နယ် ကော်မရှင် သို့ရောက်လျှင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်အဖွဲ့များ ရှေ့ တွင် မဲပုံးကို ဖောက်၍ မဲများရေတွက်ပြီး ပုံစံ(၁၆)၌ ရေးသွင်းကာ လက်မှတ်ရေးထိုး ထားရမည်"**

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) လီဗာပူးနှင့် မန်စီးတီးတို့ ဂိုးပြတ်အနိုင်ယူ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) ပထမနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၄ရက် ဗုဒ္ဓဟူးနေ့ နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီမြေ၌ ယှဉ်ပြိုင်ခဲ့သည့် အုပ်စု(ဃ)မှ အတ္တာလန်တာနှင့် လီဗာပူးပွဲစဉ်တွင် ငါးဂိုး-ဂိုးမရှိဖြင့် လီဗာပူးအသင်း အဝေးကွင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် အတ္တာလန်တာသည် ၃-၄-၁-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်လီဗာပူးသည် ၄-၃-၃ တိုက်စစ်ပုံစံဖြင့်သာ ပွဲထွက်ခဲ့သည်။ လီဗာပူးအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆မိနစ်၊ ၃၃ မိနစ်နှင့် ၅၄ မိနစ်တွင် ဂျိုတာက ဟက်ထရစ်သွင်းယူခဲ့ကာ ၄၇ မိနစ်တွင် ဆာလက်နှင့် ၄၉မိနစ်တွင် မာနေးတို့ကသွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဧည့်သည် လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၅ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ရာ ၁၂ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် အတ္တာလန်တာသည် တန်ပြန်တိုက်စစ်ဖြင့် ကိုးကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ပြီး ခြောက်ကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အုပ်စု(ဃ)မှ ပွဲစဉ်တစ်ပွဲဖြစ်သော မစ်ဂျယ်လန်းနှင့် အိုင်းယက်စ်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အိုင်းယက်စ်အသင်းအနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုရပ်တည်မှုတွင် လီဗာပူးက ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး အိုင်းယက်စ်နှင့် အတ္တာလန်တာသည် လေးမှတ်စီရရှိထားကာ မစ်ဂျယ်လန်းက အမှတ်မရရှိသေးပေ။



အတ္တာလန်တာနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားစဉ်။

ချန်ပီယံလိဂ်အုပ်စု(င)မှ အင်္ဂလန်မြေတွင် ယှဉ်ပြိုင်ခဲ့သည့် မန်စီးတီးနှင့် အိုလံပီယာကို့စ်ပွဲတွင် မန်စီးတီးအသင်း သုံးဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မန်စီးတီးအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဖာရန်တောရက်စ်၊ ၈၁ မိနစ်တွင် ဂါဘရီရယ်ဂျီးဆပ်စ်နှင့် မိနစ် ၉၀ တွင် ကန်ဆယ်လိုတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ အုပ်စု(င)မှ ပွဲစဉ်တစ်ပွဲဖြစ်သော ပေါ်တိုနှင့် မာဆေးပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် ပေါ်တိုအသင်း အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုရပ်တည်မှုတွင် မန်စီးတီးက ရမှတ် ကိုးမှတ်၊ ပေါ်တိုက ခြောက်မှတ်၊ အိုလံပီယာကို့စ်က သုံးမှတ်နှင့် မာဆေးက အမှတ်မရရှိသေးပေ။

ချန်ပီယံလိဂ် အခြားအုပ်စုပွဲစဉ်ရလဒ်များအဖြစ် အုပ်စု(ခ)မှ မိုချန်ဂလာဘတ်က ရှက်တာဒိုးနက်ခ်ကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရီးရဲမက်ဒရစ်က အင်တာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းအုပ်စု ရပ်တည်မှုမှာ မိုချန်ဂလာဘတ်က ငါးမှတ်ဖြင့် ဦးဆောင်နေပြီး ရှက်တာဒိုးနက်ခ်နှင့် ရီးရဲမက်ဒရစ်မှာ ရမှတ်လေးမှတ်စီ ရရှိနေပြီး အင်တာကနှစ်မှတ်သာ ရရှိထားသည်။ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်က ဆာ့လ်ဘတ်ကို အဝေးကွင်းတွင် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး လိုကိုမိုးတစ်မော်စကိုနှင့် အက်သလက်တီကိုပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

ယင်းအုပ်စု ရပ်တည်မှုမှာ ဘိုင်ယန်မြူးနစ်က ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး အက်သလက်တီကိုက လေးမှတ်၊ လိုကိုမိုးတစ်မော်စကိုက နှစ်မှတ်နှင့် ဆာ့လ်ဘတ်က တစ်မှတ်သာ ရရှိထားသည်။

သီဟ

●ကျောဖုံးမှ

ရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။ မော်ရင်ညို၏ စပါးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ အန့်ဝပ် အသင်းကိုသာလျှင် ရှုံးနိမ့်ထားပြီး ကျန်သုံးသင်းဖြစ်သည့် LASK၊ ဘန်လေ၊ ဘရိုက်တန်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ စပါးအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ၌ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ရန်အတွက် ယခုပွဲကို အနိုင်ရရှိရန် လိုအပ်နေသည်။ လူဒိုဂိုရက်စ်အသင်းကလည်း ယခုပွဲစဉ်မတိုင်မီ ဘူလ်ဂေးရီးယား အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ၌ Levski Sofia အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ကော်လီ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိထားသည်။ အမှတ်ပေးဇယားအဆင့် ရပ်တည်မှုတွင်လည်း လူဒိုဂိုရက်စ်အသင်းသည် ၁၀ ပွဲကစားပြီး လိုကိုမိုးတစ်အသင်းနှင့် ရမှတ် ၂၃ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အဆင့် (၁) နေရာတွင် ရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။ ထို့အပြင် လူဒိုဂိုရက်စ်အသင်း၏ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် နှစ်ပွဲနိုင်ပြီး နှစ်ပွဲ ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။

ယူရိုပါလိဂ် နှစ်ပွဲကစားပြီးချိန်တွင် ရမှတ်မရရှိသေးသည့် လူဒိုဂိုရက်စ်အသင်းအနေဖြင့် ယခုစပါးအသင်းနှင့်ပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးပမ်းအားထုတ်လာဖွယ်ရှိနေပြီး စပါးအသင်းကလည်း ယခုပွဲစဉ်ကို အမှတ်ပြည့်ရရှိရန် ပြင်ဆင်လာဖွယ်ရှိနေသည့်အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမည်မှာ မလွဲပေ။ စပါးအသင်းသည် ယခုပွဲစဉ်ပြီးလျှင် ပရီမီယာလိဂ်၌ ဝက်စ်ဘရွန်းအသင်းနှင့် နိုဝင်ဘာ ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လူဒိုဂိုရက်စ်အသင်းက ယခုပွဲစဉ်ပြီးလျှင် ဘူလ်ဂေးရီးယား အမှတ်ပေးပြိုင်ပွဲ၌ နိုဝင်ဘာ ၈ ရက်တွင် CSKA 1948 Sofia အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နိုင်ပွဲရရှိရန် လိုအပ်နေသည့်အသင်းနှစ်သင်းဖြစ်သည့်အတွက် မည်သည့်အသင်းက အသာရရှိသွားမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

အောင်ဇော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၄ - မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

❖ကျောဖုံးမှ

အနုပညာရှင်များ ပါဝင်သည့် နှစ်သင်းဖြစ်သည်။

PUBG Mobile သည် အဆက်မပြတ် Esport ပြိုင်ပွဲများကို ပြုလုပ်ပေးလျက်ရှိရာ ယခုတစ်ခေါက်တွင်လည်း လက်ရှိ Esport Industry ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိနိုင်စေရန်နှင့် ဝါသနာရှင်လူငယ်များနှင့်လည်း ပိုမိုပြီး အချိတ်အဆက်ရှိလာစေရန် ရည်ရွယ်ကာ PUBG Mobile မှ စီစဉ်တင်ဆက်ပေးခြင်းဖြစ်သည်။ Creator Challenge ကို မြန်မာနိုင်ငံ အနှံ့အပြားရှိ PUBG Mobile ဆော့ကစားသူများနှင့် အတူတကွ ယှဉ်ပြိုင်ဆော့ကစားနိုင်မည်ဖြစ်ပြီး ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းစေရန် အထူးဧည့်သည်များကိုလည်း ဖိတ်ခေါ်၍ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

PUBG Mobile ၏ ကုမ္ပဏီ Tencent Thailand ၏ Head of Gaming Operations ဖြစ်သူ Mr. Andrew က "Creator Challenge ဆိုတာက PUBG Mobile Myanmar ရဲ့ Community နဲ့အတူ ပူးပေါင်းပါဝင်ဆော့ကစားကြတဲ့ Challenge တစ်ခုပါပဲ။ လူတိုင်းနှစ်သက်အားပေးကြတဲ့ Streamer တွေ၊ ကစားသမားတွေနဲ့ Idols တွေ အတူတူဆော့ကစားကြတဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

Creator Challenge ပြိုင်ပွဲကို Signature Streetwear နှင့် TECNO Mobile က ပံ့ပိုးကူညီပေးထားခြင်းဖြစ်ပြီး တစ်ပတ်လျှင် လေးရက်ဖြင့် သုံးပတ်ကြာအောင် ကျင်းပမည်ဖြစ်ကာ တစ်ရက်လျှင် သုံးပွဲကစားမည်ဖြစ်သည်။ သုံးပွဲတွင် နှစ်ပွဲမှာ ပုံမှန်စည်းမျဉ်းစည်းကမ်းများအတိုင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ကျန်တစ်ပွဲမှာ ပုံမှန်နှင့် ကွဲပြားသည့် Hard Core Mode တို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းပေါင်း၁၆ သင်း ပါဝင်မည်ဖြစ်ပြီး တစ်သင်းလျှင် လေးဦးဖြင့် စုစုပေါင်းပြိုင်ပွဲဝင် ၆၄ ဦး ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ ဤ Creator Challenge ပြိုင်ပွဲကို အပတ်စဉ်ကြာသပတေး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့တိုင်း ညနေ ၆နာရီမှ ၉နာရီအတွင်း PUBG Mobile Myanmar Page တွင် သုံးပတ်ကြာအောင် Live ပြသသွားမည်ဖြစ်ပြီး ပြိုင်ပွဲအချိန်အတွင်း၌ Streamer များ၏ ကိုယ်ပိုင် Page များမှလည်း Live ပြသသွားမည်ဖြစ်သည်။

PUBG Mobile သည် မြန်မာနိုင်ငံ၏ Esports ကဏ္ဍ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတကာအဆင့်မီ Esports Ecosystem တစ်ခု မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာရန်နှင့် မြန်မာလူငယ် Esports ကစားသမားများအား နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကူညီပံ့ပိုးပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၉ ခုနှစ်မှစတင်ကာ ပြည်တွင်း ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး ယခုအခါတွင်မူ PUBG Mobile ကစားသမားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိစေရန် Creator Challenge ပြိုင်ပွဲကို စီစဉ်ကျင်းပပေးခြင်း ဖြစ်သည်။

အာကာစိုး

## မြန်မာကလပ်များယှဉ်ပြိုင်ခွင့်ရထားသည့် အာရှအဆင့် ကလပ်ပြိုင်ပွဲများနှင့်ပတ်သက်၍ အာရှဘောလုံးအဖွဲ့ချုပ် နှစ်ကုန်ပိုင်းတွင် အတည်ပြုမည်

ရန်ကုန် နိုဝင်ဘာ ၄

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာကလပ်များ ယှဉ်ပြိုင်ခွင့်ရထားသော ၂၀၂၁ ခုနှစ်တွင် ပြုလုပ်မည့် အာရှအဆင့် ကလပ်ဘောလုံးပြိုင်ပွဲများနှင့် ပတ်သက်၍ နှစ်ကုန်ပိုင်းတွင် အတည်ပြုမည်ဖြစ်သည်။


အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်းမှ ကလပ်အသင်းများအတွက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲများကို ဇန်နဝါရီတွင် ကျင်းပမည်ဖြစ်သည်။ သို့သော် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်- ၁၉ ရောဂါ အခြေအနေကြောင့် သတ်မှတ်ထားသည့်ရက်အတိုင်း ကျင်းပနိုင်ခြင်းရှိမရှိ အာရှဘောလုံးအဖွဲ့ချုပ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် ကလပ်ပြိုင်ပွဲများအနက် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ရှမ်းယူနိုက်တက်အသင်း၊ ခြေစစ်ပွဲတွင် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၅-၁၁-၂၀၂၀ ရက်မှစ၍ ၈-၁၂-၂၀၂၀ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**





## ၂၀၂၀ နှစ်ကုန်အတွက်

**"နိုဝင်ဘာ၊ ဒီဇင်ဘာ" အထူးဟောစာတမ်းနှင့်အတူ**
**တစ်နှစ်စာ အိတ်ဆောင်ဗေဒင်စာအုပ် -**

**၂၀၂၁-ခုနှစ်**
**စံ-ဂဏ်ဘုံ**
**၁၂ - ရာသီဟောကိန်း**

**City Mart, Ocean, Capital, Orange, ABC Convenience Store ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။**

"မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်" မိမိတို့၏ ရာသီခွင်အလိုက် တစ်အုပ်ချင်း ထုတ်ဝေထားပါသည်။ အဆောင်လက်ဖွဲ့ ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

**ထွက်ပြီ**

**ပင်ရင်းဖြန့်ချိရေး**
အမှတ် - ၂၈၆(မြေညီထပ်)၊
လမ်း - ၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၃၂
၀၉ - ၄၂၈၆၁၀၄၈၈၊ ၀၉ - ၅၀၄၄၅၇၉

**မန္တလေးဖြန့်ချိရေး**
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ် - ၂၂၁၊ ၈၄ - လမ်းနှင့်
၃၃ - လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆


## အများသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်းဝေ ၁၂/ထတပ(နိုင်)၀၈၁၀၈၄(ဘ) ဦးလှမြင့်နှင့် ဦးဝင်းထွဋ် ၁၂/မရက(နိုင်)၁၆၉၉၄၉ (ဘ)ဦးခင်ဝင်းတို့သည် လွန်ခဲ့သော ၂၀၁၁ ခုနှစ်ခန့်က မရမ်းကုန်းမြို့နယ်တွင် နှစ်ဦးသဘောတူနှစ်ဖက်မိဘများနှင့် ဆွေမျိုးများမှ သိရှိသဘောတူညီမှုဖြင့် မြန်မာ့ဓလေ့ထုံးထမ်းနှင့်အညီ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယနေ့တိုင် နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိထားပါကြောင်းနှင့် ကျွန်ုပ်အမှုသည် ဒေါ်စန်းစန်းဝေသည် ယနေ့တိုင် ဦးဝင်းထွဋ်၏ တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးဝင်းထိုက် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၈၉/၂၀၁၅)**
**တိုက်အမှတ် (၉/၁၁)၊ အခန်း (၃၀၂-ဘီ)၊ (၃)လွှာ၊ (၃၆)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် (၁၄၅) တတိယထပ်၊ လေးလွှာ(ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂ ၁/၂' x ၅၀') ရှိတိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား(ဒေါ်စန္ဒာဝင်း ၁၂/ဒပန(နိုင်)၀၀၈၃၃၉) က ရောင်းချရန် ကမ်းလှမ်းရာ ၂၉-၁၀-၂၀၂၀ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဟိန်းကျော်အောင် ၁၂/သကတ(နိုင်)၁၅၇၇၇၂**
**ဖုန်း-၀၉-၇၈၁၅၀၂၂၁၃၊ ၇၈၆၇၂၄၄၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၅/အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ် (၂၄-က) ဧရိယာ ၀ဒသမ၀၂၇ဧကရှိမြေအား အမှုတွဲအမှတ် ၁၈၁/၂၀၀၁-၂၀၀၂ အရ ၂၅-၁-၂၀၀၂ မှ ၂၄-၁-၂၀၃၂ ထိ ဦးထိန်လင်းအမည်ဖြင့် နှစ် (၃၀)မြေငှားဂရန် ရရှိထားသောဝင်းမြေအား ဦးကျော်မန်းဟိန်း၊ ဒေါ်မြစပါယ် အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင် ထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၈၊ ရွာသစ်)၊ ဦးပိုင်အမှတ် (၁၁၅/၁၅၆-၃)၊ ဧရိယာ ၀ဒသမ၂၇ ဧကရှိမြေအား ဒေါ်ယဉ်မေဝင်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ရန်ကုန်တွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(၁) Non Control Items
(၂) Machinery Equipment
(၃) Office Equipment
(၄) Furniture's
(၅) Others

၂။ အိတ်ဖွင့်တင်ဒါပုံစံ နှင့်စည်းကမ်းချက်များကို ၆-၁၁-၂၀၂၀ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၄-၁၂-၂၀၂၀ ရက်၊ မွန်းလွဲ ၂ : ၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(၁)ဂိတ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သတ်သော အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ရန်ကုန်တွင် အောက်ပါတည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများအတွက် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(၁) ပုဏ္ဏမီဆောင်ဆေးသုတ်ခြင်းနှင့် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(၂) မင်းမဟော်ဆောင် Theatre ဆေးသုတ်ခြင်းနှင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(၃) စတိုခန်း RC (၃)ထပ်ဆောက်လုပ်ခြင်းနှင့် အများသုံးအိမ်သာ(၄)လုံး ဆောက်လုပ်ခြင်း
(၄) ပင်မဆောင်အတွင်း/အပြင် ဆေးသုတ်ခြင်းနှင့်အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်း
(၅) တက္ကသိုလ်ဝင်းအတွင်းအပြင် အုတ်တံတိုင်းများ ပြုပြင်ဆေးသုတ်ခြင်းလုပ်ငန်း
(၆) ဘောလုံးကွင်းအလျား ၄၆၀ ပေ၊ အနံ ၂၉၀ ပေရှိသော ခြံစည်းရိုးအား (၇')ထပ်မံမြှင့်တင်ခြင်း
(၇) (၁၀၀' x ၉၀') ကားပါကင်တည်ဆောက်ခြင်းလုပ်ငန်း
(၈) MRI စက်ထားရန်နှင့် ဌာနအသစ်(၂)ခု ထားရှိရန် RC (၄)ထပ်ဆောက်လုပ်ခြင်း(၂)နှစ်လုပ်ငန်း
(၉) ကျောင်းသူ (၁၁၀ ဆံ့) RC (၅)ထပ်ဆောက်လုပ်ခြင်း (၂)နှစ်လုပ်ငန်း
(၁၀) မော်ကွန်းထိန်းနေအိမ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(၁၁) ပါမောက္ခချုပ်နေအိမ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(၁၂) ကျောင်းဝင်းအတွင်း ဘောလုံးကွင်းသွားသည့်လမ်းပြုလုပ်ခြင်းလုပ်ငန်း၊ သံကူကွန်ကရစ်လမ်းချဲ့ထွင်ခြင်းလုပ်ငန်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၁-၂၀၂၀ ရက်တွင်စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၄-၁၂-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(၁)ဂိတ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များသိရှိလိုပါက တင်ဒါရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | လုပ်ငန်းအမည် |
|---|---|---|
| (က) | Lot 1 | လယ်ဝေးနှင့်သာဝတ္တိနွားပွဲဈေးတွင် ကွန်ကရစ်တိုင် Chain Link ခြံစည်းရိုး ကာရံခြင်းနှင့် ဂိတ်တံခါး(၂)ခု ဆောက်လုပ်ခြင်း၊ ကျွဲ၊ နွား၊ အဆောင် (၂)လုံး တည်ဆောက်ခြင်းလုပ်ငန်း။ |
| (ခ) | Lot 2 | တပ်ကုန်းအသားထုတ်နယ်မြေတွင် (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ အုတ်ညှပ်(၁)ထပ်(၁)လုံးနှင့် လုံခြုံရေးဂိတ်တဲ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း၊ |
| (ဂ) | Lot 3 | တပ်ကုန်း အသားထုတ်နယ်မြေတွင် အမဲထုတ်လုပ်ရေးရုံး (သံကူကွန်ကရစ်) (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | Lot 4 | တပ်ကုန်းအသားထုတ်နယ်မြေတွင် ဝက်ထုတ်လုပ်ရေးရုံ (သံကူကွန်ကရစ်)(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း |
| (င) | Lot 5 | တပ်ကုန်းအသားထုတ်နယ်မြေတွင် ဆိတ်ထုတ်လုပ်ရေးရုံ (သံကူကွန်ကရစ်) (၁)လုံးဆောက်လုပ်ခြင်း၊ ကွန်ကရစ်တိုင် Chain Link ခြံစည်းရိုးကာရံခြင်းနှင့် ဂိတ်တံခါး(၂)ခု ပြုလုပ်ခြင်း၊ တပ်ကုန်းနွားပွဲဈေးအတွင်း ကျွဲနွားအဆောင်(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း |
| (စ) | Lot 6 | ကော်မတီပိုင်အသားထုတ်နယ်မြေ ရွှေနံ့သာတွင် (၄")စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလံ (၃၂၀၀)ဆံ့ ရေစင်(၁)လုံးဆောက်လုပ်ခြင်း၊ ကျောက်စီရေမြောင်းနှင့် Box Culvert (၂)စင်း ဆောက်လုပ်ခြင်းလုပ်ငန်း |
| (ဆ) | Lot 7 | ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြင့် ယာဉ်ပြင်အလုပ်ရုံအနီးတွင် ကြက်/ဘဲဈေးနေရာ ကွန်ကရစ်တိုင် Chain Link ခြံစည်းရိုးနှင့် ဂိတ်တံခါး(၂)ခု ပြုလုပ်ခြင်းလုပ်ငန်း။ |

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၀-၁၁-၂၀၂၀ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၁၁-၂၀၂၀ ရက်( ၁၆ : ၀၀)နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
(က) **စုံစမ်းရန်နေရာ/ဌာန** - တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ
(ခ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၃၂၄၉၃

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများ ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်(ဃ)နှင့် (င)လိုင်စင်
## ရရှိထားသူများ သက်တမ်းတိုးရန် နှိုးဆော်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ခွင့်ပြုထုတ်ပေးထားသော ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်ဆလင်ဒါများဖြန့်ဖြူးရောင်းချခွင့် လိုင်စင်(ဃ)နှင့် (င)များသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နောင်လာမည့်နှစ်အတွက် လိုင်စင်သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။
၂။ လိုင်စင်သက်တမ်းတိုးမြှင့်မှုအတွက် ၁၅-၁၁-၂၀၂၀ ရက်မှ ၁၀-၁၂-၂၀၂၀ ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ လျှောက်ထားရမည်ဖြစ်ပြီး သက်တမ်းတိုးလျှောက်ထားရန် ပျက်ကွက်သည့် လိုင်စင်များအတွက် ရက်လွန်ကြေးအဖြစ် ၁-၁-၂၀၂၁ ရက်မှစတင်ကာ တစ်ရက်လျှင် လိုင်စင်ကြေး၏ (၁)ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါသည်။
၃။ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့်အခါ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းမိတ္တူများနှင့်အတူ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-
(က) လိုင်စင်သက်တမ်းတိုးလျှောက်လွှာ
(ခ) စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်
(ဂ) မီးသတ်ဦးစီးဌာန၏ထောက်ခံချက်
(ဃ) ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်းထောက်ခံချက်
၄။ လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချုပ်ဖုန်း-၀၆၇-၃၄၁၁၁၃၂၊ ဒုတိယစစ်ဆေးရေးအရာရှိချုပ် (အထက်မြန်မာပြည်) ဖုန်း-၀၂-၄၀၆၀၂၅၃၊ ဒုတိယစစ်ဆေးရေးအရာရှိချုပ် (အောက်မြန်မာပြည်) ဖုန်း-၀၁-၈၆၁၀၈၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သူနာပြုသင်တန်းကျောင်းတွင် အဆောက်အအုံဆောက်လုပ်ခြင်းနှင့် အထွေထွေပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်-
၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၀ ရက်
**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့် ရက်/အချိန်** - ၄-၁၂-၂၀၂၀ ရက် (၁၆:၀၀)နာရီထိ
၃။ တင်ဒါစည်းကမ်းချက်၊ လျှောက်လွှာနှင့် လုပ်ငန်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက သူနာပြုသင်တန်းကျောင်း၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၀၂၁၃၆၉ တွင် လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### အမည်မှန်

ရေဖြူမြို့နယ်၊ ပုလဲကျွန်းရွာနေ (ဘ) ဦးအောင်မိုးခိုင်၏သား မောင်မြတ်ကိုကိုအောင်သည် အမက-ပုလဲကူကျောင်းဝင် မှတ်ပုံတင်စာရင်းအရ မောင်မြင့်မြတ်အောင် ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၁-၂၀၂၀ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၈) ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်းကြော်ငြာတွင် ဂရန်အမှုတွဲအမှတ် (၂၃၇/၀၇-၀၈) အစား (၂၃၇/၁၇-၁၈) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| (၁) | ဒလမြို့နယ်တိုင်းရင်းဆေးကုဌာန | ဒလမြို့နယ် တိုင်းရင်းဆေးကုဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၆၀'x ၃၀' x ၁၂') RC (၃)ခန်းတွဲ (၁)ထပ် အဆောက်အဦ (ရေ၊ မီး၊ မိလ္လာ၊ Apron Drain အပါအဝင်) |
| (၂) | ရွှေပြည်သာမြို့နယ် တိုင်းရင်းဆေးကုဌာန | ရွှေပြည်သာမြို့နယ် တိုင်းရင်းဆေးကုဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၄၄'x ၃၆') RC (၂)ခန်းတွဲ (၂)ထပ် (ရေ၊ မီး၊ မိလ္လာ၊ Apron Drain အပါအဝင်) |
| (၃) | (က) ကြို့ကုန်းပရဆေးဥယျာဉ် | ကြို့ကုန်းပရဆေးဥယျာဉ် လျှပ်စစ်မီးသွယ်တန်းခြင်း (၄၀၀ V power line သွယ်တန်းခြင်း) (၁၄၀') |
| | (ခ) တိုင်းရင်းဆေးဝါးစက်ရုံ | တိုင်းရင်းဆေးဝါးစက်ရုံ(ရန်ကုန်)တွင် သံရေစင်တည်ဆောက်ခြင်း (၈'x ၁၄' x ၁၈')နှင့် စတီးရေတိုင်ကီ ၄၀၀ ဂါလန်ဆံ့ |
| (၄) | ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ (ရန်ကုန်) | ရန်ကုန်တိုင်းရင်းဆေးရုံကြီးဝင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (ထပ်ပိုးလွှာ ၃") ၂၅၂၅.၅၇ ft၊ ၇၆၉.၇၉ m အကျယ် ၁၂' |
| (၅) | (က) ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ (ရန်ကုန်) | ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ရန်ကုန်မြို့တွင် ဝန်ထမ်းအိမ်ရာအဟောင်း (၆)ခန်းတွဲ (၄)ထပ်အတွက် (၃၀'x ၁၀' x ၈') Septic Tank ပြန်လည်တည်ဆောက်ခြင်း (40 persons) |
| | (ခ) ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ (ရန်ကုန်) | ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး ခြံဝင်းအတွင်းရှိ ဝင်ပေါက်နှင့်ထွက်ပေါက် တံခါး(၂)ခု ပြင်ဆင်ခြင်း ကွန်ကရစ်တိုင် (၄)တိုင် (၁၂"x ၁၂") RC Column အမြင့် (၁၀') (၁၄' x ၇') သံတံခါး အပါအဝင် |

၂။ သို့ပါ၍ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်း၏စံချိန်စံညွှန်းများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး တင်ဒါလုပ်ငန်းတင်သွင်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ တင်ဒါပုံစံတင်သွင်းရမည်ဖြစ်သည်-
**တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၂၀ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂-၁၂-၂၀၂၀ ရက်
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ အမှတ်(၁၀၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး ဖုန်း-၀၁-၅၅၁၈၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းဆေးပညာဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၄၄/ ရွှေတောင်)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ ၀ ဒသမ ၀၁၇ ဧကသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် (V)၁၇၀/၁၉၉၄-၉၅ အရ ဦးဘာဘာအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး အမှုတွဲပါဂရန်သက်တမ်းမှာ ၁၆-၂-၂၀၂၇ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘာဘာသည် ၁၃-၃-၂၀၀၆ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်သည် လွန်ခဲ့သောနှစ်(၂၀)ခန့်ကလည်းကောင်း အသီးသီးကွယ်လွန်သွားပြီး ၎င်းတို့တွင် မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မွေးစားခြင်းစာချုပ်၊ စာချုပ်အမှတ် (၁၂/၂၀၀၅)ဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သားသမီးဖြစ်သည့် ဒေါ်အေးအေး(ခ)ဒေါ်အေးအေးထွန်းမှ တရားဝင်ပိုင်ဆိုင်ကြောင်း မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၂၁/၂၀၀၆) ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၂၂/၂၀၀၆)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ခဲ့ပြီး ဒေါ်အေးအေး(ခ)ဒေါ်အေးအေးထွန်းမှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၁၀/၂၀၀၆) ဖြင့် ဦးစိန်ဖေအား မြေသက်သက်မေတ္တာဖြင့် ပေးကမ်းခဲ့ပြီး ဦးစိန်ဖေမှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃/၂၀၀၇)ဖြင့် ဒေါ်သိန်းသိန်းအေးအား လျှောက်မြေနှင့်နေအိမ်အား အပြီးအပိုင်ရောင်းချခဲ့သဖြင့် ဒေါ်သိန်းသိန်းအေးအမည်ဖြင့် နှစ်ရှည်မြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့၊ အမှတ်(၂) ရပ်ကွက်နေ ဦးဂျွန် (ဘ/ဦးဂျစ္စဝမ်)၊ ၉/မတရ(နိုင်)၀၉၁၅၉၄ မှ ကွင်းအမှတ် (၂၈၈-က/၂) မတ္တရာမြောက်ကွင်း၊ ဦးပိုင်အမှတ် (၅-၅၅၊ ၅-၅၆)၊ မြေဧရိယာ ၀ဒသမ၁၃၅ ဧကရှိ ဦးဂျွန်အမည်ဖြင့် ၎င်းပိုင်ဆိုင်သည့်မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်လိုသူရှိပါက အထောက်အထားစုံလင်စွာဖြင့် မတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေ၊လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မတ္တရာမြို့နယ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မ အနောက်ရပ်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၀၅၉၀) ဒေါ်မော်မော်ဦး ၉/တကန(နိုင်)၀၀၁၂၅၃ (ဘ)ဦးညီညီ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်လေးမြင့် ၁၂/ဥကတ(နိုင်)၀၈၅၂၄၃ (ဘ)ဦးလွန်းမောင်မှ ပျဉ်းမနားမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၀/၇-၂-၂၀၁၇ တင်ပြ၍ ဒေါ်မေသဇင် ၁၂/ဒဂရ(နိုင်)၀၀၉၁၈၇ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အလိမ္မာ စာမှာရှိ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာနမှ ကထိက ဒေါက်တာနော်ဆဲဂေး၏ မိခင် ဒေါ်နော်အဲမေ အသက် (၈၇)နှစ်သည် ၁-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**
**ပါမောက္ခ/ဌာနမှူးနှင့် ဆရာမများ**
**ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစောခိုင်
### အသက် (၄၄)နှစ်

တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၂)မှ သူငယ်ချင်း ဒေါက်တာစောခိုင် (မြတ်တော်ဝင်ဆေးခန်း)သည် ၃-၁၁-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းအတွက် ရည်စူးပြုလုပ်သော ကုသိုလ်များရရှိပြီး မြင့်မြတ်သော ကောင်းရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

**အမြဲအမှတ်ရနေမည့် သူငယ်ချင်းများ**
**တဆတ စဉ်(၂)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုအောင်ထက်ခိုင်
### အသက် (၂၁)နှစ်

မြန်မာ့ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်၏သားဖြစ်သူ ကိုအောင်ထက်ခိုင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျွန်တော်တို့ National Tower Development Company Limited မိသားစုသည် ကွယ်လွန်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**National Tower Development Company Limited မိသားစု**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၆၅/ဘိုကုန်း၊ ဦးပိုင်အမှတ် ၁၃၄၊ ဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိမြေသည် အခွန်အမှုအတွဲအမှတ် (V) ၈၂/၇၉-၈၀ အရ ဦးငွေခိုင်အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ရရှိထားပြီး၊ ဂရန်သက်တမ်း မှာ ၃၁-၇-၂၀၀၉ ရက်တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ မူလဂရန်အမည်ပေါက်သူ ဦးငွေခိုင်မှ ဒေါ်မြင့်မြင့်ကြည် သို့လည်းကောင်း၊ ဒေါ်မြင့်မြင့်ကြည်ထံမှ ဦးပြည့်ဖြိုးအောင်၊ ဒေါ်နှင်းနှင်းယုတို့(၂)ဦးသို့လည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ဒေါ်မြင့်မြင့်ကြည်မှ လျှောက်ထားသည့်လျှောက်မြေအတွက် တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တောင်းဆိုခဲ့ရာ ငြင်းဆန်သဖြင့်လျှောက်ထားသူမှ မော်လမြိုင်ခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၆၆/၂၀၂၀ ဖြင့် တရားစွဲဆိုခဲ့ရာ လျှောက်ထားသူမှ လက်ရှိပိုင်ဆိုင်ကြောင်း မြွက်ဟအနိုင်ဒီကရီရရှိခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၂၈၈/၂၀၂၀)ဖြင့် မှတ်ပုံတင်ပြီး၎င်းတို့အမည်ဖြင့် တရားဝင်ပိုင်ဆိုင်လာ၍ လျှောက်မြေအား ဦးပြည့်ဖြိုးအောင်ပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားရခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၆၅၆-က) အောင်ချမ်းသာကွင်း၊ ဦးပိုင်အမှတ် (၅၄)၊ ဧရိယာ ၀ ဒသမ ၅၀ ဧက အကျယ်အဝန်းရှိသော ဦးမြင့်သိန်းဦးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသော ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးနန္ဒာခင်(ဘ)ဦးမောင်မောင်ခင် ၉/မနမ(နိုင်)၁၁၁၈၅၃ (၂)ဒေါ်မေမြင့်မြတ်မောင် (ဘ)ဦးကျော်ဝင်း ၉/စကတ(နိုင်)၀၈၇၄၄၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ စဉ်-၇၉၃၃)**
**Office အမှတ် (၁၈၉)၊ လမ်း ၈၀၊ ၁၉/၂၀ ကြား၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**
**ladylawyer. Khinninisoe@gmail.com**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီ မရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-
(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းစန်း

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၆လမ်း၊ အမှတ် (၆၉၈-က)၊ ကံဂေဟာနေ ဒေါက်တာဆန်းလင်း(ပါမောက္ခ/ဌာနမှူး၊ စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)-ဒေါ်ဝါဝါဝင်းတို့၏မိခင်ကြီးသည် ၂-၁၁-၂၀၂၀ ရက်(တနင်္လာနေ့)နံနက် ၁၁:၁၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းစန်း

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၆လမ်း၊ အမှတ် (၆၉၈-က)၊ ကံဂေဟာနေ ဒေါက်တာဆန်းလင်း(ပါမောက္ခ/ဌာနမှူး၊ စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)-ဒေါ်ဝါဝါဝင်းတို့၏မိခင်ကြီးသည် ၂-၁၁-၂၀၂၀ ရက်(တနင်္လာနေ့)နံနက် ၁၁:၁၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **စိတ်ကျန်းမာပညာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဦးဝင်းနွယ်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ် ၄၉နေ (ဦးမြဒင်-ဒေါ်သိန်းရှင်)တို့၏သား၊ ဒေါ်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်ကြည် တို့၏ အစ်ကို၊ ဒေါက်တာဒေါ်သန္တာဝင်းနွယ်၊ ဦးဇော်ဝင်း-ဒေါ်စန္ဒာဝင်း နွယ်၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏ ဖခင်၊ ကိုကျော်စွာ-မကေခိုင်ထွန်း၊ မောင်စောခိုင်ထွန်း-မဖြူနှင်းအိတို့၏ဦးလေး၊ မဆုပြည့်ပြည့်ထက်၊ မမေဖူးပြည့်စုံ ၊မဖြူစင်ဝင်းထက်တို့၏ အဘိုးသည် ၄-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉:၄၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သွင်သွင်အောင်

**အထက်တန်းစာရေး(ငြိမ်း)**

**တိုင်း(၇)၊စက်မှု မြန်မာ့မီးရထား**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၁၇နေ (ဦးအောင်သိန်း-ဒေါ်တင်)တို့၏ သမီး၊ (ဦးသိန်းမောင်-ဒေါ်နှင်းစိန်)တို့၏သမီးချွေးမ၊ (ဦးတင့်လွင်၊ ရုံးအုပ်ကြီး၊ ငြိမ်း၊ တိုင်း-၇၊ စက်မှု၊ မြန်မာ့မီးရထား)၏ဇနီး၊ (ဦးအင်ဟုတ်) -ဒေါ်ခင်ဝင်းအေး၊ ဦးလှအေး (လ/ထ ညွှန်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဦးဟန်ထွန်း-ဒေါ်သန်းသန်းဝင်း၊ (ဦးကျော်ထွန်း) ဒေါ်အေးမိုတို့၏ညီမ၊ ဦးမြင့်စန်း-ဒေါ်ခင်ဆွေသန်း(ဆေးဝါးကျွမ်းကျင်၊ ငြိမ်း)၊ ဒေါ်မြမြလေး၊(ဦးခင်မောင်ဌေး) ဒေါ်သိန်းလှ၊ (ဦးမြင့်ကျော်-ဒေါ်ခင်မေမေကြည်)တို့၏အစ်မ၊ မဝင့်ဝင့်ဖြူ(Guide Teacher)၊ မောင်ရဲမင်းလွင်(Myanmar Golden Rock International Co.,Ltd)၊ မအေးအေးထွန်း(Yoma Bank မြောက်ဒဂုံ)တို့၏မိခင်၊ တူ၊တူမ ၁၇ယောက်တို့၏ အဒေါ်သည် ၁-၁၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစည်သူအေးအောင်

**(Chairman Asia Hi-Tech Construction Group Co.,Ltd.)**

**အသက် (၄၀)**

ရန်ကုန်မြို့၊ မွန်မြတ်မေတ္တာအိမ်ရာနေ ဒုတိယဗိုလ်ချုပ်ကြီး သာအေး(ငြိမ်း)၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်(ငြိမ်း)-ဒေါ်ဝေဝေခိုင် တို့၏သား၊ နေပြည်တော်ဥတ္တရသီရိမြို့နယ်နေ ဦးကြည်သာ (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ HPGE)-ဒေါ်မာမာအေးတို့၏ သမက်၊ မသန္တာအေးအောင်၊ မမေခိုင်စိုးတို့၏အစ်ကို၊ မဟေမာန်ကြည်သာ၏ခင်ပွန်း၊ မရွှေလဝန်းသာ၊ မောင်ဟိန်းထက်အောင်သာ (အိုင်ဗင်)တို့၏ ဖခင်သည် ၂-၁၁-၂၀၂၀ရက် နံနက် ၄ နာရီတွင် တပ်မတော်အသဲရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

**အထူးကျေးဇူးတင်ရှိကြောင်း**

## ဦးစည်သူအေးအောင်

**Chairman Asia Hi-Tech Construction Group Co.,Ltd**

**အသက်(၄၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်း ကွန်ဒိုနေ မဟေမာန်ကြည်သာ၏ခင်ပွန်း၊ ဗိုလ်ချုပ်မျိုးမိုးအောင်-ဒေါ်ပန်းအိဖြူသာ၊ ဦးထင်လင်းသာ ၊ Yoma Power Co.,Ltd -ဒေါ်ယဉ်ယဉ်အောင်တို့၏ညီငယ်၊ မရွှေလဝန်းသာ၊ မောင်ဟိန်းထက်အောင်သာ(အိုင်ဗင်)တို့၏ဖခင်၊ မောင်သာထက်စံ(ကိုရီးယားနိုင်ငံ Hanyang University )၊ မောင်သာမျိုးလွင် JMASVTI ၊ မရွှေလမင်းသာ၊ မောင်ထင်အောင်လင်း၊ မလေပြေဦးတို့၏ဦးလေး ဦးစည်သူအေးအောင်သည် ၂-၁၁-၂၀၂၀ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် နာမကျန်းဖြစ်စဉ် ဂရုစိုက်ကုသပေးပါသော တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးမှ ဝန်ထမ်းများ၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)မှ ဝန်ထမ်းများ၊ နာရေးကိစ္စအဝဝအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ကူညီပေးကြပါသော ပုဂ္ဂိုလ်များ၊ ရပ်နီးရပ်ဝေးမှ အားပေးစကားနှင့် ဆုတောင်းပေးကြသော မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခိုင်စောမေ

**အသက်(၈၈)နှစ်**

စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်၊ သတ္တဌာနလမ်း၊ အမှတ် ရမ(၁)-၇ နေ (ဦးရွှေကျော်)၏ဇနီး၊ (ဦးရွှေစော)၊ ဦးလှမောင်၊ (ဦး မောင်ကျော်)တို့၏ ညီမ/အစ်မ၊ ဦးလှရွှေ-ဒေါ်ဦးခင်မေ-ဦးစောရွှေ-ဒေါ်ခင်ညွန့်-ဦးစောလှရွှေ-ဒေါ်လှပယေ-ဦးအောင်သန်း-ဦးလှမောင်-ဒေါ်မလှသိန်းတို့၏ မိခင်၊ မြေး ၁၉ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၃-၁၁-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၇:၁၅နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆေးရုံ ရင်ခေါင်းအထူးကုဌာန၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ရက် (သောကြာနေ့) ညနေ ၃နာရီတွင် အာကျိပ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ထွေး

**ကျောင်းဆရာမကြီး(ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အမှတ် ၃၁၂နေ ဦးဘဘီ-ဒေါ်လုံးတို့၏ သမီး၊ ဦးဖေအောင်၏ဇနီး၊ ဒေါ်ကလျာအောင် (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ မန္တလေး)၊ ဦးဇေယျာအောင် (Golden Eagle Shipping Co.,Ltd)၊ ဒေါ်သိင်္ဂီအောင်(မြန်မာ့အာမခံလုပ်ငန်း)၊ ဦးအောင်သူရ၊ ဦးပြင်စည်အောင်၊ ဒေါ်ယမင်းအောင် (ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း) ကြည့်မြင်တိုင်တို့၏ မိခင်၊ မြေး နှစ်ယောက်တို့၏ အဘွားသည် ၄-၁၁-၂၀၂၀ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးတင့်လွင်

**ရုံးအုပ်ကြီး(ငြိမ်း)**

**တိုင်း (၇) စက်မှု၊ မြန်မာ့မီးရထား**

**မြန်မာ့မီးရထားအငြိမ်းစားများအသင်း တွဲဖက်အတွင်းရေးမှူး-၂**

**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၃၅ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် (၁၁၇)နေ (ဦးသိန်းမောင်-ဒေါ်နှင်းစိန်)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်တင်)တို့၏သားသမက် (ဒေါ်သွင်သွင်အောင်၊ အထက်တန်းစာရေး-ငြိမ်း၊ တိုင်း (၇)စက်မှု၊ မြန်မာ့မီးရထား) ၏ခင်ပွန်း၊ (ဦးအင်ဟုတ်)၊ ဒေါ်ခင်ဝင်းအေး၊ ဦးလှအေး (လ/ထညွှန်မှူး-ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး၊ ဦးဟန်ထွန်း-ဒေါ်သန်းသန်းဝင်း၊ (ဦးကျော်ထွန်း)၊ ဒေါ်အေးမိုတို့၏ညီမောင်၊ ဦးမြင့်စန်း-ဒေါ်ခင်ဆွေသန်း၊ ဆေးဝါးကျွမ်းကျင်(ငြိမ်း)၊ ဒေါ်မြမြလေး၊ (ဦးခင်မောင်ဌေး)၊ ဒေါ်သိန်းလှ၊ (ဦးမြင့်ကျော်-ဒေါ်ခင်မေမေကြည်)တို့၏အစ်ကို၊ မဝင့်ဝင့်ဖြူ (Guide Teacher)၊ မောင်ရဲမင်းလွင် (Myanmar Golden Rock International Co.,Ltd.) မအေးအေးထွန်း (Yoma Bank မြောက်ဒဂုံ)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ တူ၊တူမ ၁၇ ယောက်တို့၏ဦးလေးသည် ၂၀-၁၀-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်ဝေ(ခ)ဒေါ်ဖြူဝင်းရီ

**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၄ လမ်း၊ အိမ်အမှတ် (၄၆/ခ) မြေညီထပ်နေ (ဦးတင်မောင်ရီ-ဒေါ်ခင်လှ)တို့၏ သမီးငယ်၊ ဦးကျော်ကျော်မြင့်၏ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်လင်းတို့၏ညီမ၊ (ဦးဇော်မင်း)၊ (ဦးဝင်းဇော်)၊ ဦးမိုးဇော်၊ (ဦးသန်းဇော်)၊ ဦးမျိုးဇော်၊ ဒေါ်အေးသီတာထွေး တို့၏ အစ်မ၊ ကိုစိုးမင်း-မကျော်သန္တာဦး၊ မောင်နေလင်း၊ ကိုမျိုးသီဟကို-မသဉ္ဇာကျော် တို့၏ ကျေးဇူးရှင်မိခင်၊ ဘုန်းသစ်ထွန်း၊ ဘုန်းမြတ်လင်းတို့၏အဘွားသည် ၃-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆:၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်ခင်မောင်ညို(ငြိမ်း)

**တဗဇ (၁၅)**

**ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်အဝေးပြေးယာဉ်လိုင်း**

**အသက် (၅၅)နှစ်**

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ် (၅၁)နေ (ဗိုလ်ကြီးမောင်ကို၊ ငြိမ်း)-ဒေါ်တင်တင်အေးတို့၏သား၊ ဒေါ်ရွှေရွှေဝင်း၏ခင်ပွန်း၊ မခင်နွေးနွေးရွှေ၊ မောင်စစ်ပိုင်ထွေး၊ ဗိုလ်အောင်ကိုကိုတို့၏ဖခင်သည် ၁-၁၁-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် တပ်မတော် အသည်းရောဂါအထူးကုဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်၍ အုတ်ဂူသွင်းပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ခင်မောင်ညို(ငြိမ်း)

**အသက် (၅၅)နှစ်**

အလုပ်သင်ဗိုလ်-ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)မှ ပြန်တမ်းဝင်အမှတ် ကြည်း-၂၁၀၃၂၊ ဗိုလ်ခင်မောင်ညို(ငြိမ်း) သည် ၁-၁၁-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**တဗဇ-(၁၅) မှ သူငယ်ချင်းများနှင့်မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းစန်း

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ (၁၆)လမ်း၊ အမှတ် (၆၉၈-က) ကံဂေဟာနေ (ဦးရည်မှန်-ဒေါ်မြိုင်)တို့၏သမီး၊ (မီးပုံးပျံဦးကျော်ရင်-ဒေါ်မမ)တို့၏သမီးချွေးမ၊ (ကာတွန်းဦးကျော်ဆန်း၊ ကဆ၊ မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်၊ စတုတ္ထပတ်ဗိုလ်သင်တန်း-မင်္ဂလာဒုံ)၏ဇနီး၊ (ဒေါ်သိန်းတင်)၊ (ဦးဖေလွင်-ဒေါ်သိန်းရှင်)၊ (ဦးကေဒင်-ဒေါ်ဟန်ကြည်)၊ (ဦးကျော်မင်း-ဒေါ်ခင်စော-ဒေါ်သန်းကြည်)၊ (ဦးကျော်လင်း-ဒေါ်အေးတင်-ဒေါ်သန်းညွန့်)၊ (ဦးဖေ-ဒေါ်ရှိန်ရှိန်)၊ (ဦးထွန်းအောင်-ဒေါ်စိန်စိန်)၊ (ဦးကြည်ရှိန်-ဒေါ်အေးအေး)၊ (ဦးသက်တင်-ဒေါ်မြင့်မြင့်)၊ (ဦးထွန်းကြိုင်-ဒေါ်ခင်ခင်စု) တို့၏ညီမ၊ (ဦးကြည်သျှန်)-ဒေါ်သန်းစိန်၊ (ဦးလှတင်သိန်း-ဒေါ်စန်းစန်း)တို့၏အစ်မကြီးသည် ၂-၁၁-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၁၁:၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ မိခင်ကြီး၏ဂုဏ်ကျေးဇူးကိုရည်မှန်း၍ ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအမျိုးမျိုး၊ ဒါတပ္ပဝတ္ထုအစုစုတို့ကို လှူဒါန်းပြီးဖြစ်ပါ၍ သာဓုအနုမောဒနာ ခေါ်ဆိုကြပါရန် အမျှပေးဝေပါသည်။

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ရွှေနဒီပရဟိတ ဘုန်းတော်ကြီးသင်**

**ပညာရေးကျောင်းတည်ထောင်သူ**

## ဦးစိုးသိမ်း

**သီရိသုဓမ္မ မဏိဇောတဓရ**

**(ကျောက်ပန်းတောင်းမြို့)**

**အသက် (၉၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ (၇)လမ်း၊ အမှတ် (၆၂၊ ၆၃)နေ ဒေါ်ဆင်နု (သီရိသုဓမ္မသိင်္ဂီ)၏ ချစ်လှစွာသောခင်ပွန်း၊ ရွှေနဒီမိသားစု၏ အနန္တဂုဏ်အင်ကျေးဇူးရှင်ကြီးဖြစ်သော ဦးစိုးသိမ်းသည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၂၇ နာရီတွင် ရန်ကုန်မြို့ ကန်သာယာအထူးကုဆေးရုံကြီး၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သောမိသားစုနှင့် ထပ်တူ ထပ်မျှ နှလုံးစိတ်ဝမ်းကြေကွဲဝမ်းနည်းရပါသည်။

**ဂမုန်းပွင့်မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစည်သူအေးအောင်

**(Chairman Asia Hi-Tech Construction Group Co.,Ltd)**

**ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း**

**ကျောင်းသားဟောင်း**

**အသက်(၄၀)**

ရန်ကုန်မြို့၊ မွန်မြတ်မေတ္တာအိမ်ရာနေ ဒုတိယဗိုလ်ချုပ်ကြီးသာအေး(ငြိမ်း) စစ်ကိုင်းတိုင်းဝန်ကြီးချုပ်(ငြိမ်း)-ဒေါ်ဝေဝေခိုင်တို့၏သား၊ မဟေမာန်ကြည်သာ၏ခင်ပွန်း၊ မရွှေလဝန်းသာ၊ မောင်ဟိန်းထက်အောင်သာ တို့၏ဖခင်သည် ၂-၁၁-၂၀၂၀ ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ကျော်စော-ဒေါ်မေမျိုးမြတ်**
**စာပန်းအိမ် ကပက မှ ဆရာ၊ ဆရာမများ**
**စာပန်းအိမ် ကပက ကျောင်းသူ/ကျောင်းသားများ**
**ဝန်ထမ်းများ၊ ပြင်ဦးလွင်မြို့**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဆရာမ ဒေါ်အေးအေးမူ(သန်လျင်)

**အမက(ဖို့မြေ)**

**အသက်(၅၆)နှစ်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် ၁၀ နေ (ဦးအေး)-ဒေါ်သိန်းရီတို့၏ ဒုတိယသမီး၊ ဒေါ်အေးအေးကြူ၏ ညီမ၊ ဦးကျော်ဌေးဝင်း၊ ဒေါ်စန်းစန်းအေးတို့၏အစ်မသည် ၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**နိုင်ငံ့အဝန်း**
**သစ်တော**
**စွမ်းဖြင့်**
**စိမ်းလန်း**
**စေရမည်**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၃၆ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၉၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၁,၁၃၆)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၄-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၇၂) ခု | (၄၀၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၄၇၆) ခု | (၅၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၅၂) ခု | (၅၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၅၃၉) ခု | (၁၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၈၅) ခု | (၁၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၈) ခု | (၃၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃၃) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၈) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၉၇) ခု | (၂၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၉၈၉) ခု | (၂၇၂) ဦး |
| **စုစုပေါင်း** | (၁၄,၉၅၅) ခု | (၁,၁၃၆) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ◆

## ပြည်သူ့ရှေ့ဆောင်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်သူ့ရှေ့ဆောင်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုဝင်ဘာ ၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

## အမေရိကန်မှ ကလေးစုစုပေါင်း ၈၅၀၀၀၀ ကျော်တွင် ကိုဗစ်- ၁၉ ကူးစက်ခံရကြောင်း တွေ့ရှိ

နိုင်ငံတကာသတင်း စာ ➤ ၁၂

## ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက် ဖျက်သိမ်းရေးအပေါ် သက်ရောက်လာဦးမယ့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ

နိုင်ငံတကာရေးရာ စာ ➤ ၁၄



## ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ နေထိုင်စေရေးအတွက် ကမာရွတ်မြို့နယ် လှည်းတန်းဈေးရှေ့တွင် အသိပညာပေးလှုပ်ရှားမှုများပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားဆဲကာလတွင် ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ နေထိုင်စေရေးအတွက် အမှတ်(၃၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် လှည်းတန်းဈေးရှေ့ လှည်းတန်းလမ်းမပေါ်တွင် အသိပညာပေးလှုပ်ရှားမှုများ ပြုလုပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကမာရွတ်မြို့နယ် လှည်းတန်းဈေးရှေ့ လှည်းတန်းလမ်းမပေါ်တွင် ယနေ့နံနက် ၁၀ နာရီက အမှတ်(၃၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး ရဲထွန်းအောင် *စာမျက်နှာ ၈ ကော်လံ ၁* ❄

## ပထမဆုံးအကြိမ် PUBG Mobile Myanmar မှ Creator Challenge ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ပထမဆုံးအကြိမ် PUBG Mobile Myanmar မှ Creator Challenge ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ PUBG Mobile မှ နိုဝင်ဘာ ၅ ရက်မှ စတင်ကာ နာမည်ကြီး Streamer များနှင့်အတူ အနုပညာရှင်များဖြစ်ကြသည့် ကယ်လ်ဗင်ကိတ်၊ မြတ်အမရာမောင်နှင့် Fool Ever Young မှ Jake Hub တို့ ပါဝင်ယှဉ်ပြိုင်ကစားမည့် The Creator Challenge ကို သုံးပတ်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ ၁၄ သင်းမှာ နာမည်ကြီး Streamer များပါဝင်သည့် အသင်းများဖြစ်ပြီး ကျန်နှစ်သင်းမှာ တိုက်ရိုက်ဖိတ်ခေါ်ထားသည့် *စာမျက်နှာ ၂၃ ကော်လံ ၁* ❖

## လူဒိုဂိုရက်စ်နှင့် စပါးအသင်းတို့ ဆုံတွေ့နေသည့် ယူရိုပါလိဂ် ပွဲစဉ် (၃) ယနေ့နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၃) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထိုပွဲစဉ်များအနက် အင်္ဂလန်ကိုယ်စားပြုကလပ်အသင်းတစ်သင်းဖြစ်သည့် စပါးအသင်းသည် နံနက် ၁၂ နာရီ ၂၅ မိနစ်တွင် ဘူလ်ဂေးရီးယားကိုယ်စားပြုကလပ် လူဒိုဂိုရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စပါးအသင်းနှင့် လူဒိုဂိုရက်စ်အသင်းတို့သည် LASK ၊ အန့်ဝပ်အသင်းတို့နှင့်အတူ ယူရိုပါလိဂ်အုပ်စုအဆင့် အုပ်စု (J) တွင် ကျရောက်နေသည်။ အန့်ဝပ်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စု (J) ၏ အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိနေသည်။ ဒုတိယနေရာတွင် စပါးအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်သုံးမှတ်ဖြင့် ရပ်တည်နေသည်။ ယနေ့နံနက်ပိုင်းတွင် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် လူဒိုဂိုရက်စ်အသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးရှုံးနိမ့်ထားသည့်အတွက် ရမှတ်မရရှိသေးဘဲ အမှတ်ပေးဇယား အောက်ဆုံးနေရာတွင် ရပ်တည်နေသည်။

စပါးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ဘာရိုက်တန်အသင်းနှင့် ပရီမီယာလိဂ်ပွဲစဉ်(၇)ကို ကစားထားပြီး ဟယ်ရီကိန်း၊ ဂါရက်ဘေးလ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် စပါးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲကစားပြီးချိန်တွင် ရမှတ် ၁၄ မှတ်အထိ စုဆောင်းထားနိုင်ပြီး အဆင့် (၃) နေရာတွင် *စာမျက်နှာ ၂၃ ကော်လံ ၅* ●